# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၁၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် ဗာတီကန်မြို့ပြနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ဒေါ်ရိုလ်သေ ရားနက်ထ်စခဲ-ဗန်ဆဲလ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပေါလ် ချန် အင်-နမ်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၆* ✻



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စ ဒေါ်ရိုလ်သေ ရားနက်ထ်စခဲ-ဗန်ဆဲလ်အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ထိထိရောက်ရောက်ပေးအပ်နိုင်ရေး ဦးစားပေးလုပ်ငန်းများချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လုံခြုံရေးအခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ကလေးသူငယ်နှင့် လူငယ်လူရွယ် အကြောင်းအရာစာတမ်းထုတ်ပြန်**

စာ ၁၁

**အိုင်အက်စ်အဖွဲ့ သိမ်းပိုက်ခဲ့သည့် ဟာဝီဂျာဒေသကို အီရတ်အစိုးရအဖွဲ့က အပြီးအပိုင်ပြန်လည်ရယူနိုင်ခဲ့**

စာ ၁၄





မြန်မာ့အလင်း

# လူသားနှင့် ဘာသာတရား

မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကို အာကာသတစ်နေရာမှ ကြည့်မည်ဆိုပါက လွန်စွာလှပသော ဂြိုဟ်ပြာကြီးတစ်လုံးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ စကြဝဠာအတွင်း ကမ္ဘာကြီးဖြစ်ပေါ်လာသည့် သက်တမ်းနှင့်ယှဉ်လျှင် ကမ္ဘာဂြိုဟ်ပေါ်၌ လူသားတို့အစတည်ဖြစ်ပေါ်လာသည့် သက်တမ်းက မကြာလှသေး။ ထိုနည်းတူစွာ လူသားတို့၏ဖြစ်တည်မှု အဆင့်ဆင့် ပြောင်းလဲကာ ယဉ်ကျေးသည့် အဆင့်တစ်ခုဆီသို့ ရောက်ရှိလာခဲ့သည်မှာလည်း ပို၍ပင်မကြာလှသေး။ ယနေ့ခေတ်လူသားတို့ ယုံကြည်ကိုးကွယ်နေကြသည့် ကမ္ဘာ့ဘာသာတရားကြီးများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်မှာလည်း လွန်ခဲ့သည့် ထောင်စုနှစ် နှစ်ခု၊ သုံးခု၊ လေးခုခန့်ကသာဖြစ်ရာ ကမ္ဘာကြီး၏သက်တမ်း၊ လူသားတို့၏ ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှု သက်တမ်းများနှင့်ယှဉ်လျှင် ဘာမှမကြာလှသေးဟုပင် ဆိုရမည်ဖြစ်သည်။

ဘာသာတရားများကို လူသားတို့ ကိုးကွယ်ယုံကြည်ကြခြင်း၏ အဓိက အကြောင်းရင်းမှာ ပစ္စုပ္ပန်ရှင်သန်နေဆဲကာလနှင့် သေလွန်ပြီးနောက် တမလွန်ကာလ အကျိုးစီးပွားတို့အတွက် ဖြစ်ကြသည်။ ဘာသာတရား အသီးသီးတို့၏ အဆုံးအမသြဝါဒများ၊ ကျင့်စဉ်များနှင့် အန္တိမပန်းတိုင်တို့ မတူကွဲပြားကြစေကာမူ ပစ္စုပ္ပန်ဘဝတွင် လူသားအချင်းချင်း အပြန်အလှန် ဆက်ဆံရေး၊ မိသားစုဘဝများ သာယာချမ်းမြေ့ရေး၊ လူ့အသိုက်အဝန်းအတွင်း လူမှုတာဝန်များ ဖြည့်ဆည်းကာ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး၊ ပဋိပက္ခများ မဖြစ်ပွားအောင် ရှောင်ရှားနိုင်ရေးတို့ကို ဆုံးမလမ်းညွှန်ကြပြီး ပစ္စုပ္ပန်ကာလတွင် မိမိတို့၏ နေထိုင်ကျင့်ကြံပြုမူမှုများက တမလွန်ဘဝတွင် ကောင်းမွန်ရေး၊ မကောင်းမွန်ရေးတို့အပေါ် ရောင်ပြန်ဟပ်နိုင်ကြောင်း ဆုံးမလမ်းညွှန်ထားကြရာ ယင်းတို့မှာ ဘာသာတရားတို့၏ အခြေခံကျင့်ဝတ်များပင်ဖြစ်ကြသည်။

မျက်မှောက်ကမ္ဘာကြီး၏ နေ့စဉ်လူသားတို့ဘဝများတွင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများ၊ တိုက်ခိုက်သတ်ဖြတ်မှုများ၊ အနိုင်ကျင့်မှု၊ နှိပ်စက်မှုများ၊ မုန်းတီးမှုများ စသည့်ဖြစ်စဉ်ဖြစ်ရပ်များမှာ မြေကမ္ဘာ၏ တစ်နေရာမဟုတ် တစ်နေရာ၌ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဆိုခဲ့ပါဖြစ်စဉ်များဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းတရားသည် မည်သူ့ကြောင့် ဖြစ်ရသည်၊ မည်သည့်အတွက်ကြောင့် ဖြစ်ရသည် စသည်ဖြင့် ဆိုကြစေကာမူ တကယ့်အခြေခံအကြောင်းတရား စစ်စစ်မှာမူ လိုချင်တပ်မက်ခြင်းဟူသော လောဘ၊ လိုတိုင်းမရ ထင်တိုင်းမဖြစ်သည့် အပေါ်တွင် ထွက်ပေါ်လာသည့် အမျက်ဒေါသ၊ အမှန်ကို မသိခြင်းဟူသော မောဟတို့ကသာ အရင်းခံဖြစ်ပြီး ယင်းအခြေခံအကြောင်းတရားသုံးရပ် တို့မချုပ်ငြိမ်းသေးသမျှ ကမ္ဘာမြေပေါ်တွင် ပဋိပက္ခမီးလျှံ၊ အမုန်းမီးလျှံ၊ စစ်မီးလျှံသို့ တောက်လောင်နေဦးမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသားတို့၏ သန္တာန်တွင် အလိုရမ္မက်မီး၊ အမျက်ဒေါသမီးနှင့် မောဟမီး တို့ ချုပ်ငြိမ်းမှသာ လူသားကမ္ဘာ ငြိမ်းချမ်းသာယာမည်ဖြစ်သည်။

လူသားတို့၏ ပစ္စုပ္ပန်နှင့် တမလွန်နှစ်ဖြာသော ဘဝတို့တွင် ကောင်းမွန်ရေးအတွက် မိမိတို့ယုံကြည်ရာ ဘာသာတရားအသီးသီးတို့ကို ကိုးကွယ်ယုံကြည်ရာတွင် မတူကွဲပြားမှုများအကြား ပဋိပက္ခများဖြစ်ပေါ်မှုကို ရှောင်ရှားကြရမည်ဖြစ်သည်။ ဘာသာတရားတို့ကို ကိုးကွယ်ယုံကြည်ကြခြင်း၏ အနှစ်သာရများဖြစ်သော လူမှုအသိုက်အဝန်းများအကြား ငြိမ်းချမ်းစွာ အတူနေထိုင်ခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်း၊ အပြန်အလှန် လေးစားမှုရှိခြင်း၊ လူမှုတာဝန်များကို အတူတကွ ဖြည့်ကျင့်ကြခြင်း၊ ခွင့်လွှတ်သည်းခံခြင်းတို့ဖြင့် မိမိတို့ ရှင်သန်ဆဲလူ့ဘောင်ဘဝ သာယာလှပရေးကို ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကအားဖြင့်မူ လောကကို စောင့်ရှောက်သော အကျင့်တရားများဖြစ်ကြသည့် အမျက်ဒေါသမရှိသည့် မေတ္တာကိုလည်းကောင်း၊ မိမိအောက်နိမ့်သူ၊ ငယ်သူ၊ အားနည်းသူတို့အပေါ် သနားကြင်နာခြင်း ကရုဏာကိုလည်းကောင်း၊ မိမိထက် မြင့်သူ၊ မြတ်သူ၊ အင်အားကြီးသူတို့အပေါ် ဝမ်းမြောက်ခြင်း မုဒိတာကိုလည်းကောင်း၊ နိမ့်မြင့်တက်ကျ လောက၏ သဘောနှင့် ဖောက်ပြန်တတ်သည့် သဘာဝတို့အပေါ် တုန်လှုပ်ယိမ်းယိုင်ခြင်းကင်းကာ ခံစားမှုတို့ကို ဖယ်ရှားနိုင်သည့် ဥပေက္ခာကိုလည်းကောင်း ကျင့်သုံး ကြလျက် အပြန်အလှန်အကျိုးပြုကာ နေထိုင်ခြင်းဖြင့်သာ မိမိတို့၏ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်း နိုင်ကြမည်ဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။ ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**




## မုံရွာကလေးစာပေပွဲတော် ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်မှုများစတင်ဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မုံရွာတက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ကလေးစာပေပွဲတော် ကျင်းပမည့် မုံရွာတက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ ပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများ ခင်းကျင်းပြသနိုင်ရန်အတွက် စာအုပ်စင်များနှင့် ဆရာကြီးမင်းသုဝဏ်၏ စာပေမှတ်တမ်း၊ စာအုပ်များနှင့် ဓာတ်ပုံပြခန်းကို တက္ကသိုလ်ခန်းမထဲတွင် ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော် ရက်များအတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးများပျော်ရွှင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ အစရှိသည့် အစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည့်အပြင် စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း(ဗိုလ်မြန်မာ)၊ ဒေါ်မြမြဆွေ (စိတ်ပညာ)၊ ဦးရဲလွင် (ရဲသျှမ်း)၊ ဦးဇော်နောင်ဟိန်း (Guitar)၊ ဒေါက်တာတင်ဝင်းနှင့် ဘာမထီခင်အောင်(ရွှေဘို) တို့က ပွဲတော်ရက်များအတွင်း ဟောပြောသွားမည်ဖြစ်သည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စာဖတ်အကျင့်တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက်ကလေးတို့အတွက်၊ စာဖတ်ခြင်း အကျိုးကျေးဇူး၊ ပြည်သူ့နီတိနှင့် လူငယ်အစိုးရအဖော် ကောင်းပြည်သူ့ကျောင်းစသည့် ခေါင်းစဉ်များဖြင့် ပွဲတော်ရက်များအတွင်း ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် မုံရွာတွင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ တာဝန်ရှိသူများက ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသည့် မိဘပြည်သူများအား စာအုပ်စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင်ပေါင်း ၆၄ ဆိုင်ကို ခင်းကျင်းဖွင့်လှစ်၍ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်းဟန်**

**ဓာတ်ပုံ-သန်းမင်းအောင်**




## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၀/၇၆၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၆ | ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၇ | ・၃၂ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၈၀ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ・၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၁ | ・၃၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



* ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗာတီကန်မြို့ပြနိုင်ငံ သံအမတ်ကြီး မစ္စတာ ပေါလ် ချန် အင်-နမ်အား လက်ခံတွေ့ဆုံစဉ်
(သတင်းစဉ်)

## အမေရိကန်၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်၌ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အရှေ့တောင်အာရှ မဲပေးအုပ်စု ဂါဗာနာများ အစည်းအဝေးများသို့ တက်ရောက်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ညပိုင်းက ရန်ကုန်မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(ယာပုံ)**
**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လွတ်လပ်မှုအခြေခံဖြင့် အမြင်ချင်းဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ် အရေးကိစ္စဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ" ကို အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည်။**(အောက်ပုံ)**



အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ဤသို့အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များက ဘာသာရပ်ခေါင်းစဉ်အသီးသီးတွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စအတွက် အဖြေရှာရာတွင် ပိုမိုပြည့်စုံစွာ သိရှိနားလည်ခွင့်နှင့် အကြံဉာဏ်ကောင်းများ ရရှိရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲပထမပိုင်းအဖြစ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့၏ ရခိုင်ပြည်နယ်တွင် ၂၄-၉-၂၀၁၇ ရက်မှ ၂၉-၉-၂၀၁၇ ရက်အထိ သွားရောက်ကြည့်ရှုလေ့လာ တွေ့ရှိချက်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (ငြိမ်း) ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အတွေ့အကြုံများကို လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)ဦးအောင်လှထွန်းက ရခိုင်ပြည်နယ်အရေးကိစ္စနှင့် သတင်းမီဒီယာ၏ အခန်းကဏ္ဍတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက မေးခွန်းမေးမြန်းခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ ပြုလုပ်ကြသည်။

ဆွေးနွေးပွဲဒုတိယပိုင်းအဖြစ် မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးအပေါ် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဆက်ဆံရေးကို လည်းကောင်း၊ နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အခြားနိုင်ငံများနှင့် ဆက်ဆံရေးကို လည်းကောင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင် ဦးဘလှအေးက မြန်မာနိုင်ငံနှင့် အာဆီယံ/ဥရောပသမဂ္ဂဆက်ဆံရေးကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက မေးခွန်းမေးမြန်းခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ ပြုလုပ်ကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ခြုံငုံသုံးသပ်ဆွေးနွေးကြပြီး အဆိုပါ ဆွေးနွေးသုံးသပ်အကြံပြုချက်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၀-၁၀-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၄-၉-၂၀၁၇ ရက်နေ့မှ ၂၂-၉-၂၀၁၇ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ (၁)ဦး၊ မဂ္ဂဇင်း (၅)ဦး၊ အထွေထွေ (၁၁) ဦး၊ ပေါင်း (၁၇ )ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ (၃)ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၅၉ ဦး၊ ထုတ်ဝေခြင်း လုပ်ငန်း ၂၂၁၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၄ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၅၉ ဦးအား အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

(သတင်းစဉ်)

*ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ထိထိရောက်ရောက် ပေးအပ်နိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ရေရှည်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအနက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ချမှတ်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာကင်းထောက်ဂီတပွဲတော်အတွက် တေးသံရှင်များနှင့် ကင်းထောက်လူငယ်များက တေးသီချင်းများ လေ့ကျင့်သီဆိုအသံသွင်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာကင်းထောက် ရာပြည့်အခမ်းအနားအောင်မြင်မှု အထိမ်းအမှတ် မြန်မာကင်းထောက်ဂီတပွဲတော်တွင် သီဆိုဖျော်ဖြေရန်အတွက် တေးသံရှင်များနှင့် ကင်းထောက်လူငယ်များက တေးသီချင်းများ လေ့ကျင့်သီဆို အသံသွင်းမှုကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ ဟာမိုနီစတူဒီယို၌ ကျင်းပသည်။ **(အောက်ပုံ)**

ကင်းထောက်စိတ်ဓာတ်ကို ဗဟိုပြုကာ ကင်းထောက်လူငယ်များနှင့် ဂီတရုပ်ရှင်အနုပညာရှင်များ စုစည်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်မှုကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားလာရန်အတွက် မြန်မာကင်းထောက် ဂီတပွဲတော်ကို လာမည့် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ ယင်းဂီတပွဲတော်တွင် ဖျော်ဖြေမည့် ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတဦးမြင့်ငွေ ရေးစပ်သီကုံးသည့် "ကင်းထောက်ဂုဏ်ရည်" တေးသီချင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)ဦးမြင့်စိန် ရေးစပ်သီကုံးသည့် "ပြည်သူ့အတွက် အဆင်သင့်" တေးသီချင်း၊ ကမ္ဘာ့ကင်းထောက်သီချင်း "World Song"နှင့် "Messenger of Peace" တေးသီချင်းများကို တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများနှင့်အတူ တေးသံရှင် ခင်မောင်ထူး၊ ဖြိုးပြည့်စုံ၊ ဝိုင်းလမင်းအောင်၊ ယုဇန၊ ဆိုဖီယာ၊ မေသက်ထားဆွေ၊ ဂီတမှူး ပက်ထရစ်နှင့်အဖွဲ့တို့က လေ့ကျင့်သီဆိုအသံသွင်းရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဂီတပွဲတော်ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ကင်းထောက်ကြီး ဦးအေးကြိုင်၊ ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၊ ကင်းထောက်ကြီး ဒေါ်မြင့်မြင့်ကြည်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြန်မာ့အလင်း)**





# ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲ ပဲခူးမြို့၌ကျင်းပ

**ပဲခူး အောက်တိုဘာ ၁၁**

ပဲခူးမြို့ ရွှေသာလျောင်းဘုရားဝင်း သုဝဏ္ဏရွှေဘုံခန်းမ၌ အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီက ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်သူရိယ (ဉဿာသီရိစာသင်တိုက် နာယကချုပ်ဆရာတော်)က သဘာပတိအဖြစ်ဆောင်ရွက်သည်။ ထို့နောက် ဘာသာရေးခေါင်းဆောင်များဖြစ်ကြသော မဟာစေတီကန်ကျောင်းဆရာတော်၊ အောင်ဇေယျာဆရာတော်၊ ဆရာဦးအေးလွင်(အစ္စလာမ်ဘာသာ)၊ Rahal Dav(ဟိန္ဒူဘာသာ)၊ ဖာသာစိန်မြင့်ကြည်(ခရစ်ယာန်ဘာသာ)နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပဲခူးခရိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစောညိုဝင်း၊ ပဲခူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးအောင်ခင်တို့က ငြိမ်းချမ်းရေးဆီမီးထွန်းညှိကြပြီး သဘာပတိဆရာတော်က ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်က ဆုတောင်းပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဗုဒ္ဓဘာသာမှ မဟာစေတီကန်ကျောင်း နာယကချုပ် အရှင်ဥက္ကံသ၊ အစ္စလာမ်ဘာသာမှ ဓမ္မကထိက အလ်ဟာဂျ်ခလီဖွာ ဆရာဦးအေးလွင်(Msc)(ဦးဆောင်ဆော်ဩရေးမှူး၊ အစ္စလာမ်ဓမ္မပိမာန်၊ ရန်ကုန်မြို့)၊ ခရစ်ယာန်ဘာသာမှ သိက္ခာတော်ရဆရာတော် ဖာသာစိန်မြင့်ကြည်၊ ဟိန္ဒူဘာသာမှ ဓမ္မဆရာတော်၊ ဗုဒ္ဓဘာသာမှ အရှင်သာသနာသိရီ(မြန်မာ-ဂုဏ်ထူး)ဓမ္မာစရိယ၊ အောင်ဇေယျာစာသင်တိုက် နာယကချုပ်ဆရာတော်တို့က ငြိမ်းချမ်းရေးဥယျောဇဉ်ဆုတောင်းအလှည့်ကျ ၁၀ မိနစ်စီပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သီပေါမြို့ သာယာလှပရေး သန့်ရှင်းရေးဆောင်ရွက်

**သီပေါ အောက်တိုဘာ ၁၁** ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကျင်းပပြီး မဟာမြတ်မုနိဘုရားကြီး ပုရိဝုဏ်အတွင်းနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းမှစတင်ကာ လုပ်အားပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦး ကြီးကြပ်သော စည်ပင်သာယာရေးဝန်ထမ်းများ၊ မြတ်မွန်စေတနာ၊ နယ်စည်းမခြားဈေးရပ်ကွက်လူငယ်ပရဟိတအဖွဲ့၊ ကင်းထောက်လူငယ်မောင်မယ်များ၊ မဟာမြတ်မုနိဘုရားကြီး ရှေကြည်တော်ဝတ်အသင်းသားများ စသည့်လုပ်အားပေးပူးပေါင်းအဖွဲ့များသည် အမှိုက်သရိုက်များကို မိမိတို့လုပ်ကွက်အလိုက် စုပေါင်းရှင်းလင်းကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ၊ မြို့နယ်ဥပတ္တမ္ဘကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကာ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော်က လုပ်အားဒါနပြုသူများအား နေ့လယ်စာကျွေးမွေးကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ *ကျောဖုံးမှ*

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ပုံမှန်အစည်းအဝေးကို နှစ်လ တစ်ကြိမ် ကျင်းပခဲ့ကာ ယခင်ကျင်းပခဲ့သည့် စတုတ္ထအကြိမ်အထိ ဆုံးဖြတ်ချက်ပေါင်း (၃၂)ချက် ချမှတ်ခဲ့ရာ (၂၇)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန် (၅)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ရပ်ကို ဖွဲ့ခဲ့ပြီး အဆိုပါလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို အနည်းဆုံး တစ်လ တစ်ကြိမ် ကျင်းပလျက်ရှိရာ (၄၆)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ (၁၀) ကြိမ်မြောက် တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက် စုစုပေါင်း (၁၅၇)ချက်ရှိပြီဖြစ်ပါကြောင်း။

အဆိုပါ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့ခဲ့ရာ ဖြေရှင်းပြန်ကြားချက်စုစုပေါင်း (၁၄၂) ချက်အား သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ဖြေရှင်းပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အစည်းအဝေးများ၌သာမက လက်တွေ့နယ်ပယ်များတွင်ပါ ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း တက်တက်ကြွကြွ ပီပီပြင်ပြင်နှင့် မြန်မြန်ဆန်ဆန် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားရှင်းလင်းမှုများ ပြုလုပ်ပေးလျက်ရှိသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိုက်သင့်သလောက် အောင်မြင်မှုရှိလာသည်ကို တွေ့ရပါကြောင်း၊ အချို့ကိစ္စရပ်များသည် ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ ဖြစ်နေသဖြင့် လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့် ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ (Private - Public Dialogue) များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အချို့ကိစ္စရပ်များတွင်လည်း ဝန်ကြီးဌာနများ၏ ထုတ်ပြန်ကြေညာချက်များကို လုပ်ငန်းရှင်များအပိုင်းမှ မသိရှိဘဲ ထပ်မံတင်ပြနေကြသည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းရှင်များ သိရှိအောင် မကြာခဏထုတ်ပြန်ကြေညာသင့်ပါကြောင်း။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့်အခြေအနေ အစီရင်ခံစာ (Doing Business Report) တွင် အချက် (၁၀)ချက် ပါဝင်ပါကြောင်း၊ အဆိုပါအချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုချင်း အဆင့်တက်လာစေရန်အတွက် တာဝန်ယူထားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း သတ်မှတ်ထားသည့်အဆင့်သို့ ရောက်ရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီး တည်ငြိမ်အေးချမ်းသည့် နေရာဒေသများတွင်သာမက ဖွံ့ဖြိုးမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုမရှိသည့် နေရာဒေသများတွင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အဆိုပါဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဝင်ငွေတိုးကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး ကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အချိုးညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခဲ့ပါကြောင်း။ လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ စီးပွားရေးလုပ်ငန်းရှင်များထံသို့ သွားရောက်၍ ကြုံတွေ့နေရသည့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု အရေးအတွက် ကန့်သတ်ချက်ကြောင့် ပြည်တွင်းရှိ လက်ကျန်ပဲများ ဆက်လက်တင်ပို့နိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးနေသကဲ့သို့ ပြည်တွင်း၌ ပဲစားသုံးမှု ပိုမိုတိုးတက်လာစေရေးအတွက် နည်းလမ်းများကို ရှာဖွေပြီး တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား အလတ်စားလုပ်ငန်းငယ်များ (Small and Medium Enterprises - SMEs) ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံပံ့ပိုးကူညီမြှင့်တင်သွားရန် လိုအပ်ပါကြောင်း၊ အဆိုပါ အသေးစား အလတ်စား လုပ်ငန်းငယ်များမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် မောင်းနှင်အား ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးလုပ်ငန်း (၉၀)ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍဖြစ်၍ လုပ်ငန်းစဉ်များ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍများကို ဝန်ဆောင်မှုများပေးရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် အောင်မြင်နေသည့် နိုင်ငံများကို လေ့လာပြီး ပြုပြင်ပြောင်းလဲသင့်သည့်ကိစ္စရပ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Doing Business ကဏ္ဍ (၁၀)ခုမှ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Ease of Doing Business ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါ်နန္ဒာယဉ်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Scot Alan Marciel အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Telecom International Myanmar Co.,Ltd.(MyTel) ရုံးချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်၏ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး သင်တန်းများဖွင့်လှစ်၍ သူနာပြုနှင့် သားဖွားဆရာမများ မွေးထုတ်ပေးလျက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်၏ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စစ်တွေမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးကာ သူနာပြုနှင့် သားဖွားဆရာမများကို မွေးထုတ်ပေးလျက်ရှိသည်။

သင်တန်းတွင် သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်းနှင့် တွဲဖက်လျက် သားဖွား ဒီပလိုမာ နှစ်နှစ် သင်တန်းများကိုလည်း ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန္ဒာ က ပြောကြားသည်။

"၁၉၆၃ ခုနှစ် ဝန်းကျင်ကတော့ သားဖွားသင်တန်းတစ်ခုတည်း ဖွင့်လှစ်ခဲ့တာပါ။ ၁၉၉၃ ခုနှစ်ကျမှ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းဆိုပြီး တွဲဖက်ဖွင့်လှစ်ခဲ့တာပါ။ ခုလက်ရှိ ၂၀၁၂ ခုနှစ်ကနေပြီး ၂၀၁၇ ခုနှစ် အထိတော့ စာသင်နှစ်တစ်နှစ်ကို ကျောင်းသူ ၇၅ ဦးခန့် သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ရှင်းပြသည်။



စစ်တွေမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသည် ၁၉၉၃ ခုနှစ်က ဆောက်လုပ်ခဲ့သော စာသင်ဆောင်ဖြစ်ပြီး သင်တန်းသူ ၁၅၀ ခန့်သာ တက်ရောက်သင်ကြားနိုင်ခဲ့သော အဆောက်အအုံဖြစ်ခဲ့သည်။ ယခုအခါ သင်တန်းသူအရေအတွက် များပြားလာလျက်ရှိရာ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိသောကြောင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်၍ သုံးထပ်စာသင်ဆောင် ဆောက်လုပ်သွားမည်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသော သူနာပြုနှင့် သားဖွားဆရာမများကို ဆက်လက်သင်ကြား မွေးထုတ်ပေးသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - အောင်ကျော်ဦး**

**ဓာတ်ပုံ - ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနား ကျင်းပမည်

**စစ်တွေ အောက်တိုဘာ ၁၁**

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူးပြီး အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

✿ *ကျောဖုံးမှ*

ဒီဇင်ဘာ ၁၃ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာယူ-၂၃ အသင်းအား ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး လက်ရွေးစင် အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်ကို ဆက်လက်တာဝန်ပေးဖွယ်ရှိနေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်မည်ဟု အကြောင်းပြန်ထားသော်လည်း အသင်းဖွဲ့စည်းမည့် အစီအစဉ်များအား ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် ဥဇဘက်ကစ္စတန်နှင့် မြောက်ကိုရီးယား၊ ထိုင်းနှင့် ဗီယက်နမ်၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဂျပန်နှင့် မြောက်ကိုရီးယား၊ မြန်မာအသင်းနှင့် ဗီယက်နမ်၊ ဒီဇင်ဘာ ၁၃ ရက်တွင် ဥဇဘက်ကစ္စတန်နှင့် ဂျပန်၊ ထိုင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းအားဖွဲ့စည်းပါက လက်ရွေးစင်အသင်းမှ ကစားသမားအများစု ပြန်လည်ပါဝင်လာဖွယ်ရှိနေရာ နိုဝင်ဘာတွင် ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲပြီးဆုံးမှသာ လေ့ကျင့်ပြင်ဆင်နိုင်ဖွယ်ရှိနေသည်။

✱ *ကျောဖုံးမှ*

အလုပ်သမားသံအရာရှိအေဂျင်စီများ၊ စည်းကမ်းထိန်းသိမ်းရေး MOEAF အဖွဲ့၊ AAC မဟာမိတ်အဖွဲ့နှင့် တာဝန်ယူပို့ဆောင်ပေးသည့် အေဂျင်စီတာဝန်ရှိသူများ ပူးပေါင်းကာ လိုက်လံကူညီဖြေရှင်းပေးလျက်ရှိကြောင်း၊ ယခုလက်ရှိအချိန်တွင် နေစရာအခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မြန်မာလုပ်သားများအား AAC အဖွဲ့ ဂေဟာတွင် ခေတ္တကျွေးမွေးစောင့်ရှောက်ထားပြီး သက်ဆိုင်ရာနယ်မြေ အလုပ်သမားရုံးမှ တစ်ဆင့် နစ်နာကြေးများရရှိနိုင်ရေး လိုက်လံကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားအရေးအကူအညီပေးလျက်ရှိသည့် AAC မဟာမိတ်အဖွဲ့၏ ပြောကြားချက်များအရ သိရသည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

သက်ညို

ပြည်ထောင်စုလွှတ်တော်အနေနဲ့ ကော်မရှင်ဖွဲ့စည်းခြင်းဟာ အခြေခံဥပဒေကို ဆန့်ကျင်ရာရောက်တယ်ဆိုပြီး မကြာသေးခင်က အခြေခံဥပဒေခုံရုံးကို တင်သွင်းလွှာပို့တဲ့ ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။

**ကော်မရှင်ဖွဲ့စည်းခွင့်ရှိသလား**

တင်သွင်းလွှာကို စတင်တင်သွင်းသူများက ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၀ တို့ဖြစ်ကြောင်း သတင်းများအရ သိရပါတယ်။

၎င်းတို့ကအခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က ကော်မရှင် ဖွဲ့စည်းခွင့်ရှိကြောင်း အတိအလင်းပြဋ္ဌာန်းတာ၊ အာဏာပေးအပ်ထားတာ မရှိဘူးလို့ ဆိုပါတယ်။ အဲဒီလို အာဏာပေးအပ်ထားတာမရှိဘဲ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေမှာထည့်သွင်းပြဋ္ဌာန်းတာဟာ အခြေခံဥပဒေကို ဆန့်ကျင်ရာရောက်တယ်လို့လည်း ဆိုပါတယ်။

ဥပဒေမှာ အတိအလင်းပြဋ္ဌာန်းချက်မရှိတဲ့ ကိစ္စကို တားမြစ်ထားတာမရှိလို့ ပြုလုပ်နိုင်တယ်လို့ အဓိပ္ပာယ်ကောက်တာပဲဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပေးအပ်ထားတဲ့ အာဏာရှိတယ်လို့ အဓိပ္ပာယ်ကောက်တာပဲ ဖြစ်ဖြစ်၊ လုပ်လို့မရဘူးလို့ တင်သွင်းလွှာတင်သွင်းသူတို့က ဆိုပါတယ်။ ဥပဒေတစ်ရပ်မှာ ပြုလုပ်ခွင့်အာဏာကို အတိအလင်း ပြဋ္ဌာန်းမထားတာဟာ အဲဒီအာဏာကိုမပေးလိုတဲ့သဘောနဲ့ တားမြစ်ထားတာ ဖြစ်တယ်ဆိုပြီး အဓိပ္ပာယ်ကောက်ယူရမယ်လို့ ဆိုပါတယ်။

သူတို့တင်ပြချက်ကတော့ အခြေခံဥပဒေပြင်ဆင်ခြင်း ဖြစ်နေတယ်လို့လည်း ၎င်းတို့က ကောက်ယူတင်ပြထားပါတယ်။

**အခြေခံဥပဒေပြင်ဆင်ခြင်းဖြစ်နေတယ်**

ဒါနဲ့ ပတ်သက်လို့အတည်ပြုလက်ခံထားတဲ့ Legal Maxims မှာ "expressio unius est exclusion alterius" ဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်အဖွဲ့အစည်းဖွဲ့စည်းဖို့ ပြဋ္ဌာန်းချက်မရှိတာဟာ Clear and explicit ဖြစ်တာကြောင့် အဲဒီအချက်ထက်ကျော်လွန်ပြီး အနက်အဓိပ္ပာယ် မကောက်ယူနိုင်ပါဘူးတဲ့။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါရှိတဲ့ပြဋ္ဌာန်းချက်တွေကို ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းစတာတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြစ်တယ်လို့ အဓိကအားဖြင့် လျှောက်လဲတင်ပြထားကြပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ရဲ့လား**

ထို့နောက် သူတို့ရဲ့တင်သွင်းလွှာဟာ ပြည်ထောင်စုလွှတ်တော်မှာကော်မရှင် ဖွဲ့စည်းခြင်းအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်အပေါ်တင်သွင်းတဲ့ တင်သွင်းလွှာမဟုတ်။ အဲဒီလိုလည်း တင်သွင်းခွင့်မရှိကြောင်း၊ ဒါပေမယ့် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းတဲ့ ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း ရှိမရှိဆိုတာကို ခုံရုံးကစိစစ်ပြီး သဘောထားမှတ်ချက်ချမှတ်ပေးဖို့ တင်သွင်းတဲ့ တင်သွင်းလွှာသာ ဖြစ်တယ်လို့ သူတို့က ရှင်းပြပါတယ်။ တင်သွင်းသူရဲ့အဆိုကို ချေပရှင်းလင်းသူကလည်း ပြည်ထောင်စုလွှတ်တော်သည် ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း အကိုးအကားများဖြင့် တင်ပြထားပါတယ်။

**ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့**

ဒါနဲ့ ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားဆောင်ရွက်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်တုံ့ပြန်တာက-

- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်ရာမှာ မူလဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (စ) ကိုပြင်ဆင်ခဲ့ခြင်း မရှိပါ။
- ပုဒ်မ ၂(စ)ပါ ဖော်ပြချက်အရပြည်ထောင်စုလွှတ်တော်မှာ ကော်မတီကို သာမကကော်မရှင်နဲ့ အဖွဲ့တို့ကိုပါ ဖွဲ့စည်းခွင့်ရှိပါတယ်။
- အဲဒီဥပဒေကိုပြင်ဆင်တဲ့ဥပဒေအမှတ် ၂/ ၂၀၁၄ဖြင့် ပုဒ်မ ၇ - ခ နဲ့ ၇ - ဂ တို့ကို ဖြည့်စွက်ပြီး ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့များ ဖွဲ့စည်းခွင့်ပေးထားတာဟာ အခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်း မရှိပါ။
- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၈ အရ ပြည်သူ့လွှတ်တော်က လည်းကောင်း၊ ပုဒ်မ ၁၅၀ အရ အမျိုးသားလွှတ်တော်ကလည်းကောင်း၊ လိုအပ်တဲ့ ကော်မရှင်နဲ့ အဖွဲ့များကိုဖွဲ့စည်းခွင့်ရှိတာဖြစ်လို့ ပုဒ်မ ၇၄ ပါ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းပြီး ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်မှာလည်း အဆိုပါ အဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်အာဏာရှိခြင်းဟာ ထပ်မံဖော်ပြရန် မလိုတဲ့ ရှိရင်းစွဲ အာဏာဖြစ်ပါတယ်။
- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေ (၂/ ၂၀၁၄) ကို မပြဋ္ဌာန်းမီကတည်းက လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရတာတွေကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

**ပြည်သူလူထုရဲ့ ဆန္ဒသဘောထားနဲ့အညီဆိုရင်တောင်မှ ပြင်ဆင်ဖို့ခက်ခဲနေတဲ့ အကျပ်အတည်းများ ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ခါရေးပြီး ပြီးပြီဆိုတဲ့သဘောသက်ရောက်နေတာက အနာဂတ်ကာလကို မျက်ကွယ်ပြုရာ ရောက်ပါတယ်။ ပြည်သူလူထုရဲ့ သဘောဆန္ဒကို ထင်ဟပ်တဲ့ အခြေခံဥပဒေဖြစ်ဖို့လိုပါမယ်**

- ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူရာမှာ အလေးထားအပ်တဲ့ အချက်များနဲ့ စပ်လျဉ်းပြီး ဥပဒေပညာရှင် Bhawani Lai ပြုစုထားတဲ့ Interpretation of Statutes ကျမ်း (၁၉၆၄ ခုနှစ်ပုံနှိပ်ခြင်း) စာမျက်နှာ ၉ မှာ The Constitution must be interpreted in a broad and liberal manner giving effect to all its parts and the presumption should be that no conflict or repugnancy was intended by its framers . (ဖွဲ့စည်းပုံအခြေခံဥပဒေအစိတ်အပိုင်းအားလုံးကို အကောင်းမြင်ဘက်မှ ကျယ်ကျယ်ပြန့်ပြန့်နဲ့ အစွန်းမရောက်ဘဲ သဘောထားကြီးကြီးနဲ့ အဓိပ္ပာယ်ကောက်ယူရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဓိပ္ပာယ်ကောက်ယူပုံ ထင်မြင်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပုံဖော်သူတွေရဲ့ ရည်ရွယ်ချက်ကို မဆန့်ကျင်သင့်ပါ။ ဒါမှမဟုတ် မနှစ်မြို့မှု မဖြစ်စေသင့်ပါ။) ဆိုပြီး သုံးသပ်ဖော်ပြထားတာ ရှိပါတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁၊ ၂ နဲ့ ၃ တို့မှာ အတိအလင်းဖော်ပြမထားတဲ့ ကြွင်းကျန်တဲ့ ကိစ္စရပ်တွေအတွက် ဥပဒေပြုခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၉၈ အရ ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားတာ ဖြစ်လို့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခွင့် အာဏာဟာအမြင့်ဆုံးဖြစ်တယ်ဆိုတာ ထင်ရှားပြီး ဖြစ်လို့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာသာ ကော်မရှင်ဖွဲ့စည်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှာ အဲဒီအခွင့်အာဏာ မရှိပါဆိုတဲ့ သုံးသပ်ချက်ဟာဆီလျော်မှု မရှိပါဆိုပြီး စီရင်ထုံးသုံးလေးခုကို ရည်ညွှန်းကိုးကားကာ လျှောက်လဲတင်ပြခဲ့ပါတယ်။

အဆိုတင်သွင်းသူ ထုချေရှင်းလင်းသူတို့နဲ့ မသက်ဆိုင်ဘဲ ဥပဒေအမြင် သက်သက်ကိုသာ တင်ပြရသော ရုံးတော်သဘောယဖြစ်သည့် ရှေ့နေချုပ်ရုံးရဲ့လျှောက်လဲချက်မှာလည်း မှတ်သားလောက်ပါတယ်။

**ရှေ့နေချုပ်ရုံးရဲ့လျှောက်လဲချက်**

ဒါနဲ့ ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကိုယ်စားလှယ်ရဲ့လျှောက်လဲ တင်ပြချက်ကိုလည်း အခုလို တွေ့ရပါတယ်။ အဲဒီလျှောက်လဲချက်မှာ-

- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၁၁/ ၂၀၁၀ နဲ့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။
- ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအဖွဲ့အစည်းဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းတဲ့ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့တို့ကို ဆိုလိုတယ်လို့ ဖော်ပြထားတာဖြစ်လို့ ပြည်ထောင်စုလွှတ်တော်ဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များလိုပဲ ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခွင့်အာဏာရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။
- တစ်နည်းအားဖြင့်ဆိုရင် ပြည်ထောင်စုလွှတ်တော်ဟာ ကော်မရှင် ဖွဲ့စည်းနိုင်ခွင့်ရှိကြောင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းတဲ့ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှာကတည်းက ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရနိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်ထောင်စုလွှတ်တော်ဟာ ကော်မရှင်ဖွဲ့စည်းခွင့်ရှိကြောင်း မှတ်ယူရမယ့် အခြေအနေမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ)၊ (ဂ) နဲ့ (ဃ) တို့မှာ ပြည်ထောင်စုလွှတ်တော်က ကော်မရှင်ဖွဲ့စည်းခြင်းနဲ့ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်မှာ လွှတ်တော်ဆိုင်ရာလုပ်ငန်းတွေကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းခဲ့တာဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်ခြင်းမရှိလို့ သုံးသပ်ရပါတယ်။

**ကျယ်ပြန့်တဲ့သဘောသက်ရောက်ဖို့**

- အခြေခံဥပဒေရဲ့အဓိပ္ပာယ်သဘောကို ကောက်ယူရာမှာ ကျဉ်းမြောင်းအောင် ကျပ်ကျပ်တည်းတည်း မကောက်ယူဘဲ ကျယ်ပြန့်အောင် ကောက်ယူရမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေများမှာ ပေးအပ်ထားတဲ့ တန်ခိုးအာဏာတွေကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် အဓိပ္ပာယ်ကောက်ယူဖို့လိုပါတယ်။
- ပြည်သူ့အတွက် အကျိုးအများဆုံး ဖြစ်ထွန်းစေနိုင်မယ့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမယ်လို့ ဖြစ်ပါတယ်။
- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနဲ့ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းပြဋ္ဌာန်းချက်မရှိတာကို သွယ်ဝိုက်ပြီး ပေးအပ်ထားတဲ့ အာဏာအဖြစ် အဓိပ္ပာယ်ကောက်ယူပြီး ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပေးထားတဲ့အာဏာကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန်ဆိုတဲ့ အဓိပ္ပာယ်သဘောကောက်ယူပြီး ပြဋ္ဌာန်းထားတာဖြစ်ကြောင်း သုံးသပ်တင်ပြထားတာကို တွေ့ရပါတယ်။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်ခြင်း မရှိကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ဖော်ပြပါ တင်ပြလျှောက်ထားချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မ ၄၅၃၊ ၄၄၁၊ ၄၄၃၊ ၇၇၊ ၃၂၂ (ခ)၊ ၂၉၃ (ဂ) ၉၈ ပါ ပြဋ္ဌာန်းချက်တို့နဲ့အညီ သုံးသပ်ချက်များအရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေအမှတ် ၂) မှာ ပြည်ထောင်စုလွှတ်တော်၌ ကော်မရှင်ဖွဲ့စည်းခြင်းကို ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့် အခြားဆက်စပ်ပုဒ်မများမှာ ကော်မရှင်ဆိုတဲ့ စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်းခြင်းတွေဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း မရှိကြောင်းဆိုပြီး ဆုံးဖြတ်လိုက်တာ တွေ့ရပါတယ်။

**ပလပ်ကြောင်းအမိန့်**

အဲလိုဆုံးဖြတ်လိုက်တာကြောင့် ဗိုလ်မှူးချုပ်မောင်မောင်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၀ ရဲ့ တင်သွင်းလွှာကို ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ အဖွဲ့ဝင် ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းတို့ပါဝင်တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက စက်တင်ဘာလ ၂၁ ရက်နေ့မှာ ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တစ်ဦးနဲ့တစ်ဦးအမြင်ကွဲလွဲစရာတွေ၊ ဆွေးနွေးစရာတွေ အရင်အစိုးရလက်ထက်မှာကတည်းက တွေ့မြင်နေခဲ့ရပြီး အခြေခံဥပဒေခုံရုံးရဲ့ အဆုံးအဖြတ်ကိုရယူခဲ့ရတဲ့ ဖြစ်စဉ်များရှိခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်နှိုက်က အားနည်းချက်များ ပြင်ဆင်ဖို့လိုတာတွေ ရှိနေတာကိုလည်း ယခင် တပ်မတော်အစိုးရလက်ထက်မှာကတည်းက တွေ့ရှိနေခဲ့တာဖြစ်ပါတယ်။

ဒီလိုထဲမှာဥပဒေရဲ့ အခြေခံအကျဆုံး အားနည်းချက်တစ်ခုကတော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဟာ တင်းကျပ်လွန်းပြီး ပြင်ဆင်ရန်ခက်ခဲနေတဲ့ အပိုင်းများဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒသဘောထားနဲ့အညီဆိုရင်တောင်မှ ပြင်ဆင်ဖို့ခက်ခဲနေတဲ့ အကျပ်အတည်းတွေ ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ခါရေးပြီး ပြီးပြီဆိုတဲ့သဘော သက်ရောက်နေတာက အနာဂတ်ကာလကို မျက်ကွယ်ပြုရာရောက်ပါတယ်။ ပြည်သူလူထုရဲ့ သဘောဆန္ဒကို ထင်ဟပ်တဲ့ အခြေခံဥပဒေ ဖြစ်ဖို့ လိုပါမယ်။ ဒါကတော့ အားလုံးစဉ်းစားပြီး နည်းလမ်းရှာဖွေဖို့ လိုအပ်နေဆဲဖြစ်တဲ့အရေးကြီးတဲ့ ပြဿနာတစ်ရပ်လို့ ထင်မြင်မိပါတယ်။

**(နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားရုံးတစ်ရုံး ဖြစ်ပါတယ်။ တရားရုံးကဲ့သို့ပင် အကြောင်းခြင်းရာအား ပြည့်ပြည့်စုံစုံ ကြားနာစစ်ဆေးပြီး ဥပဒေနဲ့အညီ မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်ပါတယ်။ အခြေခံဥပဒေခုံရုံး၏ ဆုံးဖြတ်ချက်သည်တရားမျှတပြီး မှတ်ကျောက်တင်ခံနိုင်ကြောင်း မြန်မာနိုင်ငံပြန်တမ်းတွင် အကျယ်တဝင့်ဖော်ပြကာ ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရပါတယ်။ ပွင့်လင်းမြင်သာမှုနဲ့ အများပြည်သူသိရှိစေလိုသည့်မူအရ ယခုဆောင်းပါးက ဖြည့်စွက်ဖော်ပြခြင်း ဖြစ်ပါတယ်။)**

# လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**




လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာ အသုံးချရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်နှင့် Information Matrix Co., Ltd မှ CEO ဦးသောင်းစုငြိမ်းတို့က ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဦးနေဘုန်းလတ်က "စဉ်းစားဆင်ခြင် လူမှုကွန်ရက်တစ်ခွင်"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး လူမှုမီဒီယာ အသုံးပြုမှုနှင့်ပတ်သက်၍ ချင့်ယုံ၊ ကြည့်ရှု၊ ချိန်ပြော ဟူ၍ ဆွေးနွေးမှုအနှစ်ချုပ်ကို ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ ၎င်းက " လူမှုမီဒီယာက သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်ပါတယ်။ လူမှုမီဒီယာမှာက အကျိုးရှိရှိသုံးတာနဲ့စာရင် တလွဲသုံးတာတွေ၊ ကိုယ့်ကို လူစိတ်ဝင်စားဖို့သုံးတာတွေ၊ သတင်းအမှား ဖြန့်တာတွေက ပိုပြီးတော့များနေပါတယ်။ Facebook ဆိုတာ အလကားပါ၊ သုံးမနေပါနဲ့၊ ပိတ်လိုက်ပါ ဆိုတာမျိုးတွေ ပြောကြပါတယ်။ ဒီလိုပြောတာကို လက်မခံပါဘူး။ ကျွန်တော်တို့ဆိုရင် ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ပြည်သူလူထုနဲ့ဆက်ဆံတဲ့အခါမှာ လူမှုမီဒီယာတွေကို သုံးရတယ်။ Facebook တစ်ခုတည်း မဟုတ်ပါဘူး။ Social Network၊ Social Media တွေကို ကောင်းတဲ့နေရာတွေမှာ သုံးစေချင်တယ်။

" Social Network လို့ပြောလို့ရှိရင် Facebook ၊ Twitter ၊ Youtube ၊ Instagram စသဖြင့် အများကြီး ရှိပါတယ်။ ကျွန်တော်တို့ဆီမှာက Facebook တစ်ခုပဲ သိတယ်။ Internet လို့ပြောရင် Social Network၊ Social Media တင်မဟုတ်ပါဘူး၊ တခြား Website ရှိတယ်။ အခြား လေ့လာစရာတွေ၊ သင်ယူစရာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ဆီမှာက Internet ဖွင့်လိုက်ရင် Facebook ကို တန်းရောက်သွားတယ်။ Facebook မှာ အချိန်တွေကုန်ပြီးတော့ ဒီမှာပဲ ပြီးသွားတယ်။ Facebook တစ်ခုမှာ အချိန်တွေကုန်ပြီး တကယ်အကျိုးရှိတဲ့ဟာတွေကို မသုံးဖြစ်ကြတာများတယ်။ ဒါကို အစိုးရပိုင်းကပဲ ဖြစ်ဖြစ်၊ ပညာရေးပိုင်းကပဲ ဖြစ်ဖြစ် ပြည်သူတွေ သိအောင် ဘယ်လိုပညာပေးမလဲဆိုတာကို စဉ်းစားသင့်ပါတယ်။

"Social Media သုံးနေတဲ့သူတွေကို တစ်စုံတစ်ရာ လွှမ်းမိုးမှုရှိတဲ့သူမျိုးတွေကို Social Media Influencer တွေလို့ခေါ်ကြတယ်။ Social Media Influencer အနေနဲ့ သာမန်လူထက်ပိုပြီးတော့ အလေးအနက်ထားပြီး သေချာ စဉ်းစားသင့်တယ်။ ပြည်သူတွေသိသွားရင် ဘာအကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို Post မတင်ခင် စဉ်းစားသင့်ပါတယ်။

"လူမှုမီဒီယာတွေမှာ သတင်းအတုတွေတင်တာကို ပြန်ကြားရေးဝန်ကြီးဌာနက နောက်ကနေ လိုက်ပြီးရှင်းနေရတာထက်စာရင် Proactive ဖြစ်နေစေချင်ပါတယ်။ Proactive ဆိုတဲ့သဘောက ကိုယ်က ရှေ့ကနေ ဦးနေတဲ့သဘောပါ။ အရည်အသွေးပြည့်ဝတဲ့ အစိုးရတွေဟာ Proactive ဖြစ်အောင် ကြိုးစားကြတယ်။ သတင်းအမှားတွေ သတင်းအတုတွေကို ပေါ်လာမှ နောက်ကနေလိုက်ပြီး ရှင်းနေတာနဲ့စာရင် တစ်ခုခု ဖြစ်ပြီဆိုတာနဲ့ ဒါဟာ သတင်းအချက်အလက်အမှန်ဖြစ်ပါတယ်ဆိုတာမျိုးကို မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးနိုင်ရင် သတင်းအတုတွေက နေရာမရတော့ဘူး။ ကောလာဟလရဲ့ အသက်က သတင်းမှန်ထွက်လာတဲ့အထိပဲရှည်တာ ဖြစ်ပါတယ်။

"သတင်းအတုတွေအတွက် Rapid Response ကို လျင်လျင်မြန်မြန် လုပ်ဆောင်ပေးစေချင်တယ်။ Proactive နဲ့ Rapid Response ကို ပြန်ကြားရေးဝန်ကြီးဌာနကို လုပ်ဆောင်စေချင်ပါတယ်။ ပြည်သူလူထုကို မှန်မှန်ကန်ကန်နဲ့ လျင်လျင်မြန်မြန် ဝန်ဆောင်မှုပေးနိုင်ဖို့ နည်းပညာကို အသုံးပြုရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကြိုးစားနေကြတယ်။ နည်းပညာအသုံးပြုပြီး ကြိုးစားကြတဲ့အတွက် e-Government ပေါ့။ ဒီလိုအဆင့်ရောက်ရှိအောင်သွားဖို့ လိုအပ်ပါတယ်။ နည်းပညာတွေက ရှိပြီးသားပါ။ စားပွဲတစ်ခုကနေ စားပွဲတစ်ခုပြောင်းဖို့ တစ်လလောက်ကြာတဲ့ ကြိုးနီစနစ်တွေကို အတတ်နိုင်ဆုံး လျှော့ချရမယ်။ နည်းပညာသုံးရင်တော့ အချိန်တွေ ယူစရာမလိုဘူး။ နည်းပညာမသုံးနိုင်သေးတာ သုံးနိုင်တဲ့ အစွမ်းအစ မရှိသေးတာလား၊ ဘာတွေက Resistance ဖြစ်နေတာလဲ။ ဒါတွေကို ပြန်လေ့လာပြီး ဆောင်ရွက်သင့်ပါတယ်။ သတင်းထုတ်ပြန်တဲ့နေရာမှာသာမက ပါဘူး၊ တခြားဝန်ကြီးဌာနတွေက ပြည်သူတွေကို ဝန်ဆောင်မှုပေးနေတဲ့ အပိုင်းမှာပါ ဆောင်ရွက်စေချင်ပါတယ်။ ဒီလိုဆောင်ရွက်လိုက်ရင် အကျင့်ပျက်ခြစားမှုတွေ မရှိနိုင်တော့ပါဘူး။ ကျွန်တော်တို့ဆီမှာ e-Government Master Plan ရှိပြီးသားပါ။ တကယ်ဆောင်ရွက်နိုင်ဖို့ပဲ လိုအပ်တာပါ။

"ဒီနေ့လူမှုမီဒီယာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြတယ်။ လူမှုမီဒီယာတွေ အသုံးပြုတဲ့အခါ အသိဉာဏ်ရှိရပါမယ်။ ပြီးတော့ ကိုယ်တင်မယ့် Post တွေကို သတိထားဖို့ လိုအပ်သလို လူမှုမီဒီယာမှာ Click လုပ်တာ၊ Touch လုပ်တာတွေကိုလည်း သတိထားဖို့လိုအပ်ပါတယ်။ လူမှုမီဒီယာမှာ တွေ့သမျှ မြင်သမျှကို မယုံကြည်စေချင်ပါဘူး။ ဒါမှသာ လူမှုမီဒီယာကို အသုံးချပြီး ကိုယ့်အတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမှာ ဖြစ်ပါတယ်"ဟု အကြံပြုပြောကြားသည်။

ဦးသောင်းစုငြိမ်းက "လူမှုမီဒီယာ၏ အကောင်း/အဆိုး ခံနေရသူများနှင့် Crisis Communication Plan "ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲနှင့်ပတ်သက်၍ "Social Media Usage Policy နဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီ Policy က အဖွဲ့အစည်းတစ်ခုခု ဥပမာ ကုမ္ပဏီတစ်ခုမှာဆိုရင် ကုမ္ပဏီဝန်ထမ်းတွေ၊ အစိုးရအဖွဲ့အစည်းမှာဆိုရင် ဝန်ထမ်းတွေ၊ အသင်းအဖွဲ့တစ်ခုမှာဆိုရင် အသင်းသားတွေ အားလုံးတူညီစွာ သတ်မှတ်ထားပြီး အားလုံးလိုက်နာမယ်လို့ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေဖြစ်ပါတယ်။ လူမှုမီဒီယာတွေမှာ သတင်းတွေတက်လာတဲ့အခါမှာ ဒီသတင်းဟာ အတုလား၊ အစစ်လား ဝေခွဲလို့ရအောင်၊ ပြည်သူတွေ အသုံးတည့်အောင် Fact Check ကို ဘယ်လိုလုပ်ရမလဲဆိုတာမျိုး ဆွေးနွေးခဲ့ပါတယ်။ ဒီလိုမျိုး လုပ်ဆောင်သင့်ပါတယ်။ Fact Check က အချက်အလက်မှန်ကန်အောင် တည့်မတ်ပေးတဲ့ သဘောဖြစ်ပါတယ်။

"ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို နိုင်ငံတကာက အထင်ကရ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေက ထုတ်ဖော်ပြောဆိုလာပြီဆိုရင် သူတို့ပြောတဲ့ အချက်အလက်တွေကို ဘယ်အတိုင်းအတာက မှန်တယ်၊ ဘယ်အချက်က နားလည်မှုလွဲတယ်ဆိုတာကို ထုတ်ပြန်ဆောင်ရွက်ပေးရင် ကောင်းပါတယ်။ တစ်ခုခုဖြစ်တာနဲ့ ဘယ်လိုတုံ့ပြန်မယ်ဆိုတာကို အဆင်သင့်ဆောင်ရွက်ထားစေချင်ပါတယ်။

"Process နဲ့ Procedure ကို ကြိုတင်ဆောင်ရွက်ထားစေချင်ပါတယ်။ ဘယ်လိုလုပ်မယ်ဆိုတာ အဆင်သင့်ဖြစ်နေဖို့ လိုအပ်ပါတယ်။ ဥပမာအနေနဲ့ ဈေးတစ်ခု မီးလောင်သွားတယ်၊ မီးလောင်သွားတဲ့အတွက် သိန်းပေါင်းများစွာ ဆုံးရှုံးသွားတယ်၊ မီးလောင်ပြီး အချိန်တစ်ရက်၊ နှစ်ရက်အထိ ဘယ်သူမှ ထုတ်ပြန်တာမရှိသေးရင် အဆင်ပြေမှုမရှိနိုင်ဘူး။ ဖြစ်လာပြီဆိုမှ ပြည်သူကို မင်းထွက်ပြော၊ ငါထွက်ပြောနဲ့ အချိန်မကုန်အောင် ကြိုတင်စီစဉ်ဆောင်ရွက်သင့်ပါတယ်။

"ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းထုတ်ပြန်ပေးတဲ့အလုပ်နဲ့ တစ်ဖက်က သတင်းမီဒီယာအနေနဲ့လည်း ရပ်တည်နေတယ်။ သတင်းမီဒီယာအနေနဲ့ ရပ်တည်ချက်က တခြားနေရာ၊ တခြားအချိန်မှာ ဆွေးနွေးလို့ရတယ်။ တကယ်လို့ သတင်းမီဒီယာအနေနဲ့ ဆက်ပြီး ရပ်တည်မယ်ဆိုရင် အကြံပြုချင်တာက နိုင်ငံပိုင်မီဒီယာအတွက်သာ မကပါဘူး၊ မီဒီယာအားလုံးအတွက်ပါ သတင်းမီဒီယာတွေဟာ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သင့်တယ်။ အရင်က သတင်းစာနဲ့ပတ်သက်ပြီး ပြောင်းလဲမယ်ဆိုရင် အချိန်ယူတယ်၊ ရုပ်သံဆိုရင်လည်း ဒီအတိုင်းပါပဲ၊ အခု Digital Media ခေတ်မှာကျတော့ အပတ်တိုင်းပြောင်းလဲနေရပါတယ်။ ပိုပြီး မြန်မြန်ဆန်ဆန် ပြောင်းလဲရမှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် နည်းပညာတွေကို အမြဲကြည့်နေရမှာဖြစ်ပါတယ်။ Digital Media ဆိုတာ နယ်စည်းမခြားသဘောမျိုးဖြစ်တဲ့အတွက် နိုင်ငံတကာဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို နားလည်အောင် ဆောင်ရွက်ဖို့လိုတယ်၊ အဓိက စာဖတ်ပရိသတ်ရဲ့ လိုအပ်ချက်ကို အမြဲဖြည့်ဆည်းနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ စာဖတ်ပရိသတ်နဲ့ အမြဲအတူရှိနေရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတက်ရောက်သူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာတည်း ဦးသန်းနိုင်က "ဒီနေ့ ဆွေးနွေးပွဲမှာ လူမှုမီဒီယာတွေရဲ့အားသာချက်၊ အားနည်းချက်၊ ဆိုးကျိုးကောင်းကျိုးတွေကို သိခွင့်ရခဲ့ပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေဟာ ပုံနှိပ်မီဒီယာထက် လူမှုမီဒီယာတွေကနေ အများဆုံးသတင်းရယူဖတ်ရှု အသုံးပြုနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် Facebook က ဖြစ်ပါတယ်။ ပြည်သူတွေဟာ သူတို့ရဲ့ခံစားချက်တွေကို Facebook ကနေ လွတ်လပ်စွာ ရင်ဖွင့်ပြောဆိုခွင့်တွေ ရနေကြပါပြီ။ ဒီနေရာမှာ တစ်ခုတွေ့လာတာက လူမှုမီဒီယာတွေကနေ အမုန်းစကားတွေ၊ သတင်းအတုအယောင်တွေကို ရေးတင်နေကြတာတွေ့ရပါတယ်။ ဒါတွေကို ပြည်သူတွေအနေနဲ့ စဉ်းစားချင့်ချိန်ပြီး မှန်ကန်စွာ သုံးသပ်ဖို့လိုပါတယ်။

အမုန်းစကားတွေ သတင်းအတုအယောင်တွေက လူမျိုးရေး၊ ဘာသာရေး၊ အဖွဲ့အစည်းအချင်းချင်း သံသယတွေ၊ အမုန်းတရားတွေကို ပိုမိုကြီးထွားလာစေပါတယ်။ အဓိကကတော့ သုံးစွဲသူရဲ့စဉ်းစားချင့်ချိန်မှုအပေါ် မူတည်ပြီး အကောင်းအဆိုးတွေကို ခံစားကြရမှာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးပွဲမျိုး ပြည်သူတွေအကြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးချင်ပါတယ်။ ဒါမှလည်း Social Media ကို ကျွန်တော်တို့ ပြည်သူတွေ အကျိုးရှိစွာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲတတ်လာမှာဖြစ်ပါတယ်"ဟု ဆွေးနွေးပွဲ အတွေ့အကြုံကို ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးချက်များကို ပြန်လည်စုစည်းသုံးသပ်သွားမည်ဖြစ်ပြီး လူမှုမီဒီယာများ မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ၌ ဆင့်ပွားဆွေးနွေးပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူမှုပေါင်းစည်းရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအစီအစဉ် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် Search for Common Ground တို့ ပူးပေါင်းကျင်းပသည့် လူမှုပေါင်းစည်းရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်၏ ပထမအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစီအစဉ်ကို တက်ရောက်ကြမည့် ဝန်ထမ်းများသည် လူမှုပေါင်းစည်းမှုဆိုသည်မှာ မည်ကဲ့သို့ဖြစ်သည်၊ ပဋိပက္ခများကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည် စသည်တို့ကို စာတွေ့သာမက လက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်ပြီး သင်ယူကြမည်ဖြစ်၍ မိမိတို့ဌာနအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရန်ဘက်ဆန်ဆန် ဖြေရှင်းနည်းမျိုး မဟုတ်ဘဲ ပြဿနာ၏ အရင်းအမြစ်ကို သေချာလေ့လာပြီး ပူးပေါင်းညှိနှိုင်း အဖြေရှာသောနည်းလမ်းများဖြင့် ဖြေရှင်းသည့် အလေ့အကျင့်နှင့် ဓလေ့များ ထွန်းကားစေရန် ဘုံသဘောတူညီမှုဖြင့် အဖြေရှာခြင်းနည်းလမ်းများကို သိရှိနိုင်ရန် ပို့ချပေးမည်ဖြစ်၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များကို အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

တိုင်းရင်းသားများ၏ အရေးကိစ္စများကို ဆောင်ရွက်ကြမည့်သူများအနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် အထောက်အကူပြုနိုင်ရေးအတွက် ယခု အရည်အသွေးမြှင့်အစီအစဉ်မှ ရရှိသော အတွေးသစ်အမြင်သစ်များနှင့် ကျွမ်းကျင်မှုများကို အသုံးချ၍ အောင်မြင်အောင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Search for Common Ground မှ Country Director Mrs. Isla Glaister က သင်ကြားပို့ချမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Search for Common Ground မှ ပညာရှင်များက လူမှုပေါင်းစည်းမှု၏ သဘောတရားများကို မိတ်ဆက်ခြင်း၊ မြန်မာနိုင်ငံတွင် လူမှုပေါင်းစည်းမှု သဘောတရားများကို လက်တွေ့ဖော်ဆောင်ခြင်းနှင့် လူမှုပေါင်းစည်းမှုအတွက် လိုအပ်သော အခြေအနေများ၊ မြန်မာနိုင်ငံ၏ လူမှုပေါင်းစည်းမှု နောက်ခံအခြေအနေနှင့် လူမှုပေါင်းစည်းမှုကို အားကောင်းစေသောအဖြစ်အပျက်များနှင့် အားနည်းစေသော အဖြစ်အပျက်များကို အချိန်ကာလအလိုက် လေ့လာခြင်း၊ လူမှုပေါင်းစည်းမှု၏ အဓိက အစိတ်အပိုင်းများအကြား ဆက်နွယ်မှုကို နားလည်သဘောပေါက်ခြင်းနှင့် ၎င်းတို့ကိုမြှင့်တင်ရေးတွင် မိမိတို့၏ အခန်းကဏ္ဍများ စသည့်ကိစ္စရပ်များကို ဆွေးနွေးပို့ချကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘာသာပေါင်းစုံ ဆုတောင်းပွဲတွေလုပ်ခြင်းဖြင့် အတူယှဉ်တွဲနေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်နဲ့ အေးချမ်းမှုရမယ်

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန်ရည်ရွယ်၍ ပြုလုပ်သည့် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆုတောင်းပွဲကို အောက်တိုဘာ ၁၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည်။**


ဆရာတော် ဦးပဏ္ဍိတ (သင်္ဃန်းကျွန်းမြို့နယ်၊ စတုဘုမ္မိကကျောင်းတိုက်)


ပမာနနာယက ဆရာတော် ဦးအာစာရ (ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ကွမ်းရင်းစီတရုတ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း)


ဘုန်းတော်ကြီး ဂျိုးဇက် (ဦးမောင်ဝင်း) (မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကက်သလစ် အသင်းတော်)


ဟိန္ဒူဘာသာရေး ခေါင်းဆောင် ဒေါက်တာလှထွန်း (မြန်မာနိုင်ငံလုံး ဆိုင်ရာ ဟိန္ဒူ သာသနာပြုဆရာ)

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် ပြည်သူတို့၏ အမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဆရာတော် ဦးပဏ္ဍိတ**
**(သင်္ဃန်းကျွန်းမြို့နယ်၊ စတုဘုမ္မိကကျောင်းတိုက်)**

ဒီလိုပွဲတွေကို နေရာအနှံ့အပြားမှာ လုပ်ပေးစေချင်တယ်။ လုပ်ပေးခြင်းအားဖြင့် ဘာသာမတူသော်လည်း တစ်ဦးနဲ့တစ်ဦး ရင်းနှီးကျွမ်းဝင်ပြီး ရိုင်းပင်းကူညီမှုတွေ ပိုများလာမယ်။ ကောင်းမွန်တဲ့စိတ်ဓာတ်တွေ ကိန်းအောင်းလာမယ်။ ဒါဆိုရင် အချင်းချင်း ရန်ငြိုးတွေ၊ တိုက်ခိုက်မှုတွေ၊ တင်းမာမှုတွေ လျော့နည်းသွားနိုင်ပါတယ်။ အခုလိုပွဲတွေ လုပ်ခြင်းအားဖြင့် လက်ရှိ ကြုံတွေ့နေတဲ့ အခက်အခဲတွေကို အတိုင်းအတာတစ်ခုအထိ အကျိုးရှိလာမယ်လို့ မြင်ပါတယ်။ အဓိကအားဖြင့်တော့ ရင်ထဲက စိတ်ဓာတ်တွေကို အကောင်းမွန်ဆုံးဖြစ်လာအောင် ပြုပြင်ကြဖို့လိုပါတယ်။ ဒါမှလည်း အတူယှဉ်တွဲနေထိုင်ကြတဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်နဲ့ အေးချမ်းမှုရမယ်လို့မြင်ပါတယ်။


ဒေါ်မိုးမိုးစုကြည် (ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော် ကိုယ်စားလှယ်)

**ဒေါ်မိုးမိုးစုကြည်**
**(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)**

ဒီပွဲလေးဟာ ကျွန်မတို့ ပြည်သူတွေအနေနဲ့ မဖြစ်မနေ လာရောက်ရမယ့်ပွဲလို့ ယူဆတဲ့အတွက် အခုလို လာရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဟိုအရင်ကတည်းက ဘာသာပေါင်းစုံ စုပေါင်းပြီး နေထိုင်ခဲ့ကြတာပါ။ အဲဒီလို နေထိုင်တဲ့အခါမှာလည်း ဘယ်ဘာသာဝင်တွေဆိုတာကို မခွဲခြားဘဲ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအရင်းအချာတွေလို ဘာသာပေါင်းစုံ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြတာပါ။ ဒါဟာ မြန်မာပြည်သူ၊ ပြည်သားတွေရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့စရိုက်ပါ။ အခုလို ဘာသာပေါင်းစုံ ဆုတောင်းပွဲတွေ လုပ်ဆောင်ပေးခြင်းအားဖြင့် မြန်မာပြည်ဖွား လူများအားလုံးအနေနဲ့ မည်သည့်ဘာသာဝင်မဆို ဘာသာမရွေး၊ လူမျိုးမရွေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ပြီးတော့ အရင်တုန်းကလို တိုင်းပြည်ထူထောင်ရေးမှာ အတူတကွ လက်တွဲပါဝင်ကြမယ်လို့ မြင်ပါတယ်။

**ညွှန်ကြားရေးမှူး ဦးစိန်မော်**
**(ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး)**

ရန်ကုန်မှာရှိတဲ့ ဘာသာပေါင်းစုံက ဦးဆောင်ဆရာတော်တွေနဲ့ ရဟန်းသံဃာတော်တွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ ခရစ်ယာန်ဘုန်းတော်ကြီးတွေ၊ ဟိန္ဒူဘုန်းတော်ကြီးတွေ အားလုံးပါပါတယ်။ ငြိမ်းချမ်းရေးဆုတောင်းပွဲ လုပ်ရတဲ့အကြောင်းကလည်း ကျွန်တော်တို့နိုင်ငံအပေါ်မှာ ပြည်ပနိုင်ငံတချို့က အမြင်တွေတစ်မျိုးနဲ့ မြင်နေကြတယ်။ သူတို့မြင်တဲ့ အမြင်က နယ်စပ်ဒေသမှာဖြစ်တဲ့ဟာလေးကိုပဲ ကြည့်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံမှာ မအေးချမ်းဘူးဆိုတဲ့ အမြင်မျိုးတွေရှိနေကြတယ်။ သို့သော် ဒါလေးကို ကြည့်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံကို မငြိမ်းချမ်းဘူးလို့ ပြောလို့မရပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံဟာ အေးအေးလူလူ နေထိုင်နေကြတာပါ။ တစ်ခါတလေမှာ တစ်ခါတစ်ရံမှာ အခန့်မသင့်လို့ဖြစ်ကြတာက တဒင်္ဂကိစ္စပါ။ အခုဆိုရင် ဒီပွဲမှာ ဘာသာပေါင်းစုံပါဝင်တာကို တွေ့ရမယ်။ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်ပေါင်း ငါးထောင်ကျော်ရှိတယ်။ ရဟန်း၊ သံဃာတော်တစ်ထောင်ကျော်နဲ့ သီလရှင် ဆရာလေး ငါးရာကျော် ပါဝင်ပါတယ်။ ဟိန္ဒူဘာသာဝင် သုံးထောင်ကျော်ရှိတယ်။ အစ္စလာမ်ဘာသာဝင်ပေါင်း သုံးထောင်ကျော်ပါတယ်။ ခရစ်ယာန်ဘာသာဝင်သုံးထောင်ကျော်လည်း ပါဝင်ပါတယ်။ သူတို့အားလုံးဟာ ငြိမ်းချမ်းရေးအတွက် လာရောက်ဆုတောင်းကြတာပါ။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံကို ပြည်ပနိုင်ငံတွေက အမြင်လွဲနေတာတွေကို တစ်နည်းအားဖြင့် ဖော်ထုတ်ပြသတာဖြစ်ပါတယ်။


ညွှန်ကြားရေးမှူး ဦးစိန်မော် (ရန်ကုန်တိုင်း ဒေသကြီး သာသနာရေး ဦးစီးမှူး)

**ပမာနနာယက ဆရာတော် ဦးအာစာရ**
**(ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ကွမ်းရင်းစီ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း)**

နိုင်ငံတစ်နိုင်ငံအတွင်းမှာ လူမျိုးတစ်မျိုးတည်း နေထိုင်ပြီးတော့ ဘာသာတစ်မျိုးတည်းကိုးကွယ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ နိုင်ငံတစ်နိုင်ငံအတွင်းမှာ လူမျိုးပေါင်းစုံနေထိုင်ပြီး ဘာသာပေါင်းစုံကိုးကွယ်ကြတဲ့အခါမှာ အခုလိုမျိုးပွဲမျိုးကို မကြာခဏပြုလုပ်ပေးခြင်းအားဖြင့် တိုင်းပြည်အတွင်းမှာ နေထိုင်ကြတဲ့ ဘာသာအသီးသီးက ဘာသာဝင်ပေါင်းစုံဟာ အားလုံးတွေ့ဆုံပြီးတော့ တစ်ဦးရဲ့သဘောထားကို တစ်ဦးက နားလည်သဘောပေါက်ပြီး ချစ်ကြည်ရင်းနှီးမှုကို ရစေပါတယ်။ ဘာသာပေါင်းစုံ ယှဉ်တွဲနေထိုင်တဲ့အခါမှာ တစ်ဦးရဲ့ သဘောထားကို တစ်ဦးကသိရှိပြီး သည်းခံစိတ်ထားရမယ်။ နားလည်ခွင့်လွှတ်မှု ထားရှိနိုင်ရမယ်။ အဓိကအားဖြင့် ဗုဒ္ဓဟောကြားထားတဲ့ တရားတော်အတိုင်း မေတ္တာတရားသည်သာ အရေးကြီးပါတယ်။ ဘယ်လို ဘာကိုပဲကိုးကွယ်ပါစေ၊ ဘာလူမျိုးပဲဖြစ်ပါစေ မေတ္တာတရားကို အလေးအနက်ထားပြီးတော့ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းဆက်ဆံကြရင် ကမ္ဘာကြီးမှာပဲဖြစ်ဖြစ် မြန်မာပြည်အတွင်းမှာပဲဖြစ်ဖြစ် အားလုံးငြိမ်းချမ်းသွားမှာပါ။

**အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဦးကျော်ကျော်**
**( MM ဈောင်နက်ဗလီ၊ ရွှေဆောင်ဆရာ)**

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲဆိုတာ အင်မတန်ကောင်းတဲ့ကိစ္စပါ။ ကျွန်တော်တို့ အစ္စလာမ်မှာ ရှိတယ်။ လူဆိုတာ ဆုတောင်းလည်းတောင်းရမယ်၊ လက်တွေ့လည်း အကောင်အထည်ဖော်ရမယ်။ ဆုတောင်းခြင်းနဲ့ လက်တွေ့အကောင်အထည်ဖော်ခြင်း ကိစ္စနှစ်ခုပေါင်းမယ်ဆိုရင်တော့ ကျွန်တော်တို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ဆုတောင်းတာတစ်ခုတည်းနဲ့လည်း မပြီးသလို လက်တွေ့အကောင်အထည်ဖော်တာ တစ်ခုတည်းနဲ့လည်း မဖြစ်ပါဘူး။ အဲ့ဒါကြောင့် ဆုလည်းတောင်းရမယ်။ မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်ဖို့ကိုလည်း ကြိုးစားရပါမယ်။ ဒီပွဲတွေနဲ့အတူ မြေပြင်မှာပါ ချစ်ခင်စည်းလုံးမှုရှိပြီး တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်လာအောင်၊ အပြန်အလှန်လေးစားမှုရှိလာအောင် လက်တွေ့လုပ်ဆောင်ဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ အစ္စလာမ်သာသနာဝင်တွေဟာ ရှေးမြန်မာဘုရင်တွေ လက်ထက်ကတည်းက မြန်မာ့သမိုင်းတစ်လျှောက်မှာ နိုင်ငံ့တာဝန်ကို ကျေပွန်ခဲ့တယ်။ နိုင်ငံတော်ကို သစ္စာရှိခဲ့တယ်။ နိုင်ငံတော်နဲ့ ပတ်သက်ပြီး ပေးဆပ်ခဲ့တယ်။ အခုလည်းပဲ ကျွန်တော်တို့ မြန်မာမွတ်စလင်တွေဟာ နိုင်ငံတော်နဲ့ ပတ်သက်ပြီး ပေးဆပ်ဆဲပါပဲ။ နောင်လည်းပဲ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံတော်နဲ့ပတ်သက်ပြီးသစ္စာရှိမှု၊ ပေးဆပ်မှုတွေကို လုပ်ဆောင်သွားမှာပါ။ ဒီအတွက်ကြောင့် ဒီပွဲကနေ ပြောချင်တာကတော့ အခုနောက်ပိုင်းမှ ဖြစ်ပေါ်လာတဲ့ တစ်ဖက်နဲ့ တစ်ဖက် အထင်မှားမှုတွေ၊ အမြင်မှားမှုတွေကို ပုတ်ခတ်မှုတွေ၊ စော်ကားမှုတွေကို ရပ်တန်းကနေရပ်ပြီးတော့မှ ဟိုးအရင်တုန်းကလို နိုင်ငံရဲ့ အခက်အခဲတွေကို လက်တွဲပြီး ကျော်လွှားဖို့လိုပါတယ်။ အခုလည်းပဲ ရှေ့ဆက်ပြီး နိုင်ငံတော်ကြီး တိုးတက်ဖို့အတွက် အများကြီးလုပ်စရာတွေရှိတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကြီး တိုးတက်ဖို့အတွက် အခက်အခဲတွေကို တစ်ဖက်နဲ့တစ်ဖက် ရင်းနှီးစွာနဲ့ လက်တွဲပြီး ကြိုးစားဖော်ဆောင်ကြဖို့ လိုပါတယ်။


အစ္စလာမ် ဘာသာရေး ခေါင်းဆောင် ဦးကျော်ကျော် ( MM ဈောင်နက် ဗလီ၊ ရွှေဆောင်ဆရာ)

**ဟိန္ဒူဘာသာရေးခေါင်းဆောင် ဒေါက်တာလှထွန်း**
**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာပြုဆရာ)**

ဒီဆုတောင်းပွဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အမြင်ပြောရရင်တော့ အင်မတန်မှ အရေးကြီးပါတယ်။ ဘာသာတိုင်းမှာ ဘုရားရှိခိုးတာရယ်၊ ဆုတောင်းတာရယ် ရှိပါတယ်။ ကမ္ဘာပေါ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအားလုံးကို ရင်ဆိုင်တဲ့အခါမှာ ဘာသာရေးနဲ့ပဲ ရင်ဆိုင်ရမှာပါ။ စိတ်ကိုအေးချမ်းစေတယ်၊ နှလုံးသားကို သိမ်မွေ့စေတယ်။ အဲဒါကြောင့် ဘာသာရေးအရ ဆုတောင်းတာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အားလုံးအတူတကွ လက်တွဲပြီးတော့ သွားနေရဦးမှာပါ။ နိုင်ငံတိုးတက်ဖို့အတွက် အကောင်အထည်ဖော်ဆောင်ရဦးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘာသာပေါင်းစုံအနေနဲ့ မိမိတို့ယုံကြည်တဲ့ ဘာသာအရ ဆုတောင်းခြင်းသည် ထိရောက်စေပါတယ်။ ဒီလိုမျိုး ဆုတောင်းပွဲတွေကို အခြားသော မြို့နယ်တွေမှာလည်း လုပ်ပေးသင့်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ဘာသာပေါင်းစုံကို တစ်စုတစ်ဝေးတည်း တွေ့ရတယ်။ အတူတကွ ဆုတောင်းကြတဲ့အတွက် အားလုံး တညီတညွတ်တည်း ဖြစ်သွားပြီး တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ခံစားရပါတယ်။ ရှေ့ဆက်ပြီးတော့လည်း စည်းစည်းလုံးလုံးနဲ့ အတူလက်တွဲပြီး ဆောင်ရွက်သွားရင် ကမ္ဘာပေါ်မှာ စံနမူနာဖြစ်လောက်တဲ့ နိုင်ငံအဖြစ် ပြသနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ မိမိယုံကြည်ကိုးကွယ်တဲ့ ဘာသာတရားအရ တိုင်းပြည်တိုးတက်ရေးအတွက် ဦးတည်ပြီး လျှောက်လှမ်းဖို့ မေတ္တာရပ်ခံချင်ပါတယ်။

**ဦးကိုကိုအောင်**
**(အခမ်းအနားကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်)**

ဒီပွဲကို ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ဘာသာရေးပြဿနာပဲဖြစ်ဖြစ်၊ စစ်ရေးပဋိပက္ခပဲဖြစ်ဖြစ်၊ ဘယ်လိုပြဿနာတွေပဲဖြစ်ဖြစ် တကယ်တမ်း ထိခိုက်နစ်နာတာက တိုင်းသူပြည်သား၊ လူမျိုးဘာသာမရွေး ခံစားရတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ယခင်ကလိုပဲ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ပြီးကျင်းပတာပါ။ အခုလို လုပ်ဆောင်ခြင်းကြောင့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲပြီး အမြင်မှားမှုတွေ မရှိတော့ဘဲ စည်းစည်းလုံးလုံးနဲ့ တိုင်းပြည်တိုးတက်ရေးအတွက် ဖော်ဆောင်တဲ့အခါမှာ အထောက်အကူဖြစ်လိမ့်မယ်လို့ မြင်ပါတယ်။


ဦးကိုကိုအောင် (အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ အဖွဲ့ဝင်)

**ဘုန်းတော်ကြီး ဂျိုးဇက် (ဦးမောင်ဝင်း)**
**(မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်)**

ဘာသာပေါင်းစုံဆိုတာက အတူတကွ ယှဉ်တွဲနေထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေပဲ။ အမိမြန်မာနိုင်ငံကို ပြန်ကြည့်ရင်လည်း မြန်မာနိုင်ငံရဲ့ ရာဇဝင်မှာ ကျွန်ုပ်တို့အားလုံးဟာ အတူတကွပဲ ယှဉ်တွဲနေထိုင်ခဲ့ကြတာပါ။ တချို့ပြဿနာလေးတွေကြောင့် အမြင်မှားပြီး မလိုလားအပ်တဲ့ ပြဿနာတချို့ ဖြစ်ပွားခဲ့တဲ့အပေါ်မှာ ပြန်လည်ပြီးတော့ စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြဖို့ဆိုတာ ဘုရားသခင်ရဲ့အလိုတော်လည်း ဖြစ်ပါတယ်။ ဒီတိုင်းပြည်မှာနေထိုင်ကြတဲ့ တိုင်းသူပြည်သားအားလုံးရဲ့ တာဝန်လည်း ဖြစ်တယ်။ ဒါကြောင့် အခုလိုလုပ်ဆောင်ခြင်းဟာ အင်မတန်မှ သန့်ရှင်းမွန်မြတ်ပြီး ကောင်းမွန်မြင့်မြတ်တဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးရဲ့ကြားမှာ အပြန်အလှန် လေးစားပြီး လက်တွဲမှုတွေ ရှိလာမယ်။ မေတ္တာတရားကို အခြေခံပြီး မွန်မြတ်တဲ့ စိတ်ထားမျိုးနဲ့ ဆက်ဆံနေထိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ကြတဲ့အခါမှာ တစ်ဘာသာနဲ့ တစ်ဘာသာကို လေးစားရပါမယ်။ ဘာသာတိုင်းဟာ မြင့်မြတ်တဲ့ဘာသာတွေပဲ ဖြစ်ပါတယ်။ သူတစ်ပါးရဲ့ယုံကြည်မှုကို အပြစ်မတင်ရဘူး။ မရှုတ်ချရပါဘူး။ အမြဲတမ်း နားလည်မှုအပြည့်နဲ့ လက်ခံသွားလာနေထိုင်ကြမယ်ဆိုရင် ဘာသာအချင်းချင်းကြားမှာ ပိုမိုညီညွတ်မှုကို ရရှိလာမှာ ဖြစ်ပါတယ်။ အခုလို လုပ်ဆောင်မှုတွေဟာ ဒီမှာပဲ အဆုံးသတ်မသွားဘဲ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အောက်ခြေအဆင့်အထိ ဘယ်လောက်ပဲ ဘာသာရေးအမြင်တွေ ကွဲပြားပါစေ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီးဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမှာပါ။ ။



**မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဒွါဒသမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပစဉ်**
(အဆိုပါ ကထိန်လှူဒါန်းပွဲတွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ၅၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်)
(မြန်မာ့အလင်း)

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

အစည်းအဝေးကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်ကိုးဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာ သော အတည်ပြုမိန့်လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄/၂၀၁၇)အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား အတည်ပြုမိန့်လေးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၁**

(၁၀)ကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခေါင်းဆောင်မှုအရည်အချင်းဆု ချီးမြှင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် "Rural Transformation: Enhancing Human Capital towards a resilient Rural Community" ခေါင်းစဉ်အပေါ် အာဆီယံနိုင်ငံအလိုက်မှ အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြပြီး Resilient Rural Community နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အတွေ့အကြုံများအား အမြဲတမ်းအတွင်းဝန်က ရှင်းလင်းဆွေးနွေးသည်။ ခေါင်းဆောင်မှု အရည်အချင်းဆုနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ အဆိုပြုတင်ပြသည့် NGOs/CSOs (၁၀)ဖွဲ့နှင့် Private Sectors (၁၀)ဖွဲ့တို့အား အာဆီယံဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံမှ NGO ကိုယ်စားပြု ဆုအတွက် Social Vision Services အဖွဲ့နှင့် Private Sector ကိုယ်စားပြုဆုအတွက် Myanma Awba Group Co.,Ltd. တို့မှ ဆုများ လက်ခံရယူခဲ့ သည်။

အလားတူ အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းအစီအစဉ် မူဘောင် (၂၀၁၆-၂၀၂၀) ပါ သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင် နိုင်ငံအလိုက်မှ Country Coordinators များ အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ အဖွဲ့ဝင်နိုင်ငံအလိုက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်ချက် ကောင်းများအပေါ် အမြင်ချင်းဖလှယ်၍ အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ခြင်းများကို သတ်မှတ်အဆိုပြုလွှာဖြင့် တင်ပြရန် လဟယ်မြို့နယ်သို့ အကြောင်းကြားထား

**လဟယ် အောက်တိုဘာ ၁၁**

လဟယ်မြို့နယ်မှာ ကျေးရွာ ၁၅ ရွာကို ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်ရန်သင့်လျော်ကြောင်း၊ အဆင့်မြှင့်တင်ခြင်း အသစ်ဖွင့်လှစ်ခြင်းများကို သတ်မှတ်အဆိုပြုလွှာဖြင့် တင်ပြရန်လဟယ်မြို့နယ်သို့ အကြောင်းကြားထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားသည်။

"လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ဆက်သွယ်ညှိနှိုင်းချက်အရ ရွာ ၄၁ ရွာထဲက ၂၃ ရွာကို စိစစ်တင်ပြလာရာမှာ ရွာ ၁၅ ရွာကို ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်ဖို့သင့်လျော်ကြောင်းနဲ့ အဆင့်မြှင့်တင်တာ၊ အသစ်ဖွင့်လှစ်တာတွေကို သတ်မှတ်အဆိုပြုလွှာတွေနဲ့ တင်ပြဖို့ လဟယ်မြို့နယ်ကို အကြောင်းကြားထားပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မြှင့်တင်အသစ်ဖွင့်လှစ်ဖို့ စိစစ်ထားတဲ့ ကျေးရွာ ၁၅ ရွာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်ကို စက်တင်ဘာလ ၁၉ ရက်နေ့ ရက်စွဲစာအမှတ်နဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်ခွင့်ရဖို့ တင်ပြထားပါတယ်" ဟု လူမှုရေး ဝန်ကြီးက ပြောကြားခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ်ရှိ ကျေးရွာ ၂၅ ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးမြှင့်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိကို လဟယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ်က အောင်တိုဘာ ၁၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန် အစည်းအဝေးပထမနေ့တွင် မေးမြန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လဟယ်မြို့နယ်ဟာ ပြည်ထဲရေး အမည်ပေါက် ၉၆ ရွာအပြင် အမည်မပေါက်တာ ခြောက်ရွာရှိတဲ့အတွက် ရွာ ၁၀၀ ကျော်မှာ မြို့နေလူဦးရေ ၄၉၅၀၊ ကျေးလက်နေတဲ့ လူဦးရေ ၄၉၈၆၈ ဦးရှိတဲ့အတွက် ၉၀ ရာခိုင်နှုန်းဟာ ကျေးလက်မှာ နေထိုင်နေတာ တွေ့ရပါတယ်။ ရွာတွေဟာတစ်ရွာနဲ့တစ်ရွာ ရှစ်မိုင် ကိုးမိုင် ကနေမိုင်၂၀ နဲ့ ၃၀ အထိ ကွာဝေးပြီး အုပ်စုတစ်ခုကို သုံးရွာ၊ လေးရွာကနေ ခြောက်ရွာ၊ ခုနစ်ရွာထိစုပေါင်းဖွဲ့စည်းထားပါတယ်။ လမ်းပန်းဆက်သွယ်ရေးကခက်ခဲကြမ်းတမ်းပါတယ်။ တိုက်နယ်ဆေးရုံ နှစ်ရုံ ကျေးလက်ကျန်းမာရေးဌာန ငါးခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ ကို ဖွင့်ပေးထားတယ်ဆိုပေမယ့် ကျေးရွာအုပ်စုတစ်ခုကို ဌာနခွဲတစ်ခုနှုန်း ဖွင့်ထားတာကို တွေ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကမကောင်းတဲ့အပြင်ဌာနက သတ်မှတ်ထားတဲ့စံချိန်စံညွှန်းနဲ့ မညီတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုက အလှမ်းကွာ နေဦးမှာပဲဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ်က ရှင်းပြသည်။

**သံတိုင်ထွန်း**



# ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်လာရေးအတွက် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးလိုအပ်

**မော်လမြိုင် အောက်တိုဘာ ၁၁**

ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေစေရန်ရည်ရွယ်ကာ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြီးခဲ့သည့် ဇူလိုင် ၇ ရက်က အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနှင့် အမေရိကန် ဒေါ်လာ ငါးသန်းအောက်၊ မြန်မာငွေဖြင့်ဆိုပါက ငွေကျပ်သန်း ၆၀၀၀ အောက်ထိ တိုက်ရိုက်ခွင့်ပြုပေးနိုင်သော်လည်း ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးသို့ တိုက်ရိုက်လာရောက်လျှောက်ထားသူမရှိသေးကြောင်း အဆိုပါကော်မတီရုံးမှ သိရသည်။

ပြည်နယ်တွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရာ အများဆုံးဒေသများတွင် ပြည်နယ်သည် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုတွင် ပမာဏအများဆုံး အဆင့် သုံးနေရာတွင် လည်းကောင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုပမာဏအများဆုံးတွင် အဆင့်ခုနစ်နေရာတွင်လည်းကောင်းရပ်တည်လျက်ရှိသည်။

"လမ်းပန်းဆက်သွယ်ရေးအရဆို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းတဲ့ဒေသထဲမှာ မွန်ပြည်နယ်လည်း ပါပါတယ်။ ဒါပေမယ့် အခက်အခဲကတော့ လျှပ်စစ်မီး အလုံအလောက်မပေးနိုင်တာပါပဲ။ လိုအပ်တဲ့ လျှပ်စစ်ပမာဏရှိရင် ပိုဝင်လာနိုင်ပါတယ်" ဟု ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံမှု အလားအလာနှင့် ပတ်သက်၍ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းဦးက ပြောသည်။

ပြည်တွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများသည် ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားကို အဓိကအားထားရသည့် စက်မှုနှင့် ထုတ်လုပ်မှုများတွင် အများဆုံးရင်းနှီးမြှုပ်နှံကြသည်ကိုတွေ့ရပြီး ယင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်းငါးသိန်းကျော် ပမာဏအထိရှိကာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကမူ စွမ်းအင်ကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံကြပြီး ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၅၀၀၀ နီးပါးရှိကြောင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးရှိ စာရင်းများတွင် ဖော်ပြထားသည်။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိရေးသည် အဓိကလိုအပ်ချက်များတွင် တစ်ခုအဖြစ်ပါဝင်ပြီး ဓာတ်အားမလုံလောက်သဖြင့် စက်ရုံလည်ပတ်နိုင်ရေးကို အခြားနည်းလမ်းများ အသုံးပြုခဲ့သည်လည်းရှိရာမှ ဒေသခံများ၏ ကန့်ကွက်မှုများကိုလည်း နောက်ဆက်တွဲကြုံတွေ့ကြရကြောင်း ပြည်နယ်တွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခုထံမှ သိရသည်။

"ဒေသတွင်းမှာ လျှပ်စစ်မရှိရင်၊ မလုံလောက်ရင် စက်ရုံအလုပ်ရုံတွေ လည်ပတ်လို့မရပါဘူး။ ခုဆို မွန်ပြည်နယ်ကို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ များလာတယ်။ ဓာတ်အားမပေးနိုင်လို့ ပြန်သွားတာတွေလည်းရှိတယ်" ဟု ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမင်းထင်အောင်ဟန်က ပြောသည်။

မွန်ပြည်နယ်တွင် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ စက်တင်ဘာလကုန်ထိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု နှစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ငါးခုဝင်ရောက်လာခဲ့ရာ ပြည်နယ်တွင်း စုစုပေါင်းပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ၅၄ ခုရှိပြီဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၅၈၀၀ ကျော်နှင့် မြန်မာငွေကျပ်သန်း ၇၆၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ပြေးခုန်ပစ်နည်းပြဆရာ အခြေခံသင်တန်း စစ်ကိုင်းမြို့၌ ဖွင့်

**စစ်ကိုင်း အောက်တိုဘာ ၁၁** - မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ပြေးခုန်ပစ်နည်းပြ ဆရာအခြေခံသင်တန်း ( ၁ /၂၀၁၇ ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က စစ်ကိုင်းမြို့နှစ် (၇၀၀) ပြည့် အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံခန်းမ၌ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ခရိုင်ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက ပြေးခုန်ပစ်လေ့ကျင့်ရေး စခန်းဖြစ်ပေါ်လာရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စစ်ကိုင်းတက္ကသိုလ် ကရာတေးဒိုသရုပ်ပြအဖွဲ့ကသရုပ်ပြအစီအစဉ်ဖြင့် တင်ဆက်ပြသကြသည်။

အဆိုပါသင်တန်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် စစ်ကိုင်းမြို့၌ ပထမဦးဆုံးကျင်းပသည့် သင်တန်းဖြစ်ကာ မုံရွာ၊ ရွှေဘို၊ ကလေး၊ မော်လိုက်၊ ထီးချိုင့်၊ ယင်းမာပင်၊ ဟုမ္မလင်း၊ စစ်ကိုင်းမြို့တို့မှ သင်တန်းသားသင်တန်းသူများ တက်ရောက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ခိုင်ဇေယျ**

# အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံအားကစားဝန်ကြီးများ+ဂျပန်အားကစားဝန်ကြီးအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေး (AMMS-4)နှင့် အာဆီယံ အားကစားဝန်ကြီးများ + ဂျပန်အားကစားဝန်ကြီး (1st AMMS+ Japan) အစည်းအဝေးကို** (အောက်ပုံ) **ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Kempinski Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်၍ နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။**



အစည်းအဝေးတွင် ယခင်ဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံ၏ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Datuk Saravanan Murugan က မိန့်ခွန်းပြောကြားပြီးနောက် ဥက္ကဋ္ဌတာဝန်များအား အိမ်ရှင် မြန်မာနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံအနေဖြင့် အားကစားတွင် အောင်မြင်မှုများရရှိရန်နှင့် ပြည်သူအများ အားကစားကို စိတ်ပါဝင်စားစွာ ပြုလုပ်လာနိုင်ရေးအတွက် အာဆီယံနိုင်ငံများအပါအဝင် မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရှုထောင့်ပေါင်းစုံမှလေ့လာပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးမှ အာဆီယံနိုင်ငံများအားလုံးအတွက် အားကစားကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ပြည်သူ့အားကစားဖွံ့ဖြိုးတိုးတက်သော တိုင်းပြည် ( Sports Nation ) များဖြစ်ပေါ်လာစေရန် ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေး တက်ရောက်လာကြသူ အာဆီယံအားကစားဝန်ကြီးက နိုင်ငံများအလိုက် အားကစားကဏ္ဍဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြကြောင်း၊ ထို့နောက် အာဆီယံ အားကစားအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ဆွေးနွေးတင်ပြချက်များကို အတည်ပြုပေးနိုင်ရေးကို တက်ရောက်လာကြသော အာဆီယံ အားကစားဝန်ကြီးက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြကြောင်း၊ ဆက်လက်၍ အာဆီယံ+ဂျပန်အားကစားဝန်ကြီးများ (1st AMMS+Japan) အစည်းအဝေး၌ တင်ပြရန်ရှိသော လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ပထမအကြိမ် အာဆီယံ+ဂျပန် အားကစားဝန်ကြီးများ (1st AMMS+ Japan)အစည်းအဝေးအား ဆက်လက်ကျင်းပရာ ပူးတွဲဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်မိန့်ခွန်းပြောကြားပြီး ဂျပန်နိုင်ငံ အားကစားဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော အာဆီယံဝန်ကြီးများ၊ နိုင်ငံ့အားကစားကဏ္ဍကို ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်အရ အာဆီယံနိုင်ငံများ၏ ၂၀၁၆-၂၀၂၀ အားကစားလုပ်ငန်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံ+ဂျပန် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်၍ လက်တွေ့ကျကျ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဂျပန်အားကစားဝန်ကြီးနှင့် ထိုင်းနိုင်ငံအားကစားဝန်ကြီး၊ အာဆီယံ အထွေထွေအတွင်းရေးမှူးတို့က အစည်းအဝေးသို့ တက်ရောက်လာကြသော သတင်းမီဒီယာများကို သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ သိလိုသည့် အကြောင်းအရာများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme – WFP) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Kaatrud နှင့်အဖွဲ့က ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမတွင် လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)၏ လုပ်ငန်းများဆိုင်ရာ မဟာဗျူဟာအသစ်အရ ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာအရ ဆောင်ရွက်နေသည့် စာသင်ကျောင်းများတွင် အာဟာရကျွေးမွေးရေးအစီအစဉ်များ၌ WFP မှ ပူးပေါင်းဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အရေးပေါ် ကူညီပေးရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်မည့် လူသားချင်းစာနာကူညီမှုအစီအစဉ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုကဏ္ဍတွင် အရည်အသွေးမြှင့်တင်ခြင်း သင်တန်းများ ဆောင်ရွက်မည့်ကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေး၊ လူသားချင်းစာနာကူညီမှုအစီအစဉ်များ၊ လုံခြုံရေးနှင့်မိသားစုများ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွက် ယာယီသိုလှောင်ရုံလိုအပ်ချက်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးဖြစ်စဉ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆက်လက်ကူညီသွားရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဦးထက်အောင်လင်း ဦးဆောင်သော ရန်ကုန်-လိုင်ဇာ ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့မှ ပြုစုထားသော ဘူးသီးတောင်မြို့နယ်၏ မြေပြင်အခြေအနေများနှင့်ပတ်သက်သည့် အစီရင်ခံစာကိစ္စ၊ ရခိုင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုဆိုင်ရာလုပ်ငန်းများတွင် လူငယ်များအနေဖြင့် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်



အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည် (ဇီးပင်ကြီး)အကြို ဇေယျသင်တန်းအမှတ်စဉ် (၁၄)သင်တန်းဆင်း အရာထမ်းများက လှူဒါန်းငွေကျပ် ၈၂၀၀၀၀ အားလည်းကောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (Construction and Housing Development Bank) က လှူဒါန်းငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း အဆိုပါဝန်ကြီးရုံးသို့ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောက်တိုဘာ ၁၁ ရက်က ဒုတိယအကြိမ်မြောက် အိမ်ထောင်ရှင် အလှမယ် ရွေးချယ်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင်အလှမယ်များကို တွေ့ရစဉ်**
(အဆိုပါပြိုင်ပွဲတွင် လျှောက်ထားသူ တစ်ထောင်ခန့်အနက် ၂၈ ဦးကို ရွေးချယ်ပြီး ပြိုင်ပွဲဝင်များသည် နံနက်ခင်း၊ ညနေခင်း၊ မြန်မာဝတ်စုံ တို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ယင်းအထဲမှ ဆန်ခါတင် ငါးဦးအဖြစ် မြင့်မြင့်ခိုင်၊ အဲလေး၊ မြဠဳသကမိုး၊ တင့်ရည်မွန်နှင့် ဝင်းသီတာတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။) **တင်စိုး(မြန်မာ့အလင်း)**



# မုံရွာကလေးစာပေပွဲတော်လာ ကလေးငယ်တိုင်းကို မြန်မာမုန့်မျိုးစုံကျွေးမွေးနိုင်ရန် စီစဉ်ထား

**မုံရွာ အောက်တိုဘာ ၁၁**

မုံရွာတက္ကသိုလ်တွင် အောက်တိုဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် လာရောက်ကြမည့် ကလေးငယ်များကို လူမှုရေးအသင်းအဖွဲ့များနှင့် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာမုန့်မျိုးစုံ ကျွေးမွေးသွားရန် စီစဉ်ထားကြောင်း တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်ထံမှ သိရသည်။

"မြန်မာမုန့် ငါးမျိုးကို ပွဲတော်သုံးရက်စလုံးမှာ ကျွေးမွေးမှာဖြစ်ပါတယ်။ တစ်ရက်အနည်းဆုံး ကလေးဦးရေ ၁၀၀၀ ကျွေးမွေးဖို့ လျာထားပါတယ်။ သုံးရက်ကျွေးမှာပါ။ မုန့်ကျွဲသဲ၊ မုန့်ဖက်ထုပ်၊ မုန့်ပဲဆုပ်၊ ထန်းသီးမုန့် စတဲ့ မုန့်ငါးမျိုးကျွေးမှာပါ။ ဒီထက်အမျိုးအစားပိုရင်လည်း ပိုမှာပါ"ဟု ဒေါ်ဆွေဆွေလတ်က ပြောသည်။

မုံရွာ ကလေးစာပေပွဲတော်ဖွင့်ပွဲနှင့် ပွဲတော်သုံးရက်တို့ကို အောင်မြင်စွာ ကျင်းပနိုင်ရေး အသေးစိတ်စီစဉ်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းက ပြောသည်။ ကလေးစာပေပွဲတော် လုံခြုံရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားကြောင်း၊ ဒရုန်းရိုက်ကူးမှုကို ခွင့်ပြုချက်ရမှ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ပြောသည်။

**သံတိုင်ထွန်း**

# ယုဇနဥယျာဉ်မြို့တော်၌ ပျော်ပွဲရွှင်ပွဲနှင့် အထူးညဈေးရောင်းပွဲတော်ကြီးကျင်းပလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)စီစဉ်သူ အလှူမှ နှစ်စဉ်ကြီးမှူးကျင်းပပြုလုပ်သည့် (၅) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် အထူး ညဈေးရောင်းပွဲတော်ကြီးကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄ )ရပ်ကွက် ခရေပင်လမ်းမ တစ်လျှောက်၌ အောက်တိုဘာ ၁၀ ရက်မှစတင်၍ ၁၉ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ညပိုင်းတွင် ဒေသခံအများပြည်သူ မိသားစုများ လာရောက်၍ အပန်းဖြေလှည့်လည်ကာ ပျော်ပွဲရွှင်ပွဲနှင့် အထူး ညဈေးရောင်း ပွဲတော်ကြီးနှင့်အတူ ပါဝင်ဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ (၅)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် အထူးညဈေးရောင်းပွဲတော်ကြီးတွင် တေးသရုပ်ဖော် အကပဒေသာဖြင့် ဖျော်ဖြေရေးအစီအစဉ်များ၊ မြန်မာ့ရိုးရာ အစားအသောက်မျိုးစုံ ရောင်းချသည့် ဆိုင်ခန်းများ၊ ပျော်ပွဲ ရွှင်ပွဲမျိုးစုံ ကျင်းပခြင်းနှင့်အတူ စည်ကားလျက်ရှိသည်။ အလားတူ ဒဂုံမြို့သစ်တောင်ပိုင်း၌လည်း အောက်တိုဘာ ၂၂ ရက် မှ ၂၈ ရက်အထိ ခုနစ်ရက်တိုင်တိုင် အင်းဝအိမ်ရာတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျင်မောင်**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကိုအခြေခံ၍ ကလေးသူငယ်နှင့် လူငယ်လူရွယ်အကြောင်းအရာစာတမ်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များကိုအခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာသည့် "ကလေးသူငယ်နှင့် လူငယ်လူရွယ်အကြောင်းအရာ" သုတေသနစာတမ်းကို အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသနစာတမ်းတွင် ကလေးနှင့် လူငယ်များ၏ လူဦးရေနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ၊ အိမ်အကြောင်းအရာနှင့် အိမ်ထောင်စုရှိပစ္စည်းများ၊ နေထိုင်မှု၊ ကျန်းမာရေးနှင့် အိမ်ထောင်ရေးအခြေအနေ၊ ကျောင်းတက်ရောက်မှုနှင့် အလုပ်လုပ်ကိုင်မှု၊ ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာမှု စသည့်ကဏ္ဍများကို အသက်အုပ်စုအလိုက်၊ အသက်တစ်နှစ်ချင်းအလိုက် လေ့လာသုံးသပ်တင်ပြထားပြီး စာတမ်းပါအချက်အလက်များသည် ယနေ့ မြန်မာနိုင်ငံရှိ ငယ်ရွယ်သူမျိုးဆက်သစ်များ၏ပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်နှင့် လူငယ်လူရွယ်များဖြစ်ကြောင်း၊ ကလေးမွေးဖွားနှုန်းနှင့် ကလေးသေဆုံးနှုန်းများ ယခုအတိုင်းဆက်လက်တည်ရှိနေမည်ဆိုပါက နောင်လာမည့် ၁၀ နှစ်အတွင်း ကလေးသူငယ်နှင့် လူငယ်လူရွယ်ဦးရေမှာ အနည်းငယ်သာ တိုးလာနိုင်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ကလေးသူငယ်နှင့် လူငယ်လူရွယ် ၂၄ ဒသမ ၅ သန်းနှင့် ၂၀၄၄ ခုနှစ်တွင် ၂၃ ဒသမ ၁ သန်းသာရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

ယင်းစာတမ်းပါ အချက်အလက်များအရ အသက် (၅-၉) နှစ်အတွင်းရှိသူ ကလေးများ၏ ၇၁ ဒသမ ၂ ရာခိုင်နှုန်းသည် မူလတန်းပညာတက်ရောက်သင်ကြားနေကြောင်း၊ အသက် (၁၀-၁၃)နှစ်အရွယ် ကလေး ၇၆ ဒသမ ၂ ရာခိုင်နှုန်းမှာ အလယ်တန်းပညာ တက်ရောက်သင်ကြားနေကြကြောင်း၊ သို့သော် အသက်(၁၄-၁၅) နှစ်အတွင်းရှိကလေးများ၏ ထက်ဝက်ခန့် ၅၁ ရာခိုင်နှုန်းသာ အထက်တန်းပညာကို တက်ရောက်သင်ကြားနေကြောင်း တွေ့ရှိရပြီး အထက်တန်းပညာသင်ကြားမှုအနေဖြင့် ကျေးလက်ဒေသတွင် ၄၇ ရာခိုင်နှုန်းနှင့် မြို့ပြဒေသတွင် ၅၉ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်နှင့် မြို့ပြကွာခြားမှုကိုလည်း ပြဆိုနေသည်။

အဆိုပါစာတမ်း၏ တွေ့ရှိချက်များအရ ကလေးသူငယ် သုံးယောက်လျှင် တစ်ယောက်သည် အလင်းရောင်အတွက် ရေနံဆီနှင့်ဖယောင်းတိုင်ကို အသုံးပြုနေရသော အိမ်ထောင်စုများမှဖြစ်ပါကြောင်း၊ ကလေးသူငယ်နှင့် လူငယ် ၇၅ ဒသမ ၇ ရာခိုင်နှုန်းသည် အစားအစာချက်ပြုတ်ရန် သစ်သား/ထင်းနှင့် ရေနံဆီတို့ကို လောင်စာအဖြစ် အဓိကအသုံးပြုသော အိမ်ထောင်စုများမှဖြစ်ကြောင်း၊ အကျိုးဆက်အဖြစ် ကလေးသူငယ်များသည် ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အဆိပ်သင့်မှုများဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိကြောင်း ဖော်ပြထားပြီး အဆိုပါအန္တရာယ်ဖြစ်နိုင်ခြေမှာ ကျေးလက်ဒေသတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။

အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသက်(၁၀-၁၃)နှစ်အရွယ် ကလေးသူငယ်များ၏ ရှစ်ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေကြကြောင်း၊ မြို့ပြဒေသတွင် လေးရာခိုင်နှုန်းနှင့် ကျေးလက်ဒေသတွင် ကိုးရာခိုင်နှုန်းဖြစ်ကြောင်း၊ အသက်(၁၅-၁၉)နှစ်ရှိ လူငယ်အမျိုးသားများ၏ ၆၀ ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ ၄၄ ဒသမ ၂ ရာခိုင်နှုန်းသည် လုပ်သားအင်အားစုတွင် ပါဝင်ကြကြောင်း၊ လူငယ်အမျိုးသားများ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ အသက်(၂၀ နှစ်) နောက်ပိုင်းတွင် မြင့်တက်လာသည်ကို တွေ့ရှိရပြီး အသက်(၂၅-၂၉)နှစ်တွင် ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အသက်(၂၀-၂၄)နှစ် လူငယ်အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၅၉ ဒသမ ၇ ရာခိုင်နှုန်းရှိသော်လည်း အသက်(၂၅-၂၉) နှစ်တွင် ၅၇ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြထားသည်။

လူငယ်အများစုမှာ ၎င်းတို့မွေးဖွားရာ မြို့နယ်များတွင် နေထိုင်ကြပြီး အသက် (၁၅-၂၄) နှစ်ရှိ လူငယ် ၁၉ ရာခိုင်နှုန်းသည် (ငါးယောက်လျှင် တစ်ယောက် )မွေးဖွားရာ ဒေသမှ အခြားဒေသသို့ ပြောင်းရွှေ့ဖူးသူများဖြစ်ကြောင်း၊ လူငယ်များ၏ ၅၇ ရာခိုင်နှုန်းသည် ဘဝတစ်လျှောက်တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုမှ အခြား တိုင်းဒေသကြီး/ပြည်နယ်တစ်ခုသို့ အနည်းဆုံးတစ်ကြိမ် ပြောင်းရွှေ့နေထိုင်ဖူးကြောင်း၊ လူငယ်များသည် ရန်ကုန်တိုင်းဒေသကြီးသို့ အများဆုံး ပြောင်းရွှေ့ကြကြောင်း ဖော်ပြထားပြီး သန်းခေါင်စာရင်းကောက်ယူသောကာလတွင် လူငယ်လူရွယ် ခုနစ်သိန်းခန့် ပြည်ပတွင် ရောက်ရှိနေကြကြောင်း၊ အချို့သော နယ်စပ်ဒေသများတွင် လူငယ်လူရွယ် ၅၀ ရာခိုင်နှုန်းခန့် ပြည်ပတွင်ရောက်ရှိနေကြောင်း၊ ပြည်ပရွှေ့ပြောင်းသူများ၏ ၆၀ ရာခိုင်နှုန်းမှာ လူငယ်အမျိုးသားများဖြစ်ကြောင်း တွေ့ရှိရသည်။

၎င်းသုတေသနစာတမ်းတွင် ကလေးသူငယ်များ၊ အထူးသဖြင့် ကျေးလက်ဒေသရှိ ကလေးသူငယ်များအတွက် လိုအပ်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သန့်ရှင်းသောယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်ရေး၊ လျှပ်စစ်မီးပိုမိုရရှိစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပံ့ပိုးပေးနိုင်ရေး စသည်တို့အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လိုအပ်ကြောင်း ဖော်ပြထားသည့်အပြင် မူလတန်းပြီးဆုံးချိန်တွင် အလယ်တန်း ဆက်လက်တက်ရောက်နိုင်ရန်တွက် အဟန့်အတားများ လျှော့ချပေးရန်နှင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာသည့်စာတမ်း ၁၃ စောင်နှင့် သန်းခေါင်စာရင်းရလဒ် မြေပုံစာအုပ်တို့ကို ပြုစုထုတ်ပြန်ကြေညာလျက်ရှိရာ ယခုစာတမ်းအပါအဝင် ထုတ်ပြန်ပြီးဖြစ်သော အစီရင်ခံစာများနှင့် သုတေသနစာတမ်းများအား ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုင်းပျဉ်းမြို့၌ မိုးသက်လေပြင်းများတိုက်ခတ်၍ လူနေအဆောက်အအုံအမိုးများပျက်စီးပြီး သစ်ကိုင်းများကျိုးကျ

**မိုင်းပျဉ်း အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့၌ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့၍ ပိန်းဆန်းရပ်ကွက် လမ်းမဘေးရှိ စားသောက်ဆိုင်နှင့် လူနေအိမ်တွဲလျက် သွပ်မိုးတစ်ထပ်ပေါ်သို့ လမ်းဘေး ညောင်ပင်ကျိုးကျသဖြင့် (၁၅ ×၂၀) ပေခန့်ရှိ အမိုးပျက်စီးခဲ့သည့်အပြင် အထကကျောင်းဝင်းအတွင်းရှိ စိန်ပန်းပင်မှာ ခါတ်ကြိုးပေါ်သို့ပြိုလဲပြီး လမ်းပိတ်ဆို့ခဲ့သည်။

ထို့အပြင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပိန်းဆန်းရပ်ကွက် မြို့နယ်တရားရုံးဝင်းရှိ ပိတောက်ပင်မှာ ကပ်လျက် စာရင်းစစ်ရုံးရှိ သုံးခန်းတွဲ သွပ်မိုးတစ်ထပ် ဝန်ထမ်းနေအိမ်ပေါ် သို့ ကျိုးကျခဲ့သဖြင့် အရှေ့ဘက် အမိုး (၃၆ × ၁၀ ) ပေခန့် နှင့် သွပ်ဆူးကြိုး ခြံစည်းရိုး ပေ ၅၀ ခန့် ပျက်စီးခဲ့သည့်အပြင် အောင်မင်္ဂလာလမ်းနှင့် ဆရာစံလမ်းထောင့် ပြည်သူ့ဝန်ဆောင်မှုရုံးရှေ့ရှိ သစ်ပင်မှာ လမ်းဘက်သို့ ကျိုးကျသဖြင့် အောင်မင်္ဂလာလမ်း ပိတ်ဆို့ခဲ့သည်။

ပျက်စီးခဲ့သည့်နေရာများသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက သစ်ကိုင်းများ ဖယ်ရှားပေးခြင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါမိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မြဝတီမြို့သို့ တစ်ဖက်ထိုင်းနိုင်ငံမှ နယ်မြေကျော်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအား ဖမ်းဆီးအရေးယူ

**မြဝတီ အောက်တိုဘာ ၁၁**



မြဝတီမြို့တွင် တစ်ဖက်ထိုင်းနိုင်ငံမှ နယ်မြေဖြတ်ကျော် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတစ်ဦးအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီခန့်က ဘားအံမြို့မှ မြဝတီမြို့သို့ ယာဉ်မောင်း ဇော်မင်းနိုင် (၃၇နှစ်) မြဝတီမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 7F/---- ယာဉ်အား ကော့ကရိတ်မြို့နယ် လှိုင်ဝ စစ်ဆေးရေးဂိတ်၌ တာဝန်ရှိသူများက စစ်ဆေးရာ ယာဉ်ပေါ်၌ ထိုင်းနိုင်ငံသား Mr.PhakinLdentification (၄၆ နှစ်)သည် (TBC) No,----ဖြင့် မြဝတီမြို့အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဝင်ရောက်ခဲ့ပြီး ဘားအံမြို့သို့ နယ်မြေကျော် သွားရောက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကော့ကရိတ်မြို့ စစ်ဆေးရေးဂိတ် အဖွဲ့ခေါင်းဆောင်(လဝက) လက်ထောက်ညွှန်ကြားရေးမှူး ဦးပြုံးချိုက မြဝတီခရိုင်(လဝက)သို့ ယင်းနေ့ ည ၇ နာရီတွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါထိုင်းနိုင်ငံသားအား မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှစစ်ဆေးရာ ဗီဇာစည်းကမ်းကို ချိုးဖောက်သဖြင့် မြဝတီမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ပြီး မြဝတီမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တည်းခိုခန်း၌ တည်းခိုနေသူတစ်ဦးထံမှ လက်ပစ်ဗုံး သိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အောက်တိုဘာ ၁၁ ရက်တွင် တည်းခိုခန်း၌ တည်းခိုနေသူ တစ်ဦးကို လက်ပစ်ဗုံးသီးနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ကြပ် ထွန်းစောအောင်နှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၅၈)ရပ်ကွက် ဦးဘညဏ်လမ်းရှိ စိုပြေ တည်းခိုခန်း အခန်း(၁၀၂)သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ တည်းခိုလျက်ရှိသူ စောကျော်လင်းဦး (၃၃ နှစ်)၏ အနက်ရောင်အိတ်အတွင်းမှ ဓားအိမ်ပါ၊ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း၊ 81 လက်ပစ်ဗုံးသီးတစ်လုံး၊ ပိုက်ဆံအိတ်အတွင်း၌ ထည့်ထားသော လက်ပစ်ဗုံးသီး စနက်တံတစ်ခု၊ 38 ကျည် လေးတောင့်ပါသေနတ်ချိုင်းလွယ်အိတ်တစ်ခုတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စောကျော်လင်းဦးအား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**



# ပြည်မြို့နယ်တရားရုံးအတွင်းမှ အမှုကိစ္စဆောင်ရွက်ရန် သိမ်းဆည်းထားသောဆိုင်ကယ်များမီးလောင်မှုဖြစ်

**ပြည် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကျောင်းကြီးအိုးတန်းရပ်ကွက် ကမ်းနားလမ်းရှိ မြို့နယ်တရားရုံးဝင်းအတွင်း ခြံစည်းရိုးဘေး၌ အမှုကိစ္စများဆောင်ရွက်ရန် သိမ်းဆည်းထားသော ဆိုင်ကယ်များ အောက်တိုဘာ ၁၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ ပြည်မြို့အမှတ်(၁)ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ဆိုင်ကယ်ငါးစီးသာ မီးလောင်ကျွမ်း ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးပြောကြားသည်။ မီးလောင်ကျွမ်းမှုမှာ လမ်းသွားလမ်းလာရင်း ဆေးလိပ်စွန့်ပစ်မှုကြောင့် သစ်ရွက်ခြောက်များမှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ပြည်အမှတ်(၁) ရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင် မြန်မာအလုပ်သမားနှစ်ဦးအား လာရောက်လွှဲပြောင်းပေး

**ဗန်းမော် အောက်တိုဘာ ၁၁**

တရားမဝင် မြန်မာအလုပ်သမား မောင်လှသိန်းမောင်နှင့် မောင်ဗျာဆားတို့ နှစ်ဦးအား အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာ တရားဝင် အဝင်/အထွက် ဂိတ်(၂)၌ တရုတ်နိုင်ငံ လုံ့ချွမ်ခရိုင် ရဲလဝကဌာန ဒုဌာနမှူး မစ္စတာရှီဝမ့်ခွင်နှင့်အဖွဲ့က လာရောက်လွှဲပြောင်းပေးရာ လွယ်ဂျယ်မြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂)မှ ရဲအုပ်နိုင်လင်းနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

အဆိုပါ လာရောက်လွှဲအပ်ခြင်းခံရသူ မောင်လှသိန်းမောင် (၃၆နှစ် )ဘော်ဒလီကျေးရွာ ပေါက်တောမြို့နယ် ရခိုင်ပြည်နယ်နေသူနှင့် မောင်ဗျာဆား(၁၉ နှစ်) နမ့်ဥမ္မာရွာ မိုးမိတ်မြို့နယ် ရှမ်းပြည်နယ်နေသူတို့သည် အလုပ်လုပ်ကိုင်ရန် မူဆယ်မြို့ ဆင်ဖြူပေါက်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ တစ်ခါသုံးကတ်ဖြင့် ဝင်ရောက်ခဲ့ရာ ကျန်းဖုန်းမြို့ ကားဝင်းအတွင်း၌ တရုတ်ရဲတပ်ဖွဲ့မှ နယ်မြေကျော်သွားလာမှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ထို့နောက် ကျန်းဖုန်းမြို့ရှိ အချုပ်ထောင်၌ တစ်လခန့် ချုပ်နှောင်ခံရပြီး ယခုလို မြန်မာနိုင်ငံသို့ လာရောက်လွှဲပြောင်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂)မှ ရဲအုပ်နိုင်လင်းက လူကုန်ကူးမှုအကြောင်း သိကောင်းစရာများနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာများအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး နေရပ်သို့ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မကွေးမြို့မရဲစခန်းမှ အချုပ်ဖောက်ထွက်ပြေးသည့် အချုပ်သားခြောက်ဦးအား ပြန်လည်ဖမ်းဆီးနိုင်ရေးဆောင်ရွက်နေ

**မကွေး အောက်တိုဘာ ၁၁**

မကွေးမြို့မရဲစခန်း အခန်း(၆)၌ ထိန်းသိမ်းထားသော အချုပ်သား ၁၅ ဦးအနက် ပြစ်မှုကြီးများနှင့် အမှုဖွင့်ချုပ်နှောင်ထားသူ အချုပ်သားခြောက်ဦးမှာ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အချုပ်ဖောက် ထွက်ပြေးသွားခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြန်လည်ဖမ်းဆီးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စီစီတီဗွီ မှတ်တမ်းအရ နံနက် ၃ နာရီ ၇ မိနစ် ၄၄ စက္ကန့်မှာ အချုပ်ဖောက်ထွက်ပြေးသွားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ စသိတာက မနက် ၆ နာရီလောက်မှ သိရတာ။ တရားခံတွေ အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လိုက်လံစုံစမ်း ရှာဖွေနေပါတယ်"ဟု မကွေးမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းကျော်က ပြောသည်။

အချုပ်ခန်း သံတိုင်ငါးတိုင်ကိုဖြတ်၊ အပြင်မှ သံဆန်ခါနှင့် သံဆူးကြိုးတို့ကို ဖောက်ကာ မိလ္လာအမိုးမှတစ်ဆင့် ထွက်ပြေးသွားသူ ခြောက်ဦးနှင့်ပတ်သက်၍ မြို့မရဲစခန်းမှ ကင်းမှူးတစ်ဦးနှင့် ကင်းသားခြောက်ဦးတို့အား ထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး ထွက်ပြေးသူများ၏ ကိုယ်ရေးဓာတ်ပုံ အချက်အလက်များ ဖြန့်ဝေကာ အမြန်ဆုံး ပြန်လည်ဖမ်းဆီးရမိရေး လုပ်ဆောင်နေကြောင်း သိရသည်။

အချုပ်ဖောက်ထွက်ပြေးသူများမှာ ဘိုဘိုထက် (၂၆နှစ်)၊ စိုင်းသီဟ(၂၁ နှစ်)၊ ချစ်ကိုကို(၂၄နှစ်)၊ အောင်ဇော်လင်း(၂၈နှစ်)၊ သိန်းမင်းထိုက်(၁၈နှစ်)၊ ခိုင်စိုး(၂၈နှစ်)တို့ဖြစ်ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

**ဧယျတု(မကွေး)**

# မူးယစ်ဆေးဝါးရောင်းချသူထံမှ ငွေကျပ် ၂၂၈ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်များဖမ်းဆီးရမိ

**တာချီလိတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရန်အောင်မြေသွားလမ်းဘေးရှိ ခြံကွက်လပ်၌ ငွေကျပ် ၂၂၈ သိန်းကျော်ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်များကို အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခန့်က မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးထံမှ သိမ်းဆည်းရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရန်အောင်မြေသွားလမ်းဘေးရှိ ခြံကွက်လပ်တွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ အောင်ဇော်အား ဆိုင်ကယ်ပေါ်တွင် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၀ နှင့် အိုက်စ်အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ငါးဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ၎င်းနေထိုင်သည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း၌ ဝင်ရောက်ရှာဖွေရာ နေအိမ်တိုက်ခန်းအတွင်းမှ အိုက်စ်အဖြူရောင်ပုံဆောင်ခဲအလေးချိန် ၉၀၀ ဂရမ်ခန့်ကို လည်းကောင်း၊ နေအိမ်နောက်ဘက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၀ ထုပ်စည်း နှစ်စည်း စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အောင်ဇော် (၄၂ နှစ်)ကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## လုယက်မှုကျူးလွန်ထားကြောင်း မသင်္ကာသူများအား ဖမ်းဆီးစစ်ဆေးရာမှ လုယက်မှုကိုးမှု ဖော်ထုတ်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၁**

လုယက်မှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ သက်နိုင်ထွန်း(ခ)သန်းနိုင်၊ သက်နိုင်အောင်(ခ)မင်းခန့်၊ ဇင်မျိုးထိုက် (ခ)စတစ်နှင့် ဖိုးလပြည့်တို့အား အောက်တိုဘာ ၆ ရက် နံနက် ၅ နာရီက ဆိုင်ကယ်တစ်စီး၊ ဖုန်းနှစ်လုံးနှင့်အတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၀) ရပ်ကွက် စွယ်တော်ရိပ်လမ်းပေါ်တွင် နယ်မြေလှည့်ကင်းဆောင်ရွက်နေသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့များက တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ လုယက်လာကြောင်း ပေါ်ပေါက်သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူ သက်နိုင်ထွန်း(ခ)သန်းနိုင်၊ သက်နိုင်အောင်(ခ)မင်းခန့်၊ ဇင်မျိုးထိုက်(ခ)စတစ်နှင့် ဖိုးလပြည့်တို့အား အသေးစိတ်ထပ်မံစစ်ဆေးခဲ့ရာ ချစ်ကို(ခ)စန်းမျိုးဦးနှင့်အတူ အခြားလုယက်မှုများ ကျူးလွန်ထားကြောင်းပေါ်ပေါက်သဖြင့် ချစ်ကို(ခ)စန်းမျိုးဦးအား ဖမ်းဆီးခဲ့ရာ ၎င်းနေထိုင်သည့် (၆၀)ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ကို တိုက်ဆိုင်စစ်ဆေးရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဆိုင်ကယ် ငါးစီး၊ ဖုန်းနှစ်လုံး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှ ဆိုင်ကယ်လေးစီး၊ ဖုန်းတစ်လုံး စုစုပေါင်း ဆိုင်ကယ်ကိုးစီး၊ ဖုန်းသုံးလုံးတို့ကို ဓားထောက်လုယက်၍ ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုများရေးဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထီးချိုင့်မြို့နယ်အတွင်းမှ ကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်းဖမ်းမိ

**ထီးချိုင့် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အဝင် မောင်းတံဂိတ်တွင် ဘိန်းစိမ်း ၇၂ ဒသမ ၆ ကီလိုဂရမ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခန့်က ထီးချိုင့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့် ကြီးကြပ်၍ မူးယစ်တပ်ဖွဲ့မှ ဒုရဲမှူး ရန်နိုင်ထွန်းနှင့် ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့အဝင် မောင်းတံဂိတ်တွင်သတင်းအရ စောင့်ဆိုင်းနေစဉ် ကျော်ကြီးဆိုသူ စီးနင်းလာသောဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ဘိန်းစိမ်း ၂၅ ဒသမ ၈ ဂရမ်ကို လည်းကောင်း၊ ကွင်းဆက်အရ ယင်းနေ့ နံနက် ၉ နာရီက ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာအနီး အောင်စိန်၏ ဆိုင်ကယ်အတွင်းမှ ဘိန်းစိမ်း ၂၂ ဒသမ ၁ ဂရမ်နှင့် သိန်းအောင်၏ ဆိုင်ကယ်အတွင်းမှ ဘိန်းစိမ်း ၂၄ ဒသမ ၇ ဂရမ် စုစုပေါင်းဘိန်းစိမ်းအလေးချိန် ၇၂ ဒသမ ၆ ဂရမ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၁၇၈ သိန်းကို ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် ကျော်ကြီး၊ အောင်စိန်နှင့် သိန်းအောင်တို့ကို ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရဖမ်းဆီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ဘိုကလေးကျေးရွာတွင် ပြောင်ချိုများဖမ်းဆီးရမိ

**ကျွန်္တလီ အောက်တိုဘာ ၁၁**

ကျွန်္တလီမြို့ ဘိုကလေးကျေးရွာတွင် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က တရားမဝင် တိရစ္ဆာန်ပြောင်ချိုများ ဖမ်းဆီးရမိသည်။



ဘိုကလေးကျေးရွာ သုသာန်အတွင်းသို့ အသက် ၅၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးသည် မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်ကိုင်ဆောင်၍ ဝင်ရောက်သွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံသတင်းပေးပို့လာသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက ဘိုကလေးသစ်တော တောခေါင်း ဦးကြည်လင်းထံ သတင်းပေးပို့သဖြင့် တောခေါင်း ဦးကြည်လင်းနှင့်တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသားသည် အထုပ်ကိုပစ်ချပြီး ထွက်ပြေးသွားကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့က ယင်းအထုပ်ကိုရှာဖွေရာ ပြောင်ချိုအကြီး အကျယ်နှစ်ပေ ငါးလက်မရှိ ချိုနှစ်ချောင်း၊ ပြောင်ဦးခေါင်းအရှည် တစ်ပေ ငါးလက်မ၊ အနံတစ်ပေ ၊ ပြောင်ချိုအသေး အကျယ် ကိုးလက်မနှင့် တစ်လက်မရှိသော ချိုနှစ်ချောင်း၊ ဦးခေါင်းအရှည် တစ်ပေ ငါးလက်မ၊ အနံတစ်ပေရှိ ပြောင်ဦးခေါင်းနှင့် ချိုများကို တွေ့ရှိရသဖြင့် မြို့နယ် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းလျက်ရှိပြီး အမှုဖွင့်ဆောင်ရွက်နိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ကျွန်္တလီမြို့ရဲစခန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေပြည်သာတွင် လူသတ်မှုဖြစ်ပွား

**ရွှေပြည်သာ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်မရှိ ကျူးတော်ဝင်လမ်း(၆)ရပ်ကွက်တွင် ဒေါ်ခင်သီတာအေး ( ၄၃ နှစ်) အိမ်ခြံမြေပွဲစားလုပ်ကိုင်သူက ၎င်း၏ ခင်ပွန်းအား သေဆုံးအောင်ပြုလုပ်သူ လူတစ်စုအား အရေးယူပေးရန် ရွှေပြည်သာရဲစခန်း၌ အမှုဖွင့်တိုင်းတန်းခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် နံနက် ၃ နာရီခွဲခန့်က ဒေါ်ခင်သီတာအေးသည် ခင်ပွန်းဖြစ်သူ ကိုကျော်နိုင်၊ သမီးဖြစ်သူ မမေသူတို့နှင့်အတူ နေအိမ်၌ အိပ်နေစဉ် တင်လှ (၅၃ နှစ်) သုံးလွှာ မြို့ပတ်လမ်း ဂွတ္တလိတ်အရှေ့ဆရာစံ မြောက်ရှေ့ရပ်ကွက် ဗဟန်းမြို့နယ်နေသူနှင့် လူတစ်စုက ဓားရှည်များကိုင်ဆောင်ကာ အိမ်ရှေ့တံခါးကို တွန်းဖွင့်ဝင်လာပြီး ကိုကျော်နိုင်အား ဓားဖြင့်ဝိုင်းဝန်းခုတ်ကြသဖြင့် ထိုးသွင်းပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး အင်းစိန်ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားသောကြောင့် ရွှေပြည်သာရဲစခန်းသို့ တိုင်တန်းရာ အမှုမှန်ပေါ်ပေါက်ရေးနှင့် ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**လှမိုး(ရွှေပြည်သာ)**

# ဝမ်းတွင်းမြို့နယ်၌ ငွေကျပ် ၁၅၇ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတစ်လုံးပျောက်ဆုံး

**ဝမ်းတွင်း အောက်တိုဘာ ၁၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ငွေကျပ် ၁၅၇ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတစ်လုံး ပျောက်ဆုံး၍ အောက်တိုဘာ ၁၀ ရက်က ဝမ်းတွင်းမြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မမွှေးမွှေး(ခ)မမြင့်ဇူမြိုင်(၄၈ နှစ် ) မြသိန်းတန်ရပ်ကွက် ဝမ်းတွင်းမြို့နေသူသည် ဝမ်းတွင်း-သဲတောကားလမ်းဘေးရှိ ဈေးဆိုင်သို့ သွားရောက်ရန်အတွက် ၎င်းပိုင်လက်ဝတ်ရတနာပစ္စည်းများအား နေအိမ်ရှိဗီရိုထဲတွင် သော့ခတ်သိမ်းဆည်းခဲ့ပြီး အောက်တိုဘာ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင် နေအိမ်မှ ထွက်ခွာလာခဲ့ကြောင်း၊ ယင်းနောက် မွန်းလွဲ ၁ နာရီခွဲတွင် နေအိမ်သို့ပြန်လည် ရောက်ရှိစဉ် နေအိမ်အနောက်တံခါးပေါက်မှာပျက်၍ ပွင့်နေသည်ကိုတွေ့ရပြီး နေအိမ်အိပ်ခန်းအတွင်းရှိ ဗီရိုသော့များပျက်နေသဖြင့် စစ်ဆေးရာ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ဆမ်ဆောင်းဖုန်းတစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၉၀၀၀၀၀ ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။

ထိုသို့ နေအိမ်မှ ရွှေထည်ပစ္စည်းများကို ခိုးယူသွားသူအား စုံစမ်းအရေးယူပေးပါရန် မမွှေးမွှေး(ခ)မမြင့်ဇူမြိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဝမ်းတွင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းအဖွဲ့ ပိတောက်ခားရွှေတုံးများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၁၀ ၊ သွင်းကုန် ၃၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၈၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၅၈၅ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၇၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် မူဆယ်သို့ သွားရောက်မည့်ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင်အမှတ် ၁၉၇ မိုင် ၅ ဖာလုံ၊ စံလောင်းကျေးရွာအနီး၌ ရပ်တန့်ထားသော Toyota Mark II Blit ယာဉ်တစ်စီးနှင့် Toyota Mark II ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွှေသစ် ၆၃ တုံး (၁ ဒသမ ၀၃၈၆ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၁၁၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွှေသစ်များနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်များ

# စစ်အင်အားကိုပြသသည့်အနေဖြင့် အမေရိကန်ဗုံးကြဲလေယာဉ်နှစ်စင်း ကိုရီးယားကျွန်းဆွယ်ပေါ်၌ ပျံသန်းခဲ့

**ဆိုးလ် အောက်တိုဘာ ၁၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှု အန္တရာယ်ကို မည်သို့မည်ပုံ ကာကွယ်လျှင်ကောင်းမည်ကို ထိပ်တန်းကာကွယ်ရေးအရာရှိများနှင့် ဆွေးနွေးနေချိန်တွင် အမေရိကန်က ၎င်း၏စစ်အင်အားကိုပြသသည့်အနေဖြင့် ဗုံးကြဲလေယာဉ်နှစ်စင်းကို ကိုရီးယားကျွန်းဆွယ်ပေါ်၌ ပျံသန်းပြခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၁၁ ရက်က ဖော်ပြခဲ့သည်။



မြောက်ကိုရီးယားက နျူကလီယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို ထပ်တလဲလဲလုပ်ဆောင်လျက်ရှိသောကြောင့် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား တင်းမာမှုများ မြင့်တက်လျက်ရှိသလို ကင်ဂျုံအန်းနှင့် ထရန့်တို့ကြား ရန်လိုမှုများလည်း မြင့်တက်လာကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။

မြောက်ကိုရီးယားသည် ဂျပန်ဖြတ်ကျော် ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ပြီး မကြာသေးမီရက်သတ္တပတ်အတွင်းကလည်း အမေရိကန်ကုန်းတွင်းပိုင်းအထိ ရောက်ရှိ ပစ်ခတ်နိုင်သည့် ၎င်း၏ ခြောက်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂူအမ်လေတပ်အခြေစိုက်စခန်းမှ ထွက်ခွာသွားသော အမေရိကန်ဗုံးကြဲလေယာဉ်နှစ်စင်းသည် တောင်ကိုရီးယားလေတပ်မှ တိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် ပူးပေါင်းခဲ့ကြောင်း အောက်တိုဘာလ ၁၁ ရက်နေ့ထုတ်ပြန်သောကြေညာချက်တွင် တောင်ကိုရီးယားဒုတိယကာကွယ်ရေး ဦးစီးချုပ်ရုံးက ပြောကြားခဲ့သည်။

တောင်ကိုရီးယား လေပိုင်နက်တောင်ကိုရီးယားအရှေ့ဘက် ကမ်းရိုးတန်းကမ်းလွန်သို့ ရောက်ရှိချိန်တွင် အမေရိကန်ဗုံးကြဲလေယာဉ်များသည် မြေပြင်ဝေဟင်ပစ် ဒုံးကျည်များပစ်ခတ်သည့်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် လေ့ကျင့်မှုများလုပ်ဆောင်ပြီးပါက ဂျပန်တိုက်ခိုက်ရေးလေယာဉ်များနှင့် လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သီးခြားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(ရိုက်တာ)**

အမေရိကန် ဗုံးကြဲလေယာဉ်နှစ်စင်းကို ပျံသန်းထွက်ခွာမှုမပြုလုပ်မီ တွေ့ရစဉ်

# တရုတ်နိုင်ငံကပိုင်ဆိုင်ကြောင်း အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းအနီး၌ အမေရိကန်စစ်သင်္ဘောခုတ်မောင်း

**ဝါရှင်တန် အောက်တိုဘာ ၁၁**
အမေရိကန်ဖျက်သင်္ဘောတစ်စင်းသည် တရုတ်က ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည့် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုအနီး၌ ခုတ်မောင်းခဲ့ကြောင်း အမေရိကန်အာဏာပိုင် သုံးဦးက ရိုက်တာသို့ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် ဒုံးကျည်အစီအစဉ်များကိုရပ်ဆိုင်းရန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို လိုလားနေချိန်လည်း ဖြစ်သည်။

အငြင်းပွားကျွန်းများအနီး ဖျက်သင်္ဘောခုတ်မောင်းမှုသည် မဟာဗျူဟာကျသည့် ရေပိုင်နက်အတွင်း ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကို ကန့်သတ်လိုသည့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုကို ရင်ဆိုင်ရန် ဝါရှင်တန်ကလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ထိုသို့လုပ်ဆောင်ခဲ့မှုသည် ထရန့်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ဇန်နဝါရီလအတွင်းက အငြင်းပွားကျွန်းအနီးဖျက်သင်္ဘောခုတ်မောင်းခဲ့မှုလောက် အခြေအနေမပြင်းထန်ကြောင်း သိရသည်။

ဒုံးကျည်ဖျက်သင်္ဘော ချာဖီသည် ပါရာဆယ်ကျွန်းအနီးတွင် ရေကြောင်းသွားလာမှုဆိုင်ရာ အငြင်းပွားမှုများကို စိန်ခေါ်သည့်သာမန်စစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူအမေရိကန်အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်ယင်က တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် တင်းမာခက်ထန်သည့် သဘောထားများရှိနေကြောင်းနှင့် ပါရာဆယ်ကျွန်းသည် တရုတ်နိုင်ငံကပိုင်ဆိုင်သည့် နယ်နိမိတ်ဖြစ်သည်ဟု ထပ်တလဲလဲပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက ရေတပ်မှသင်္ဘောများနှင့် စစ်လေယာဉ်များကို စုံစမ်းထောက်လှမ်းမှုပြုလုပ်ရန် ချက်ချင်းစေလွှတ်ခဲ့ကြောင်း၊ သင်္ဘောကို သတိပေးခဲ့ပြီး ထွက်ခွာသွားရန် တောင်းဆိုခဲ့ကြောင်း ၎င်း၏ပြောဆိုမှုကို ဗုဒ္ဓဟူးနေ့သတင်းတွင် ဖော်ပြခဲ့သည်။ **(ရိုက်တာ)**



အမေရိကန်ဖျက်သင်္ဘော USS Chafee

# အိုင်အက်စ်အဖွဲ့ သိမ်းပိုက်ခဲ့သည့် ဟာဝီဂျာဒေသကို အီရတ်အစိုးရအဖွဲ့က အပြီးအပိုင်ပြန်လည်ရယူနိုင်ခဲ့

**ဘဂ္ဂဒက် အောက်တိုဘာ ၁၁**
အိုင်အက်စ်အစွန်းရောက်အဖွဲ့တို့ သိမ်းပိုက်ခဲ့သည့် ဟာဝီဂျာဒေသကို အီရတ်အစိုးရအဖွဲ့က အပြီးအပိုင်ပြန်လည်သိမ်းပိုက်နိုင်လိုက်ပြီဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။



အီရတ်အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့၊ ဖယ်ဒရယ်ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့၊ အစိုးရတပ်ဖွဲ့နှင့် ရှီးယိုက်အရပ်ဘက်လက်နက်ကိုင်တပ်ဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ယမန်နေ့က ဟာဝီဂျာဒေသကို လုံးဝပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဟာဝီဂျာဒေသကို အလျင်အမြန်ပြန်လည် သိမ်းပိုက်နိုင်ခြင်းဖြင့် အိုင်အက်စ်အစွန်းရောက်အဖွဲ့က လက်ကျန်သိမ်းပိုက်ထားသည့် ဒေသများကို ထိန်းချုပ်နိုင်စွမ်း ကျဆင်းနေပြီဖြစ်ကြောင်း အီရတ်နိုင်ငံစစ်ဘက်ဆိုင်ရာမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဟာဝီဂျာဒေသသည် အီရတ်နိုင်ငံမြောက်ပိုင်း ကာကတ်ပြည်နယ်၌ တည်ရှိပြီး ၂၀၁၄ ခုနှစ်တွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ လက်အောက်သို့ ကျရောက်ခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# တူရကီအနောက်ပိုင်း၌ ရေနံချက်စက်ရုံပေါက်ကွဲသဖြင့် လူလေးဦးသေဆုံး

**အန်ကာရာ အောက်တိုဘာ ၁၁**
တူရကီနိုင်ငံ အနောက်ပိုင်းပြည်နယ် အစ်ဇမာတွင် ဗုဒ္ဓဟူးနေ့က တာပရက်စ် အလီရာဂါရေနံချက်စက်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

အလီရာဂါဒေသအုပ်ချုပ်ရေးမှူးဘေရမ် ရီမက်ဇ်ကပေါက်ကွဲမှုသည် အသုံးမပြုဘဲ သိမ်းဆည်းထားသည်မှာကြာပြီဖြစ်သည့် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့တင်ကားကို စီမံထိန်းချုပ်မှုပြုလုပ်နေစဉ်အတွင်း ဓာတ်ငွေ့များဖြင့် ပိတ်လှောင်ကာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်းထောက်များအား ပြောကြားခဲ့ကြောင်း ဟာရီရတ်နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

ထိုသို့ဖြစ်ပွားမှုသည် လုပ်ငန်းခွင်ဆိုင်ရာမတော်တဆဖြစ်ပွားမှုသာဖြစ်ပြီး ပြင်ပပယောဂမပါဝင်ကြောင်း၊ တိုက်ခိုက်မှုမဟုတ်ကြောင်း ရီမက်ဇ်က ပြောသည်။ ရေနံချက်စက်ရုံ၌ လုပ်ငန်းဆောင်ရွက်ထုတ်လုပ်မှုများသည် ပုံမှန်အတိုင်းရှိနေပြီး မီးလောင်နိုင်သည့် အန္တရာယ်မျိုးမရှိခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

တာပရက်စ် ရေနံချက်စက်ရုံသည် နှစ်စဉ်ရေနံစိမ်းတန်ချိန် ၁၁ သန်းခန့်ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် စက်ရုံဖြစ်သည်။
**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရာဇီးနိုင်ငံ နေအိမ်တစ်ခုအတွင်း လေယာဉ်ပျက်ကျ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁၁**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပိုလိုပြည်နယ်ရှိ နေအိမ်တစ်ခု၏ ဥယျာဉ်အတွင်းသို့ ယမန်နေ့က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဂျင်တစ်လုံးတပ်ဘီးချ်ခရပ်ဖ်လေယာဉ်သည် ဆော်ပိုလိုမြို့မှ ၄၄၀ ကီလိုမီတာအကွာ ဆော်ဂျို့စ်ဒိုရီယိုပရီတိုမြို့ရှိ နေအိမ်တစ်ခု၏ ဥယျာဉ်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဌာနက ပြောသည်။

လေယာဉ်သည် ဘရာဇီးနိုင်ငံ အလယ်ပိုင်း မာတိုဂရို့စ်ဆိုပြည်နယ် တန်ဂါရာဒါဆာရာမြို့မှ ထွက်ခွာလာပြီးနောက် လေဆိပ်မရောက်မီ ၃၀၀ မီတာအလိုတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာအာဏာပိုင်များက လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ (ဆင်ဟွာ)

### လိင်တူလက်ထပ်ခြင်းအပေါ် မဲပေးနိုင်သော ဩစတြေးလျနိုင်ငံသား ၆၂ ဒသမ ၅ သန်းမဲပေးခဲ့

**ဆစ်ဒနီ အောက်တိုဘာ ၁၁**

လိင်တူလက်ထပ်ခြင်းကို တရားဥပဒေအရ ခွင့်ပြုရေး၊ မပြုရေးအပေါ် ဩစတြေးလျနိုင်ငံသား ၁၀ သန်းသို့မဟုတ် မဲပေးနိုင်သောနိုင်ငံသား ၆၂ ဒသမ ၅ သန်း မဲပေးခဲ့ကြောင်း စာရင်း အင်းဌာနက အောက်တိုဘာ ၁၀ ရက်တွင် ပြောခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ယခုလိုမဲပေးခဲ့သော လူဦးရေပမာဏသည် ၉ ဒသမ ၂ သန်းရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် မဲပေးသောလူဦးရေ ၁၀ သန်းခန့်ရှိလာခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသားများသည် လွန်ခဲ့သောလကတည်းက ယခုကိစ္စကို မဲပေးခဲ့ခြင်းဖြစ်ပြီး ယခုလိုမဲပေးခြင်းဖြင့် လိင်တူလက်ထပ်ခြင်းကို ခွင့်ပြုသည့် ၂၅ နိုင်ငံမြောက်အစိုးရဖြစ်လာစေချင်သော ဆန္ဒရှိခဲ့ကြောင်း သိရသည်။

လိင်တူလက်ထပ်ခြင်းဆိုင်ရာ ယခုလိုမဲပေးမှုများ၏ ရလဒ်ကို လာမည့် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် တရားဝင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိုင်ယာလန်နိုင်ငံတွင်လည်း ယခုကဲ့သို့ လိင်တူလက်ထပ်ခြင်းကို အားပေးသည့် ရာခိုင်နှုန်းမှာ ၆၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း ၂၀၁၅ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအရ သိရသည်။

(ရိုက်တာ)

# ယီမင်စစ်ပွဲနောက်ကွယ်မှ အဓိကထိခိုက်ခံစားနေရသူများ

ချိုးစန္ဒီမွေး



ယီမင်မိန်းကလေးငယ်တစ်ဦးဟာ အိမ်ကနေထွက်ပြေးဖို့ ကြိုးစားပြီးတဲ့နောက်မှာတော့ အိမ်ခန်းထဲမှာ ပိတ်လှောင်ထားခြင်းခံရပါတယ်။ အပြင်မှာနေ့ရောက်နေသလား၊ ညရောက်နေသလားဆိုတာကိုတောင် သူမသိရ ပါဘူး။ အသက် ၁၄ နှစ်သာရှိသေးတဲ့ မိုဆီနာဟာအသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးနဲ့ လက်ထပ်ထားပါတယ်။ သူ့သဘောဆန္ဒမပါဘဲ အတင်းအကျပ်လက်ထပ်ခံရပြီးတဲ့နောက်မှာ သူဟာထွက်ပြေးဖို့ အမျိုးမျိုးကြံစည်ခဲ့ပါတော့တယ်။ မအောင်မြင်တဲ့အဆုံးသူ့ကို ပြတင်းပေါက်တောင်မပါတဲ့အခန်းထဲမှာ သော့ပိတ်ထားတာနဲ့ပဲ ကြုံတွေ့ခဲ့ရပါတယ်။

> **ကလေးတွေဟာ သူတို့ လုပ်လိုက်တဲ့ လုပ်ရပ်ဟာ ဘယ်လိုအကျိုးဆက်ကို ဖြစ်ပေါ်စေမယ် ဆိုတာ နားမလည်သေးပါဘူး။ ဒါကို အခွင့်ကောင်းယူပြီး သူငယ်ချင်းတွေနဲ့အတူ တိုက်ပွဲထဲကိုမဝင်ရင် လူရာ မဝင်ဘူးလို့ ထင်မြင်လာ စေတာကတော့ ရက်စက် လွန်းရာကျ**

ဒီဖြစ်ရပ်မျိုးတွေဘာကြောင့် ကြုံတွေ့နေရတာပါသလဲ။ အဓိကကတော့ စစ်ပွဲတွေကြောင့်ပါပဲ။ စစ်ပွဲတွေကြောင့်ပဲ ယီမင်နိုင်ငံကိုလူသားချင်းစာနာထောက်ထားမှု ကင်းမဲ့တဲ့ ကပ်ဆိုက်စေခဲ့ပါတယ်။ စစ်ပွဲတွေကြောင့်လူတွေဟာ လုပ်ကိုင်စားသောက်လို့ မရတော့ဘဲ အလုပ်လက်မဲ့လူဦးရေလည်း တိုးလာခဲ့ပါတယ်။ စားဝတ်နေရေးကျပ်တည်းလာတဲ့အခါ မိုဆီနာကြုံတွေ့နေရတဲ့ အဖြစ်မျိုး တခြားသော ယီမင်မိန်းကလေးတွေလည်း ကြုံတွေ့လာရတော့တာပါပဲ။ မိုဆီနာရဲ့မိဘတွေဟာ အသက်မပြည့်သေးတဲ့ သူတို့သမီးကိုဘာလို့လက်ထပ်ပေးခဲ့တာပါလဲ။ အဖြေကတော့မက်လောက်စရာကောင်းတဲ့ တင်တောင်းငွေကြောင့်ပါပဲ။ မိုဆီနာကိုလက်ထပ်ပေးလိုက်တဲ့အတွက် သမက်လောင်းဆီက တင်တောင်းငွေဒေါ်လာ ၁၃၀၀ ရရှိခဲ့ပါတယ်။ ဒီငွေနဲ့ဆိုရင် သူတို့မိသားစုဟာ တစ်နှစ်လောက်ထိုင်စားလို့ရပါတယ်။

ယီမင်နိုင်ငံမှာ နှစ်နှစ်ကြာပြည်တွင်းစစ်ကြောင့် တိုင်းပြည်အတွင်းမှာရှိတဲ့ အခြေခံအဆောက်အအုံတွေ အားလုံးနီးပါးပျက်စီးခဲ့ရပြီး နိုင်ငံအတွင်းမှာရှိတဲ့ ထောင်ပေါင်းများစွာသော ပြည်သူတွေဟာလည်း ကာလဝမ်းရောဂါကြောင့် သေကျေပျက်စီးခဲ့ရပါတယ်။ သေဆုံးသူဦးရေ အတိအကျနဲ့ ပျက်စီးဆုံးရှုံးမှုတွေ အတိအကျကို မသိရတာကတော့ နောက်ထပ် ထိုးနှက်ချက် တစ်ခုပါပဲ။ အချို့သော မိသားစုတွေဟာ စားဝတ်နေရေးအတွက် အသက်မပြည့်သေးတဲ့သမီးမိန်းကလေးတွေကို သတို့သမီးအဖြစ် ရောင်းချတယ်။ အချို့သော မိသားစုတွေကျတော့ သားယောကျ်ားလေးကို တပ်သားသစ်စုဆောင်းရာမှာ ထည့်လိုက်တယ်။

ကလေးဘယ်လောက်များများ ကျောင်းကနေ နုတ်ထွက်ပြီး ကလေးစစ်သားတွေ၊ သတို့သမီးငယ်တွေဖြစ်သွားကြသလဲဆိုတာအတိအကျ မသိရပါဘူး။ ဒါပေမယ့် မိဘအတော်များများကတော့ ဒီလိုမျိုး လုပ်နေကြတယ်ဆိုတာကို တွေ့မြင်နေရပါတယ်လို့ ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ကိုယ်စားလှယ်ဖြစ်သူ မာရစ်ဆယ်ရီလာနိုကပြောပါတယ်။ အလုပ်အကိုင်ရှားပါးမှုကြောင့် မိဘတွေကိုရွေးချယ်စရာလမ်းမရှိဖြစ်စေတယ်လို့ သူကဆက်ပြောပါတယ်။

ယီမင်နိုင်ငံမှာဆိုရင် လက်ရှိမှာ အီရန်က အထောက်အပံ့ပြုထားတဲ့ သူပုန်တွေက အာဏာရယူထားပြီး ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေက ဒီသူပုန်တွေလက်ထဲကနေ ယီမင်အစိုးရအာဏာပြန်ရဖို့ ရည်ရွယ်ကာ ယီမင်မှာဗုံးကြဲတိုက်ခိုက်မှုတွေ ပြုလုပ်နေခဲ့ပါတယ်။ နှစ်နှစ်သာကြာလာခဲ့တယ်။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေရဲ့ ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့်စစ်ပွဲတွေကတော့ ဆက်ဖြစ်နေခဲ့ပြီးအပြစ်မဲ့တဲ့ပြည်သူတွေ အထူးသဖြင့် ကလေးငယ်တွေဟာစစ်ပွဲရဲ့ရလဒ်ဆိုးကိုခံစားနေရပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂရဲ့အဆိုအရ ယီမင်နိုင်ငံမှာကလေးနှစ်ဦးလျှင် တစ်ဦးမှာ အစာအာဟာရချို့တဲ့မှုကြောင့် ကြီးထွားမှုနှုန်းရပ်တန့်သည့် ဝေဒနာခံစားနေရတယ်လို့ သိရပါတယ်။ အာဟာရချို့တဲ့မှုကြောင့်လည်း ဖျားနာမှုတွေဖြစ်ပွားခဲ့ရပါတယ်။ ကျောင်းဆရာတွေကိုလည်း လစာမပေးနိုင်တော့ နိုင်ငံအတွင်းမှာရှိတဲ့ကျောင်းစုစုပေါင်း ၁၄၄၀၀ထဲက ၁၂၀၀၀ဟာ ပိတ်ထားခဲ့ရပါတယ်။ ကလေးငယ်ထက်ဝက်ကျော် ပါဝင်တဲ့ လူပေါင်း ၇၀၀၀၀၀ ကျော်ဟာ ကာလဝမ်းရောဂါခံစားနေခဲ့ရပါတယ်။

ယီမင်နိုင်ငံမှာ လက်ထပ်နိုင်တဲ့ အသက်အရွယ်အပိုင်းအခြားနဲ့ ပတ်သက်ပြီး ဥပဒေတိတိကျကျမရှိပါဘူး။ ဒီတော့ မိန်းကလေးငယ်တွေ လက်ထပ်ပေးမှုကို တားမြစ်လို့ မရဖြစ်နေတယ်။ ယီမင်နိုင်ငံရဲ့ပဋိပက္ခစစ်ပွဲတွေဟာ ၂၀၁၄ ခုနှစ်က စတင်ခဲ့ပါတယ်။ နိုင်ငံမြောက်ပိုင်းက ရှီးယိုက်သူပုန်တွေဟာ ဟူသီတွေလို့ အမည်တွင်ပြီး မြို့တော်ဆာနားကို သိမ်းပိုက်ထားတယ်။ နိုင်ငံတကာကအသိအမှတ်ပြုထားတဲ့ အစိုးရကိုတော့ တိုင်းပြည်အတွင်းကနေ နှင်ထုတ်လိုက်တယ်။ ဒီဖြစ်ရပ်ကြောင့် ဆော်ဒီအာရေဗျနဲ့ အခြားသောအာရပ်နိုင်ငံတွေပါ စစ်ပွဲအတွင်းပါလာပြီးတိုင်းပြည်ကို နှစ်ခြမ်းကွဲစေခဲ့တယ်။ နိုင်ငံတောင်ပိုင်းနဲ့ မြောက်ပိုင်းအားပြိုင်မှုတွေ ပိုမိုဖြစ်ပေါ်လာစေခဲ့တယ်။

ဒီစစ်ပွဲတွေကြောင့်ပဲ တိုင်းပြည်အတွင်း မှာရှိတဲ့မိသားစုတွေ ရဲ့ပိုင်ဆိုင်မှုပစ္စည်းဥစ္စာတွေဟာ တဖြည်းဖြည်းလျော့ပါးသွားခဲ့ရတယ်။ ဆင်းရဲတွင်းနက်ခဲ့ရတယ်။ ပိုင်ဆိုင်မှုတွေမရှိတော့တဲ့အခါ သားသမီးတွေကိုပါ ထုတ်ရောင်းရတဲ့အထိ ဖြစ်လာခဲ့တယ်။ မိုဆီနာကတော့ သူရဲ့သူငယ်ချင်းတွေ အားလုံးဟာ လက်ထပ်ပြီးကြပြီးကွာရှင်းခွင့်ရဖို့ကိုပဲ ဆုတောင်းနေရတယ်လို့ ပြောပါတယ်။

အမေရိကန် ပြည်ထောင်စုက အထောက်အပံ့ပေးထားတဲ့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် မိုဆီနာအဖေအလုပ်လုပ်တဲ့ စက်ရုံပျက်စီးသွားပြီးတဲ့နောက်မှာတော့ မိုဆီနာဟာသူ တစ်ခါမှမမြင်ဖူးတဲ့လူနဲ့ လက်ထပ်ခဲ့ရပါတယ်။ သူ့အဖေဟာလည်းအလုပ်အသစ်ရှာဖို့ မတတ်နိုင်တဲ့အဆုံးမှာ တင်တောင်းငွေဒေါ်လာ ၁၃၀၀ ကို လက်ခံပြီးသမီးဖြစ်သူကို အိမ်ထောင်ချပေး လိုက်ပါတယ်လို့ မိုဆီနာကသူ့အတွေ့အကြုံကို ပြောပါတယ်။ မိုဆီနာဟာ ထွက်ပြေးလာပေမယ့် ဖခင်ဖြစ်သူကတော့ သူယူထားတဲ့ပိုက်ဆံကိုပြန်မပေးနိုင်လို့ မိုဆီနာကို ပြန်လက်မခံခဲ့ပါဘူး။

စစ်ပွဲကြောင့် မိန်းကလေးငယ်တွေ တင်ဒုက္ခရောက်ရတာ မဟုတ်ပါဘူး။ အသက်မပြည့်သေးတဲ့ ယောကျ်ားလေးတွေဟာလည်း ပိုက်ဆံကြောင့် တပ်သားသစ်စုဆောင်းတဲ့ အထဲမှာပါသွားပြီး ရှေ့တန်းကိုရောက်ကြရပါတယ်။ သားတွေဆီကသုံးလမှာ ၅၅ ဒေါ်လာရရှိပြီး ဒီဝင်ငွေဟာမိသားစုငါးယောက်ရှိတဲ့ အိမ်မှာနှစ်ပတ်စာစားဖို့လုံလောက်ပါတယ်။ စစ်မဖြစ်ခင်ကတည်းက ယီမင်နိုင်ငံမှာကလေးတပ်သား ၉၀၀ ရှိတယ်လို့ ကုလသမဂ္ဂရဲ့စာရင်းဇယားမှတ်တမ်းတွေအရသိရပြီး အခုအချိန်မှာတော့ ကလေးတပ်သားအရေအတွက်ဟာ ၁၈၀၀ အထိရှိလာပါတယ်။ ဒါဟာအရေအတွက် အမှန်ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မယ်။ ဒီထက်လည်းအရေအတွက်များချင်များနိုင်ပါတယ်။ ဆာနားမှာရှိတဲ့ ဟူသီအဖွဲ့ထဲရောက်လာတဲ့ အသက် ၁၇ နှစ်အရွယ်လူငယ်တစ်ဦးကကျွန်တော်ရဲ့ အတန်းဖော်သူငယ်ချင်းတွေဟာ အခုအခါမှာတော့ တိုက်ဖော်တိုက်ဖက်တွေဖြစ်လာတယ်လို့ ဆိုပါတယ်။

ကလေးသူငယ်များအခွင့်အရေးအတွက် ဆောင်ရွက်နေသူတွေကတော့ စစ်ပွဲတွေကြောင့် ကလေးတပ်သားအသုံးပြုမှုပျံ့နှံ့လာမှုကိုထိန်းချုပ်ဖို့ ခက်ခဲလာတယ်။ ဒါပေမယ့်လည်း ယီမင်နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဟူသီသူပုန်တွေကြား ကလေးတပ်သား အသုံးပြုမှုကို အခြားသောလက်နက်ကိုင်အဖွဲ့အစည်းတွေထက်စာရင် ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာတာကိုတွေ့ပါတယ်လို့ ကလေးသူငယ်အခွင့်အရေးအတွက် ဆောင်ရွက်ကြသူတွေက ပြောပါတယ်။ အသက် ၁၈ နှစ်အောက် ယောကျ်ားလေးအများစုကို တပ်သားသစ်အဖြစ် စုဆောင်းခံနေရတယ်လို့လည်း တက်ကြွလှုပ်ရှားသူတွေက ပြောပါတယ်။

တိုက်ပွဲတွေမှာ ဝင်ရောက်မတိုက်ခိုက်သရွေ့ လူကြီးလို့သတ်မှတ်လို့ မရပါဘူး။ ယီမင်နိုင်ငံသား မဟုတ်ဘူးလို့ ပြောဆိုစည်းရုံးမှုတွေ ရှိတယ်လို့ ဖခင်တစ်ဦးက ပြောပါတယ်။

ဒါဟာ ကလေးတွေအပေါ်မှာ ရက်စက်တာပါပဲ။ ကလေးတွေဟာ သူတို့လုပ်လိုက်တဲ့ လုပ်ရပ်ဟာဘယ်လိုအကျိုးဆက်ကို ဖြစ်ပေါ်စေမယ်ဆိုတာ နားမလည်သေးပါဘူး။ ဒါကို အခွင့်ကောင်းယူပြီး သူငယ်ချင်းတွေနဲ့အတူ တိုက်ပွဲထဲကိုမဝင်ရင် လူရာမဝင်ဘူးလို့ ထင်မြင်လာစေတာကတော့ ရက်စက်လွန်းရာကျပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

ဒါတွေအားလုံးဟာ နှစ်နှစ်ကျော်ကြာပြည်တွင်းစစ်ရဲ့ အကျိုးရလဒ်တွေပါပဲ။ တိုင်းပြည်ရဲ့အခြေခံအဆောက်အအုံတွေ ပျက်စီးသွားရုံသာမကပြည်သူတွေရဲ့ကျန်းမာရေးနဲ့ စီးပွားရေးကိုပါ နာလန်မထူနိုင်အောင် ဖြစ်စေခဲ့ပါတယ်။

ယီမင်စစ်ပွဲကြောင့် ဒုက္ခရောက်ထိခိုက်ခံစားရသူတွေများတာ အမှန်ပဲဖြစ်ပေမယ့် အဲဒီအထဲမှာကလေးငယ်တွေပါစစ်ပွဲရဲ့ရလဒ်တွေကို ခံစားနေရတာကတော့ တကယ့်ကိုဝမ်းနည်းစရာပါပဲ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**လျှပ်လက်ခြင်းနှင့်ထစ်ချုန်းသံ**

တိမ်လွှာ၏အောက်ခြေရှိ လျှပ်စစ်အမဓာတ်နှင့် မြေပြင်မှ လျှပ်စစ်အဖိုဓာတ်တို့ ခုန်ကူးပေါင်းစပ်မှုပြုသည့်အခါ တစ်နည်းအားဖြင့် မိုးကြိုးပစ်သည့်အခါ မိုးကြိုးဖြစ်ပေါ်သည့်နေရာတွင် အလင်းရောင်နှင့် အသံတို့ တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။ မိုးကြိုးဖြစ်ပေါ်ရာနေရာမှ ထွက်ပေါ်လာသော အလင်းရောင်နှင့် အသံတို့သည် အတော်အတန်ဝေးကွာသည့် နေရာများဆီသို့ ပျံ့နှံ့ရောက်ရှိချိန်တွင် အမြန်နှုန်း မတူခြင်းကြောင့် မိုးကြိုးဖြစ်ပေါ်ရာနေရာမှ အလွန်ဝေးကွာသော နေရာများရှိ လူနှင့်တိရစ္ဆာန်တို့သည် အလင်းရောင်ကို အရင်မြင်ကြရပြီး အသံကို နောက်ကျမှကြားကြရသည်။ တစ်နည်းဆိုရသော် လျှပ်လက်ခြင်းကို အရင်မြင်ကြရပြီး မိုးကြိုးပစ်သံကို နောက်မှကြားကြရသည်။

မိုးကြိုးဖြစ်ပေါ်ရာနေရာနှင့် နီးသောနေရာရှိ လူနှင့်တိရစ္ဆာန်တို့ကမူ လျှပ်လက်ခြင်း (အလင်းရောင်)နှင့် မိုးကြိုးပစ်ခြင်း (အသံ)တို့ကို မရှေးမနှောင်း ကြားကြရသည်။ မိုးကြိုးဖြစ်ပေါ်ရာနေရာတွင် ရှိနေသော လူနှင့်တိရစ္ဆာန်တို့သည်ကား လျှပ်လက်ခြင်းကိုပင် မြင်ခွင့်မရလိုက်တော့ပဲ မိုးကြိုးထိမှန်ခံရခြင်းနှင့် မိုးကြိုးစက်ကွင်းမိခြင်းများ ဖြစ်ကြရသည်။ ဤကဲ့သို့ လျှပ်လက်သည့်အလင်းရောင်နှင့် မိုးကြိုးပစ်သည့်အသံတို့ကို မြင်တွေ့ကြားကြရပုံ မတူကွဲပြားနေရခြင်းမှာ အလင်း၏ အလျင်က အသံ၏အလျင်ထက် အဆပေါင်းသိန်းနှင့်ချီ၍ သာလွန်သောကြောင့် ဖြစ်သည်။

အဆိုပါ သိပ္ပံပညာသဘောတရားကြောင့် လျှပ်လက်၍ မိုးကြိုးပစ်သံများကြားလျှင် ကြောက်တတ် သူများသည် မိုးကြိုးပစ်ရာနေရာနှင့် မိမိတို့ရှိနေသောနေရာ မည်မျှကွာလှမ်းသည်ကို တွေးဆနိုင်ကြပြီး စိုးရိမ်ပူပန်မှုများကို ထိန်းချုပ်နိုင်ကြမည် ဖြစ်သည်။

**မိုးကြိုးကြောင့်ဖြစ်ပေါ်လာသော လျှပ်စီးအင်အား**

မိုးကြိုးပစ်ခြင်းသည် တိမ်လွှာအောက်ခြေနှင့် မြေပြင်အကြား လျှပ်စစ်ဖိအား ခြားနားမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ မိုးကြိုးပစ်ချိန်တွင် လျှပ်စီးအင်အားသည် ပျမ်းမျှအားဖြင့် အမ်ပီယာ ၃၀၀၀၀ ခန့် ရှိနေပြီး အမြင့်ဆုံးအားဖြင့် အမ်ပီယာ ၂၀၀၀၀၀ အထိပင် ဖြစ်ပေါ်လာတတ်သည်။ လျှပ်စစ်သံဂဟေဆက်ရာတွင် အသုံးပြုသော လျှပ်စီးအင်အားပမာဏမှာ ၂၀၀ အမ်ပီယာမှ ၄၀၀ အမ်ပီယာခန့်အထိသာရှိရာ မိုးကြိုးကြောင့်ဖြစ်ပေါ်သော လျှပ်စီးအင်အားပမာဏမှာ မည်မျှကြီးမားပြီး ကြောက်မက်ဖွယ်ကောင်းသည်ကို ခန့်မှန်းနိုင်သည်။

မိုးဥတုကာလရှည်ကြာသော ဒေသနိုင်ငံများ၊ မိုးသက်မုန်တိုင်း မကြာခဏ ကျရောက်တတ်သော ဒေသနိုင်ငံများနှင့် အီကွေတာရာသီဥတုခေါ် မိုးရွာလိုက်နေပူလိုက် တစ်လှည့်စီဖြစ်သော ရာသီဥတုရှိသည့် ဒေသနိုင်ငံများတွင် မိုးကြိုးပစ်သော အကြိမ်ရေပမာဏ များပြားတတ်သည်။


မိုးကြိုးပစ်သည့်အခါ ကောင်းကင် ဓာတ်အားလိုင်းများကို မိုးကြိုးထိမှန်ပါက ဓာတ်အားလိုင်းများတွင် ပို့လွှတ်ထားသော လျှပ်စစ်ဖိအားထက် အဆများစွာမြင့်မားသော လျှပ်စစ်ဖိအားတစ်ရပ် ဝင်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကောင်းကင်ဓာတ်အားလိုင်းတိုင်များ၏ ကြွေသီးများနေရာတွင် လျှပ်စစ်ဖိအား အဆမတန် မြင့်တက်လာခြင်းကြောင့် ဝိုင်ယာကြိုးများမှတစ်ဆင့် ကြက်ခြေတန်းများအတွင်းသို့ လည်းကောင်း၊ ဓာတ်တိုင်များ၏ အတွင်းသို့လည်းကောင်း ခုန်ကူးမှုများဖြစ်ပေါ်ပြီး ကွဲအက်ပျက်စီးမှုများ ဖြစ်ပေါ်နိုင်သည်။ အလားတူပင် ထရန်စဖော်မာများအတွင်းသို့ မိုးကြိုးလျှပ်စစ်ဖိအား ဝင်ရောက်ပါက လျှပ်ကာများ ကျိုးပေါက်မှုဖြစ်ပြီး ချွတ်ယွင်းပျက်စီးသွားနိုင်သည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများကို မိုးကြိုးတိုက်ရိုက်ထိမှန်လျှင် လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန် မလွယ်ကူပေ။ သို့ရာတွင် သဘာဝအခြေအနေများအရ ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများကို ပြင်းထန်သောမိုးကြိုးများ တိုက်ရိုက်ထိမှန်မှုမှာ ဖြစ်ခဲလှပြီး မိုးကြိုးစက်ကွင်း မိခြင်းမျိုးသာ ဖြစ်ပေါ်တတ်သည်။

မိုးကြိုးပစ်သည့်အချိန်တွင် ဝင်ရောက်လာတတ်သည့် အလွန်မြင့်မားသော လျှပ်စစ်ဖိအား၏ အန္တရာယ်ကို ကောင်းကင်မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲတို့ တပ်ဆင်ထားခြင်းဖြင့် ကာကွယ်နိုင်သည်။

**ကောင်းကင်မြေစိုက်ကြိုး တပ်ဆင်ခြင်း**

မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် ကောင်းကင်မြေစိုက်ကြိုးအဖြစ် သွပ်ရေစိမ်သံမဏိကြိုးကိုသော်လည်းကောင်း၊ ကြေးအုပ်ထားသော သံမဏိကြိုးကိုသော်လည်းကောင်း လျှပ်စစ်ဓာတ်တိုင်များ၏ ထိပ်အစွန်းများ၌ သွယ်တန်း တပ်ဆင်ကြရမည်ဖြစ်သည်။ ကောင်းကင် ဓာတ်အားလိုင်းတိုင်များအတွက် ကောင်းကင်မြေစိုက်ကြိုး တပ်ဆင်ရာတွင် ပထဝီမြေ



ထရန်စဖော်မာတစ်လုံးပေါ်တွင် တပ်ဆင်ထားသည့် မိုးကြိုးလွှဲ(Lightning Arrester) စနစ်

ခတ် ကောင်းစွာရရှိစေရန် ကောင်းကင်ဓာတ်အား လိုင်းကြိုး အရှည်တစ်မိုင်အတွင်း အနည်းဆုံးလေးနေရာခန့်တွင် မြေမြှုပ်ကြိုးများနှင့် ဆက်သွယ် ပေးထားရမည် ဖြစ်သည်။

မြေစိုက်ကြိုးများက ကောင်းကင် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သောနယ်ပယ်မှာ အဆိုပါ ကောင်းကင်မြေစိုက်ကြိုး ထိပ်စွန်း၏ဝဲယာ တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီစီအသီးသီးရှိသော နယ်ပယ်အတွင်း၌သာ ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်မြေစိုက်ကြိုးက မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော အဆိုပါနယ်ပယ်အတွင်း၌သာ လျှပ်စစ်ဝိုင်ယာကြိုးများကို သွယ်တန်းတပ်ဆင်ကြရမည်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို ဓာတ်အားလိုင်းတိုင် ထောင်မတ်နေသည့်အတိုင်း အထက်အောက် သွယ်တန်းထားပါက ယင်းတို့သည် ကောင်းကင်မြေစိုက်ကြိုး၏ အောက်တည့်တည့်တွင် ရောက်ရှိနေကြခြင်းကြောင့် မိုးကြိုးအန္တရာယ်မှ ကာကွယ်မှု အပြည့်အဝရရှိနေမည် ဖြစ်သည်။ ယင်းသို့ မဟုတ်ဘဲ ဓာတ်အားလိုင်းတိုင်များတွင် ကန့်လန့်ကြက်ခြေတန်းများကို အသုံးပြု သွယ်တန်းမည်ဆိုပါက၊ ကောင်းကင်မြေစိုက်ကြိုး၏အောက် တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီစီအသီးသီးရှိသော နယ်ပယ်အတွင်း၌သာ သွယ်တန်းလိုင်းကြိုးများ ရှိနေကြရမည်ဖြစ်သည်။

**လက်ကိုင်ဆဲလ်ဖုန်းများ သုံးစွဲနေကြရာတွင် လုပ်ငန်းသဘောအရ တစ်ခါတစ်ရံမျှသာ ဖုန်းပြောကြသူများရှိသလို... တစ်နေ့တာ၏ အချိန်တော်တော်များများကို လက်ကိုင်ဖုန်းပြောခြင်းဖြင့် ကုန်လွန်စေသူများလည်းရှိနေသည်။ အင်တာနက်ချိတ်ဆက်မှုနှင့် လူမှုကွန်ရက် အသုံးပြုဆက်သွယ်နိုင်မှုများကြောင့်လည်း လက်ကိုင်ဖုန်းသုံးစွဲမှုနှုန်းက တစ်ရှိန်တိုး မြင့်တက်လာလျက်ရှိနေသည်။ ဤတွင် လက်ကိုင်ဖုန်းသုံးစွဲသူတို့အနေဖြင့် သဘာဝဖြစ်ရပ်တစ်ခုက လက်ကိုင်ဖုန်းမှတစ်ဆင့် သုံးစွဲနေသူထံသို့ ရောက်ရှိလာနိုင်သော အန္တရာယ်ကို သိရှိထားကြရန် လိုအပ်လာသည်။ ထိုအန္တရာယ်သည်ကား မိုးကြိုးလျှပ်စီး ဝင်ရောက်ခြင်းပင် ဖြစ်သည်**

ကောင်းကင်မြေစိုက်ကြိုးသည် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် အသုံးဝင်ရုံမျှမက လျှပ်စစ်ဓာတ်လိုက်ခြင်း အန္တရာယ်မှလည်း ကာကွယ်နိုင်သည်။ အဆောက်အအုံများဆီသို့ ဓာတ်အားသယ်ဆောင်သော ဝိုင်ယာများသွယ်တန်းရာတွင် ယင်းကြိုးများကိုသယ်မထားသော ဝန်ထမ်းကြိုး(Bearer Cable)ကို ကောင်းကင်မြေစိုက်ကြိုးနှင့် ဆက်သွယ်ပေးထားခြင်းအားဖြင့်၊ အကယ်၍ ဓာတ်အားသယ်ဆောင်သော ဝိုင်ယာကြိုးများ ပေါက်ပြဲချွတ်ယွင်းပြီး ဝန်ထမ်းကြိုးအတွင်းသို့ လျှပ်စစ်ဓာတ်အားဝင်ရောက်စီးဆင်းလာမည်ဆိုပါက ပထဝီမြေဓာတ်နှင့်ထိတွေ့ပြီး ဒဏ်ခံကြိုးကိုပြတ်တောက်သွားစေမည်ဖြစ်သည်။

ပထဝီမြေဓာတ်ကို ကောင်းစွာရရှိနေသော ကောင်းကင်မြေစိုက်ကြိုးကို အဆောက်အအုံအတွင်းရှိ လျှပ်စစ်သုံးပစ္စည်းများ၊ လျှပ်စစ်မီတာ၊ လျှပ်စစ်မီတာအိမ်စသည်တို့နှင့် ဆက်သွယ်ပေးထားခြင်းအားဖြင့်လည်း အဆိုပါပစ္စည်းများအတွင်း၌ တစ်စုံတစ်ရာ ချွတ်ယွင်းမှုဖြစ်ပြီး ပစ္စည်း၏ကိုယ်ထည်အတွင်းသို့ လျှပ်စစ်ဓာတ်အား စီးဆင်းဝင်ရောက်ခဲ့ပါက ပထဝီမြေဓာတ်နှင့် ထိတွေ့ပြီး ဒဏ်ခံကြိုးအား ပြတ်တောက်သွားစေမည်ဖြစ်သည်။

**မိုးကြိုးလွှဲတပ်ဆင်ခြင်း**

လျှပ်စစ်ဓာတ်အား လိုင်းကြိုးကြီးများအတွင်းသို့ မိုးကြိုးကြောင့်ဖြစ်ပေါ်လာသည့် အလွန်မြင့်မားသော လျှပ်စစ်ဖိအား ဝင်ရောက်လာသောအခါ အဆိုပါလျှပ်စစ်ဖိအားကို ပထဝီမြေကြီးအတွင်းသို့ လွယ်ကူလျင်မြန်စွာ စီးဆင်းဝင်ရောက်သွားစေရေးအတွက် လမ်းကြောင်း လွှဲပြောင်းပေးသည့်ပစ္စည်းကို မိုးကြိုးလွှဲ (Lightning Arrester)ဟုခေါ်သည်။ မိုးကြိုးလွှဲသည် ဓာတ်အားလိုင်းကြိုးများအတွင်း၌ ပုံမှန်ပို့လွှတ်ထားသော လျှပ်စစ်ဖိအားကို ပထဝီမြေကြီးအတွင်းသို့ စီးဆင်းဝင်ရောက်သွားခြင်းအား ခွင့်မပြုဘဲ မိုးကြိုးကြောင့် ဖြစ်ပေါ်သည့် အန္တရာယ်ကြီးမားသော လျှပ်စစ်ဖိအားများကိုသာ မြေကြီးအတွင်းသို့ စီးဆင်းသွားစေရန် လုပ်ဆောင်ပေးသည်။

လျှပ်စစ်ဓာတ်အားပေး စက်ရုံများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရာ၌ မိုးကြိုးကြောင့် ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ်မှ ကာကွယ်နိုင်ရန်အလို့ငှာ မိုးကြိုးလွှဲများကို အောက်ပါအတိုင်း တပ်ဆင်ထားကြရမည်ဖြစ်သည်။

(က) လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ဖြစ်ပြီး ထိုဗို့အားအဆင့်ဖြင့်ပင် ပေးပို့ဖြန့်ဖြူးပါက စက်ရုံမှထွက်သည့် ဖီဒါလိုင်းအသီးသီး ပေါ်တွင် အနိမ့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည်ဖြစ်သည်။

(ခ) လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ဖြစ်သော်လည်း စက်ရုံမှထွက်လျှင် ထွက်ချင်း ဗို့အားမြှင့်ထရန်စဖော်မာကို အသုံးပြု၍ ၆၆၀၀ ဗို့၊ ၁၁၀၀၀ ဗို့၊ ၆၆၀၀၀ ဗို့စသည်ဖြင့် ဗို့အားမြှင့်ပြီးမှ ပေးပို့ဖြန့်ဖြူးမည်ဆိုလျှင် စက်ရုံရှိ ဗို့အားမြှင့် ထရန်စဖော်မာမှအထွက် ဖီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည် ဖြစ်သည်။

(ဂ) လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၁၁၀၀၀ ဗို့ကဲ့သို့သော ဗို့အားမြင့်လျှပ်စစ်ဖြစ်ပြီး ထုတ်လုပ်ဗို့အားအတိုင်း တိုက်ရိုက်ပို့လွှတ်သည်ဖြစ်စေ၊ ဗို့အားမြှင့် ထရန်စဖော်မာကို အသုံးပြု၍ ထပ်မံဗို့အားမြှင့်ပြီးမှ ပို့လွှတ်သည်ဖြစ်စေ၊ စက်ရုံမှထွက်သော ဖီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည်ဖြစ်သည်။

(ဃ) ကောင်းကင် ဓာတ်အားလိုင်းကြိုးကြီးများသည် အလွန်ရှည်လျားပြီး လူနေအိမ်ခြေ၊ အဆောက်အအုံများနှင့် ဝေးကွာသော ကွင်းပြင်များကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမျိုးဖြစ်ပါက ဓာတ်အားလိုင်းမျှော်စင်ကြီးများနှင့် ဓာတ်တိုင်များပေါ်တွင် မိုးကြိုးလွှဲများကို တပ်ဆင်ပေးထားရမည် ဖြစ်သည်။

(င) ဗို့အားနိမ့်ထရန်စဖော်မာများ တပ်ဆင်ထားသည့် နေရာများ၌မူ လျှပ်စစ်ဓာတ်အား အဝင်ဘက်ရှိ ဗို့အားမြင့်လိုင်းပေါ်တွင် မိုးကြိုးလွှဲကို တပ်ဆင်ရမည်ဖြစ်သည်။

ဤနေရာတွင် လူနေအိမ်ခြေနှင့် အဆောက်အအုံများ သိပ်သည်းထူထပ်သော မြို့ကြီးမြို့ငယ်စသည့် နေရာဒေသများ၌ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်ဓာတ်အား လိုင်းကြိုးများအတွင်းသို့ မိုးကြိုးအန္တရာယ် ကျရောက်မည့် အခွင့်အလမ်းနည်းပါးလှသည့်အတွက်၊ တစ်မြို့နှင့်တစ်မြို့ သွယ်တန်းထားသည့် ကောင်းကင် ဓာတ်အားလိုင်းကြိုးများမှာကဲ့သို့ မိုးကြိုးအန္တရာယ်ကို စိုးရိမ်ရန်မလိုအပ်ပေ။ ကောင်းကင်မြေစိုက်ကြိုး တပ်ဆင် ထားပြီးဖြစ်က မိုးကြိုးအန္တရာယ်မှ စိတ်ချရနိုင်သည်။

သာမန်လူနေအိမ် အဆောက်အအုံများအနေဖြင့်မူ မိမိတို့၏ အဆောက်အအုံနှင့် နီးကပ်စွာတည်ရှိနေသော ဓာတ်တိုင်များတွင် ကောင်းကင်မြေစိုက်ကြိုးများဖြင့် မိုးကြိုးလျှပ်စစ်အန္တရာယ်ကို စနစ်တကျ ကာကွယ်ထားသည်ဆိုပါက မိုးကြိုးအန္တရာယ်ကျရောက်ရန် အခွင့်အလမ်း အလွန်နည်းပါးမည်ဖြစ်သည်။ သို့ရာတွင် ပို၍စိတ်ချရစေရန် မိုးကြိုးလွှဲများတပ်ဆင်လိုပါက အနိမ့်စားဖိအား မိုးကြိုးလွှဲကိုတပ်ဆင်လျှင် ကောင်းစွာ လုံလောက်မှုရှိသည်။

သို့ဖြစ်၍ မိုးဥတုကာလနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသောအခါသမယမျိုး၌ ဖြစ်ပေါ်လာတတ်သည့် လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့၏ သဘောသဘာဝများနှင့် ယင်းတို့မှတစ်ဆင့် ဆက်စပ်ဖြစ်ပေါ်လာတတ်သော လျှပ်စစ်အန္တရာယ်တို့ကို သိရှိထားကြခြင်းအားဖြင့် မိုးကြိုးပစ်ခံရခြင်းနှင့် မိုးကြိုးကြောင့် ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ် ကျရောက်ခြင်းကို ကာကွယ်ပေးသည့် အစီအမံများအား စနစ်တကျဖြင့် ကြိုတင်ပြုလုပ်ထားနိုင် ကြမည် ဖြစ်ပေသည်။

**မိုးကြိုးလျှပ်စီးအန္တရာယ် သတိပြုဖွယ်**

၂၁ ရာစုသို့ ကူးပြောင်းရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဆက်သွယ်ရေးကွန်ရက် နယ်ပယ်ကြီးက သိသိသာသာ ကျယ်ပြန့်လာခဲ့သည်။ ပြယုဂ်များအဖြစ် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌သာမက ဖွံ့ဖြိုးမှု နောက်ကျကျန်နေသော နိုင်ငံအချို့၌ပင် ဆဲလ်ဖုန်းများကို တွင်ကျယ်စွာ သုံးစွဲလာကြသည်ကို တွေ့ရှိနေရပြီ ဖြစ်သည်။

လက်ကိုင်ဆဲလ်ဖုန်းများ သုံးစွဲနေကြရာတွင် လုပ်ငန်းသဘောအရ တစ်ခါတစ်ရံမျှသာ ဖုန်းပြောကြ သူများရှိသလို... တစ်နေ့တာ၏ အချိန်တော်တော်များများကို လက်ကိုင်ဖုန်းပြောခြင်းဖြင့် ကုန်လွန်စေသူများလည်း ရှိနေသည်။ အင်တာနက်ချိတ်ဆက်မှုနှင့် လူမှုကွန်ရက် အသုံးပြုဆက်သွယ်နိုင်မှုများကြောင့်လည်း လက်ကိုင်ဖုန်းသုံးစွဲမှုနှုန်းက တစ်ရှိန်တိုး မြင့်တက်လာလျက် ရှိနေသည်။ ဤတွင် လက်ကိုင်ဖုန်းသုံးစွဲသူတို့အနေဖြင့် သဘာဝဖြစ်ရပ်တစ်ခုက လက်ကိုင်ဖုန်းမှတစ်ဆင့် သုံးစွဲနေသူထံသို့ ရောက်ရှိလာနိုင်သောအန္တရာယ်ကို သိရှိထားကြရန် လိုအပ်လာသည်။ ထိုအန္တရာယ်သည်ကား မိုးကြိုးလျှပ်စီး ဝင်ရောက်ခြင်းပင် ဖြစ်သည်။

မိုးကြိုးလျှပ်စီး ဖြစ်ပေါ်နိုင်သော အချိန်အခါများမှာ မိုးကြိုကာလ၊ မိုးဥတုကာလနှင့် ရာသီဥတု ဖောက်ပြန်သောကာလများ ဖြစ်ကြသည်။ ထိုအချိန်အခါသမယမျိုးတွင် ထစ်ချုန်းခြင်း၊ လျှပ်လက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးမုန်တိုင်း ကျရောက်ခြင်းတို့နှင့်အတူ မိုးကြိုးလျှပ်စီး ဝင်ရောက်ခြင်းလည်း ဖြစ်ပေါ်လာတတ်သည်။

မိုးကြိုကာလ၊ မိုးဥတုကာလနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသော အချိန်အခါများတွင် တိမ်လွှာထုများအတွင်း၌ လျှပ်စစ်ဖိအားခြားနားမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထိုကဲ့သို့ တိမ်လွှာထုများအတွင်း၌ ဖြစ်ပေါ်သော လျှပ်စစ်ဖိအားခြားနားမှုသည် သာမာန်အားဖြင့် ထစ်ချုန်းခြင်းနှင့် လျှပ်လက်ခြင်းတို့ဖြင့်သာ အဆုံးသတ်လေ့ရှိသည်။ သို့သော် တစ်ခါတစ်ရံ ထူးခြားဖြစ်စဉ်မျိုး၌မူ တိမ်လွှာထုအတွင်း ဖြစ်ပေါ်သော လျှပ်စစ်ဖိအားခြားနားမှု အင်အားပမာဏ အဆမတန်မြင့်မားလာသည့်အခါ မြေပြင်ပေါ်ရှိ လျှပ်စစ်ကူးနိုင်သော ပစ္စည်းများဆီသို့ အမ်ပီယာမြင့်မားသော လျှပ်စီးကြောင်းကြီး တစ်ရပ် ကူးပြောင်းဝင်ရောက်လာတတ်သည်။ ဤသည်ကို မိုးကြိုးလျှပ်စီးဝင်ရောက်ခြင်းဟု ခေါ်သည်။ ။

# သတင်းမီဒီယာသမားများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းနှင့် ဥပဒေများကို လေ့လာတင်ပြခြင်း

◇◇◇◇◇◇ ဦးအုန်းသန်း(ဥပဒေ) ◇◇◇◇◇◇

*ယမန်နေ့မှ အဆက်*

**(၂) ဆက်သွယ်သော ဥပဒေပြဋ္ဌာန်းချက်များ**

**(က) ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်အကျဉ်း**

ရာဇသတ်ကြီးတွင် သတင်းစာ၊ စာနယ်ဇင်း၊ မီဒီယာတို့နှင့် စပ်လျဉ်း၍ မမှန်မကန် ရေးသားဖော်ပြမှုများကို အောက်ပါအတိုင်း အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

(၁) နိုင်ငံတော်ကို အကြည်ညိုပျက်အောင် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ ပြုလုပ်ပါက ပုဒ်မ ၁၂၄-က အရ ပြစ်မှုနှင့်ငြိစွန်းပါသည်။

(၂) ညစ်ညမ်းသော စာအုပ်စသည်များကို ရောင်းချပါက ပုဒ်မ ၂၉၂ အရ ပြစ်မှုနှင့်ငြိစွန်းပါသည်။

(၃) ညစ်ညမ်းသော အရာဝတ္ထုများကို ငယ်ရွယ်သူတို့အား ရောင်းချခြင်းပြုပါက ပုဒ်မ ၂၉၃ အရ ပြစ်မှုနှင့် ငြိစွန်းပါသည်။

(၄) ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများကို ပြုလုပ်ပါက ပုဒ်မ ၂၉၄ အရ ပြစ်မှုနှင့် ငြိစွန်းပါသည်။

(၅) နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့်စကားဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့် ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့် ပြုလုပ်၍ အသရေဖျက်မှု ကျူးလွန်လျှင် ပုဒ်မ ၅၀၀ အရ ပြစ်မှုနှင့် ငြိစွန်းပါသည်။

(၆) လူတစ်စုကိုးကွယ်သည့် ဘာသာသာသနာကိုဖြစ်စေ၊ ဘာသာသာသနာရေး ယုံကြည်မှုကိုဖြစ်စေ၊ ဘာသာရေးစိတ် နာကြည်းစေရန် မသမာသောအကြံဖြင့် စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ ပြုလုပ်လျှင် ပုဒ်မ ၂၉၅-က အရ ပြစ်မှုနှင့် ငြိစွန်းပါသည်။

(၇) ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ထုတ်ပြန်ကြေညာခြင်း၊ ဖြန့်ချိခြင်းသည် အများပြည်သူ၏ အကျိုးပျက်စီးစေမှုကို ဖြစ်လျှင် ပုဒ်မ ၅၀၅ အရ ပြစ်မှုနှင့် ငြိစွန်းပါသည်။

**(ခ) တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

တရားရုံးများ မထီမဲ့မြင် ပြုမှုဥပဒေအရ တရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်လျှင် ပုဒ်မ ၁၀ အရလည်းကောင်း၊ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်လျှင် ပုဒ်မ ၁၁ အရလည်းကောင်း အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**(ဂ) မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်အက်ဥပဒေအရ နိုင်ငံတော်အစိုးရ၏ သတင်းအချက်အလက်၊ ဆောင်းပါး၊ စကားဝှက်၊ လျှို့ဝှက်သင်္ကေတ၊ သတင်းတစ်ခုခုစသည်တို့ကို တရားမဝင်ဆက်သွယ်ကြားသိစေလျှင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မ ၅၊ ပုဒ်မ ၆ (၂)တို့အရ အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**(ဃ) ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

ကလေးသူငယ်ဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ် ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေနိုင်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာကလေးသူငယ် တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် သို့မဟုတ် စာစောင်တွင် ထည့်သွင်းဖော်ပြခြင်း၊ ကြေညာခြင်း၊ ကလေးသူငယ်၏ ဓာတ်ပုံကို ဖော်ပြခြင်း၊ အသုံးပြုခြင်းတို့ကို ပြုလျှင် ပုဒ်မ ၆၆ အရ အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**(င) မူပိုင်ခွင့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

မူပိုင်ခွင့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ မူပိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းခံရပါက မူပိုင်ရှင်သည် ထိပါးနှောင့်ယှက်သူအား ပုဒ်မ ၇၊ ၈၊ ၁၀ အရ လည်းကောင်း၊ နစ်နာမှုအတွက် တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုအရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**(စ) ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေအရ စာကြည့်တိုက်ဖွင့်လှစ်ပါက မှတ်ပုံတင်ရန်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ပြသခြင်းမပြုရန်လည်းကောင်း ဖော်ပြထားရာ ယင်းပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ပါက ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၄ အရ အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**(ဆ) ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း**

ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းပြုလျှင် ပုဒ်မ ၆၆ အရ လည်းကောင်း၊ မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့်ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်းပြုလျှင် ပုဒ်မ ၆၈ အရလည်းကောင်းအရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**မီဒီယာမှုခင်းနှင့် သက်ဆိုင်သော လမ်းညွှန်စီရင်ထုံးများ**

သတင်းမီဒီယာနှင့် စပ်လျဉ်း၍ ကျူးလွန်သော မှုခင်းများအနက် တရားရုံးက ဆုံးဖြတ်ခဲ့သော လမ်းညွှန်စီရင်ထုံးများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အမှုစစ်ဆေးနေစဉ်အတွင်း အမှုနှင့်စပ်လျဉ်း၍ ဝေဖန်ချက်ပုံနှိပ်ခြင်းသည် ပုံနှိပ်သူတွင်လည်း တာဝန်မကင်း။

(၁) တရားရုံး၌ စစ်ဆေးစီရင်ရန် တင်ထားပြီး အမှုမစစ်ဆေးမီ အမှုနှင့် စပ်လျဉ်း၍ ဝေဖန်ချက်များကို ပုံနှိပ်ဖော်ပြလျှင် ရုံးကို မထီလေးစားရာရောက်သည်။ ရေးသားဖော်ပြချက်နှင့်စပ်လျဉ်း၍ ပုံနှိပ်သူမှာ တာဝန်မကင်းဟု King Emperor Vs Maung Tin Saw and one,I.L.R(Rgn).1928,Vol.VI 39 အမှုတွင် ဆုံးဖြတ်ထားပါသည်။

(၂) **အမှုစစ်ဆေးနေစဉ် အမှုကိုဝေဖန်သည့် ဆောင်းပါး၊ သတင်းစာ၌ ပုံနှိပ်ဖော်ပြခြင်း။**

ပြစ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ စစ်ဆေးစီရင်နေစဉ် အတောအတွင်း အမှုအပေါ် ဝေဖန်သည့်ဆောင်းပါးကို သတင်းစာ၌ ပုံနှိပ်ဖော်ပြလျှင် ရုံးကို မထီလေးစားရာရောက်သည်ဟု The Government Advocate, Myanmar Vs Saya Sein. 1929,I.L.R Vol.VII.844 အမှုတွင် ဆုံးဖြတ်ထားပါသည်။

(၃) **တရားရုံးကို မထီမဲ့မြင်ရာရောက်သည့် ရေးသားချက်ကို သတင်းစာတွင်ထည့်လျှင် သတင်းထောက်သာမက အယ်ဒီတာပါ ပြစ်ဒဏ်မှ မလွတ်ကင်း။**

ရုံးတော်ကို မထီမဲ့မြင်ပြုရာရောက်သည့် အပြုအမူ၊ အပြောအဆို၊ အရေးအသားကို သတင်းစာထဲတွင် ထည့်သွင်းလျှင် ထည့်သွင်းသည့် သတင်းထောက်သာမက သတင်းစာအယ်ဒီတာနှင့် ထုတ်ဝေသူတို့လည်း အပြစ်မကင်းချေ၊ သဘောရိုးဖြင့် အမှန်ထင်၍ အမှတ်တမဲ့ထည့်မိပါသည်ဟု ထုချေသော်လည်း ပြစ်ဒဏ်မှ မလွတ်ကင်းဟု **စောဘသိန်းနှင့် ဦးကိုကိုလေး ၁၉၄၈၊ မတစ၊ ၃၉၈** အမှုတွင် ဆုံးဖြတ်ထားပါသည်။

(၄) **တရားရုံးတွင် အမှုစစ်ဆေးနေစဉ် ကာလအတွင်း တရားခံအပြစ်ရှိကြောင်း ကြိုတင်ထောက်ပြသည့် သဘောမျိုးဆောင်းပါး ရေးသားခြင်း။**

စာရေးဆရာ ဇဝနက ဆောင်းပါးရေးရခြင်းမှာ သတင်းစုံစမ်းမေးမြန်းသူများအား တစ်ဦးချင်း စာပြန်ကြားရန် မလွယ်ကူသောကြောင့် ထောင်ပေါင်းများစွာသော စာပေမိတ်ဆွေများ သိစေရန်အတွက် ရှုမဝမဂ္ဂဇင်းတွင် **ဦးလေးပြောမယ် ဆောင်းပါးဖြင့် အသိပေးရကြောင်း** တင်ပြသည်။ သို့ရာတွင် အသိပေးရာ၌ မော်တော်ကားတိုက်မှုဖြစ်ပွားခြင်းမှာ တစ်ဖက်မှ ဖင်မလီယာကားမောင်းသူ၏ မဆင်မခြင်ပြုမှုကြောင့် ဖြစ်ရသည့်သဘောမျိုး ထည့်သွင်းရေးသားခြင်းမှာ တရားရုံးက နှစ်ဖက်သက်သေများ စစ်ဆေးကြားနာ၍ ဆုံးဖြတ်ချက်မပေးမီ တရားရုံးကအပြစ်ရှိကြောင်း ကြိုတင်ထောက်ပြသည့် သဘောမျိုးပေါက်လျက်ရှိသည်ဟု မောင်မင်းသူနှင့် ဦးသိန်း(ခ)စာရေးဆရာ ဇဝန ဗဟိုတရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၈၈/၇၆ တွင် ဆုံးဖြတ်ထားပါသည်။

(၅) **ဂုဏ်မြင့်သူ ဝတ္ထုစာပေမူပိုင်ခွင့် တရားစွဲထားစဉ်အတွင်း သတင်းစာမှ ဝေဖန်ခြင်း။**

၁၉၃၉ ခုနှစ်က စာရေးဆရာမကြီး ဒဂုံခင်ခင်လေးသည် "ဂုဏ်မြင့်သူ" ဝတ္ထုကို ရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ ပါသည်။ "မိုး" ရုပ်ရှင်ကုမ္ပဏီနှင့် ဦးကျော်ဆွေတို့က ထို "ဂုဏ်မြင့်သူ" ဝတ္ထုကို အခြေခံ၍ ဒဂုံခင်ခင်လေးထံ ခွင့်ပြုချက်မတောင်းဘဲ "ပုံပမာ" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးပြခဲ့ခြင်းကြောင့် ဒဂုံခင်ခင်လေးက မူပိုင်ခွင့်ကို ချိုးဖောက်သည်ဟု ယူဆ၍ တရားစွဲဆိုခဲ့ပြီး ပြသနေသော ပုံပမာရုပ်ရှင်ဇာတ်ကားကို မပြသရန် ကြားဖြတ်တားဝရမ်းထုတ်ပေးရန် လျှောက်ထားရာတရားရုံးက တားဝရမ်းထုတ်ပေးခဲ့သည်။ နောက်တစ်နေ့တွင် ဦးကျော်ဆွေက ကြားဖြတ်တားဝရမ်း ခွာပေးရန် လျှောက်ထားခဲ့ရာ တရားရုံးက မိုးကြိုးသတင်းစာ၌ "ပုံပမာဇာတ်ကား" ပြခွင့်ရပြီ။ မူပိုင်ခွင့်အရေး ဒဂုံခင်ခင်လေးမှာ မရှိဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။ **ယင်းသို့ ခေါင်းစဉ်တပ်၍ ဖော်ပြလိုက်ခြင်းမှာ ရုံးတော်တွင် စစ်ဆေးနေသော အမှု၌ ဝင်ရောက်စွက်ဖက်ခြင်းသည် မမှန်သောအချက်ဖြစ်ကြောင်း၊ တရားရုံး၏ ဂုဏ်ကျက်သရေထိခိုက်သော တရားရုံးတော်၏အပေါ် အထင်အမြင် မှားယွင်းသေးသိမ်စေနိုင်သော ရေးသားချက်ဖြစ်သည်**ဟု ဒဂုံခင်ခင်လေးနှင့် ဦးကိုကိုလေး ပါ ၂။ ၁၉၆၅၊ ရုံးချုပ်၊ ၁၀၆၅ အမှုတွင် ဆုံးဖြတ်ထားပါသည်။

(၆) **ခွင့်ပြုချက်မရဘဲ Internet Username and Password ကို အသုံးပြုခြင်း။**

**သတင်းမီဒီယာလုပ်ငန်းသည် လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်ပြီး ယင်းလူထု ဆက်သွယ်ရေးလုပ်ငန်းများအနက် စာပေနှင့် စာနယ်ဇင်းလုပ်ငန်းမှာ ပြည်သူနှင့်အနီးစပ်ဆုံး၊ အတွင်ကျယ်ဆုံးလုပ်ငန်းများဖြစ်ပါသည်။ ယခုအခါတွင် မီဒီယာနှင့် စပ်လျဉ်း၍ လွတ်လပ်ခွင့်များပေးလျက်ရှိရာ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ သိရှိစေရန် နိုင်ငံတော်၏ နား၊ မျက်စိသဖွယ်ဖြစ် သော စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာသမားများက ဝေဖန်ထောက်ပြအကြံပြုပြောဆို တင်ပြ၍ မဏ္ဍိုင်လေးရပ် အပြန်အလှန်ထိန်းကျောင်းလျက်ရှိ**

မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့ မန္တလေးတိုင်းတွင် တာဝန်ထမ်းဆောင်နေသူ ဒုရဲအုပ်တစ်ဦးဖြစ်သူ တရားခံသည် ယခင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၅ ခုနှစ်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကွန်ပျူတာလုပ်ငန်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ယင်းဌာန၏ Internet Username and Password တို့ကို သိရှိခဲ့ပြီး ယင်းဌာန၏ ခွင့်ပြုချက်မရှိဘဲ ဖုန်းအမှတ် ၀၅၂-၂၂၇၃၃၊ ၀၅၃-၂၄၉၂၇၊ ၀၅၃-၂၅၂၀၇၊ ၀၅၃-၂၆၃၁၈ တို့ဖြင့် ဦးမင်းကိုပါ လေးဦးတို့အား အင်တာနက်သုံးစွဲစေခဲ့ခြင်း သည်လည်းကောင်း၊ ဦးထွန်းလွင်နှင့် အခြားသူတို့အား တယ်လီဖုန်းအမှတ် ၀၅၃-၂၄၉၂၆၊ ၀၅၂-၂၂၇၃၃ တို့နှင့် ချိတ်ဆက်အသုံးပြုရန် တရားမဝင်ဆက်သွယ်ခဲ့ခြင်းဖြစ်၍လည်းကောင်း၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄(က) အရ ပြစ်မှုကျူးလွန်ရာရောက်သည်ဟု **ဦးအေးလွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၅၁၊ ၅၂** အမှုတွင် ဆုံးဖြတ်ထားပါသည်။

**နိဂုံး**

သတင်းမီဒီယာလုပ်ငန်းသည် လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်ပြီး ယင်းလူထုဆက်သွယ်ရေးလုပ်ငန်းများအနက် စာပေနှင့် စာနယ်ဇင်းလုပ်ငန်းမှာ ပြည်သူနှင့်အနီးစပ်ဆုံး၊ အတွင်ကျယ်ဆုံး လုပ်ငန်းများဖြစ်ပါသည်။ ယခုအခါတွင် မီဒီယာနှင့် စပ်လျဉ်း၍ လွတ်လပ်ခွင့်များပေးလျက်ရှိရာ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ သိရှိစေရန် နိုင်ငံတော်၏ နား၊ မျက်စိသဖွယ်ဖြစ်သော စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာသမားများက ဝေဖန်ထောက်ပြအကြံပြုပြောဆိုတင်ပြ၍ မဏ္ဍိုင်လေးရပ် အပြန်အလှန်ထိန်းကျောင်းလျက်ရှိပါသည်။ သတင်းမီဒီယာသမားများအနေဖြင့် မီဒီယာလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော အခွင့်အရေးများကို ကျင့်သုံးရာတွင် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့် သတင်းမီဒီယာသမားများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာစောင့်ထိန်းခြင်းဖြင့် လူမှုတာဝန်သိတတ်သော သတင်းမီဒီယာများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


(၁) အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ
(၂) သတင်းနှင့်မီဒီယာဥပဒေ၊
(၃) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊
(၄) ဆက်သွယ်ရေးဥပဒေ၊
(၅) ရာဇသတ်ကြီး၊
(၆) တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ၊
(၇) မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊
(၈) ကလေးသူငယ်ဥပဒေ၊
(၉) မူပိုင်ခွင့်အက်ဥပဒေ၊
(၁၀) စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်ရေးအက်ဥပဒေ၊
(၁၁) မြန်မာနိုင်ငံ စီရင်ထုံး။


## မတ္တရာမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ စကျင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၈ ရက်က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကျင်းပရာ ရေနံ့သာနယ်မြေရဲစခန်းမှ ရဲအုပ်လှနိုင်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ သင်္ကယ်မှုဒိမ်းမှု လျော့နည်းပပျောက် ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့်ပတ်သက်သည့် ပြစ်မှု/ပြစ်ဒဏ်များ၊ လိုက်နာရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

# လူမှုအကျိုးပြုလုပ်ငန်းများကို နိုင်ငံတကာကင်းထောက်အဖွဲ့များနှင့် လက်တွဲဆောင်ရွက်နေမှုများ ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် Asia-Pacific, Hibitat For Humanity International တို့ပူးပေါင်း၍ လူမှုအကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းလက်တွဲဆောင်ရွက်ရန် နားလည်မှု သဘောတူညီချက် လက်မှတ်ရေးထိုးရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက် ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်၊ နိုင်ငံတကာ ကင်းထောက်မှူး ဦးမောင်မောင်ဝင်း၊ ကင်းထောက် ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ၊ Asia-Pacific, Hibitat For Humanity International မှ Resource Development Volunteer Programs Manager Mr.Jay Neil Ancheta နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။




ဆွေးနွေးပွဲတွင် Volunteer Programs Manager Mr.Jay Neil Ancheta က မိမိတို့အဖွဲ့အနေဖြင့် အာရှနှင့် ပစိဖိတ်ဒေသအတွင်း လူမှုအကျိုး ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတကာ ကင်းထောက်အဖွဲ့များနှင့် လက်တွဲဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် Asia-Pacific, Hibitat For Humanity International တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် လူမှုအကျိုးပြု လုပ်ငန်းများအဖြစ် စေတနာ့ဝန်ထမ်း လူငယ်လုပ်ငန်းများ၊ သင်တန်းများ၊ ဆွေးနွေးပွဲ များ၊ ရေသန့်ဆိုင်ရာလုပ်ငန်းများ၊ သဘာဝဘေးဒဏ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အိမ်ဆောက်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် စီစဉ်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်သင်ကြား

**ရန်ကုန် အောက်တိုဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက်က မရမ်းကုန်းမြို့နယ် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းမော်နှင့် (FSWG) မှ မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ကမ်းရိုးတန်း ဒေသန္တရကွန်ရက်ကော်မတီအဖွဲ့ဝင် ဒေါ်ထွေးထွေးအောင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက် အင်ဂျင်နီယာ ဦးရဲဇော်ထွန်းက ဒေသထွက် သီးနှံ၊ ပဲ၊ ဂျုံ၊ ဆန်တို့မှ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်ပြီး ဒေသထွက် ဆန်၊ ဂျုံ၊ ပဲသီးနှံအခြေခံ စားသောက်ကုန်ပစ္စည်း ၂၄ မျိုး ထုတ်လုပ်မှုများကို သင်တန်းဆရာ ဦးရဲဇော်ထွန်း (လက်ထောက်အင်ဂျင်နီယာ)၊ ဒေါ်ပေရယ်ဖြိုး(ဒုတိယ-ဦးစီးမှူး)တို့က စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# တိုက်ကြီးမြို့နယ် သစ်တောကြိုးဝိုင်းအတွင်း မီးကင်ထားသော တောဆင်ရိုင်းသားရေများ တွေ့ရှိ



**တိုက်ကြီး အောက်တိုဘာ ၁၁**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက် မိုင် ၄၀ အကွာ ဥက္ကံသစ်တောကြိုးဝိုင်း အကွက်အမှတ် (၇၄)အဖျားဒေသခေါ် ကွမ်းမြောင်ကြိုးဝိုင်း၌ အောက်တိုဘာ ၈ ရက်က မီးကင်ထားသော တောဆင်ရိုင်းသားရေများတွေ့ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်သူက ပြောသည်။

အဆိုပါ မီးကင်ထားသော တောဆင်ရိုင်းသားရေများကို မြိုင်ဟေဝန်ဆင်စခန်း အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ကြည့်ရေးအဖွဲ့(EEUR)ကျောက်ပြုတ်အခြေပြုအဖွဲ့ ဦးထွန်းဇင်ခိုင် ခေါင်းဆောင်သောအဖွဲ့၊ သစ်ထုတ်လုပ်ရေးဦးစီးဌာနမှ ပဲခူးရိုးမ တောတွင်းကင်းလှည့်စည်ပလတ်စတစ်အမိုးဖြင့် အုပ်ထားသော ဆင်သားရေများ တွေ့ရှိသဖြင့် ဥက္ကံမြို့မှ တောအုပ် ဦးအောင်ကျော်ဆန်း၊ သာယာဝတီသစ်ထုတ်လုပ်ရေးမှ တာဝန်ရှိသူများ၊ဆင်ဆရာဝန် ဦးဖြိုးသူမောင်နှင့် သစ်တောဝန်ထမ်းများသည် ဆင်သားရေများ တွေ့ရှိရာနေရာသို့ သွားရောက်ခဲ့ကြသည်။ မီးကင်ထားသည့် တောဆင်ရိုင်းသားရေပိဿာချိန် ၂၀ ကျော်တွေ့ရှိရပြီး အခြားနေရာမှ ဆင်မုဆိုးများက လာရောက်မီးကင်သိုလှောင်ထားသော နေရာဖြစ်ဟန်တူကြောင်း၊ ဆင်နှင့်ပတ်သက်သော ခန္ဓာကိုယ်အစိတ်အပိုင်းများ မတွေ့ရသည့်အပြင် မီးကင်သားရေများတွေ့ရှိမှုနှင့်ပတ်သက်၍ တော ဆင်ရိုင်းအား သတ်ဖြတ်သွားသော တရားခံများ ပေါ်ပေါက်ရေးအတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇ (က)အရ အရေးယူ ဆောင်ရွက်ပေးရန်တိုင်တန်းထားကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ်စားသောက်အသုံးပြုသောကြောင့် လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ❑ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါ ရောဂါ
- ❑ ပိုလီယိုရောဂါ
- ❑ သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ
- ❑ အရေပြားသန့်ရှင်းမှု မရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများ ဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက် ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများ ကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျ စင်ကြယ်အောင်ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း မိမိလက်ကို ဆပ်ပြာနှင့်စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောက်ထု အောက်တိုဘာ ၁၁**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့တွင်းလမ်း weak spots ဖြစ်နေသောနေရာများတွင် အနက် ၁ ပေခန့်တူး၍ ကျောက်ခင်းခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနက အောက်တိုဘာ ၈ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းတွင် ကျောက်ခင်းခြင်း လုပ်ငန်း၊ ကတ္တရာဖြင့် အချောသတ်ခြင်း လုပ်ငန်းများပါဝင်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ "မော်တော်ယာဉ်တွေ မောင်းနှင်သွားလာရာမှာ အဆင်ပြေဖို့ အတွက်ပါ။ အရည်အသွေးမီအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်ထုမြို့လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၁) ဦးသိန်းကျော်က ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

# ယခုနှစ်အင်းလေးဖောင်တော်ဦးဘုရားပွဲ၌ ဧည့်သည်အလွန်နည်းခဲ့သည်ဟုဆို

**ရွှေညောင် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့နယ်ရှိ အင်းလေးဖောင်တော်ဦး ပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ဖောင်တော်ဦး ဘုရားပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ သီတင်းကျွတ်လဆုတ် ၄ ရက်နေ့အထိ ၁၉ ရက်တိုင်တိုင် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဘုရားဖူးဧည့်သည်အလွန်နည်းပါးခဲ့ကြောင်း သိရသည်။

"အရင်နှစ်တွေက ဧည့်သည်တွေ အလွန်များပြားပြီး စည်ကားပါတယ်။ အဲဒီနှစ်တွေက စက်လှေခတစ်စီးကို ငွေကျပ်တစ်သိန်းကျော်တဲ့အထိ ငှားရမ်းခဲ့ရတယ်။ စက်လှေတွေမရှိတော့ ဘုရားဖူးဧည့်သည်တွေကရှိတဲ့စက်လှေကို မရရအောင် အလုအယက်ငှားကြရင်းနဲ့ စက်လှေခတွေ ဈေးတက်ခဲ့ပါတယ်။ အခုဒီနှစ်တော့ ပုံမှန်ငှားခနှုန်း စက်လှေတစ်စီးကို တစ်သောင်းရှစ်ထောင်ကျပ်နဲ့ စီးမယ့် ဧည့်သည်မရှိလို့ စက်လှေသမားတွေ အခက်အခဲ တွေ့နေပါတယ်။ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာလည်း ဧည့်သည်အဝင်နည်းလို့ ဈေးရောင်းမကောင်းကြဘူး။ အင်းလေးဖောင်တော်ဦးဘုရားပွဲက နာမည်ကျော်ကြားပြီး ပြည်တွင်းပြည်ပက ဧည့်သည်တွေ နှစ်စဉ်အများအပြားလာရောက်ကြရာကနေ ဒီနှစ်တော့ ဧည့်သည် တော်တော်အလာ နည်းခဲ့ပါတယ်" ဟု ဒေသခံစက်လှေ သမားတစ်ဦးက ပြောသည်။



**သက်နိုင်(ပြင်ဦးလွင်)**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ်။ တို့တွေရှုသွင်း၊ လေသန့်ရှင်း၊ မချွန်းရမှာ၊ တောကသာ**

# ငြိမ်းချမ်းရေး အသီးအပွင့်များ

**ကြီးမြင့်နိုင်(လွိုင်ကော်)**

ကျွန်တော်၏နိုင်ငံ့ဝန်ထမ်းဘဝ အစကနဦးတာဝန်ထမ်းဆောင်ရာ နေရာဒေသမှာ ကယားပြည်နယ် ရှားတောမြို့နယ်ဖြစ်သည်။ ၁၉၉၁ ခုနှစ် နှစ်ဦးပိုင်းတွင် ရှားတောမြို့နယ်မှာပင် ကျွန်တော်၏ ဝန်ထမ်းဘဝကို စတင်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရှားတောမြို့နယ်တွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် အခြားဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ရှားတောမြို့နယ်သို့ ရာထူးတိုးဖြင့် ပြန်လည်ပြောင်းရွှေ့ရောက်ရှိကာ တာဝန်ထမ်းဆောင်ခွင့် ရရှိပြန်သည်။ ပထမအကြိမ် ရောက်ရှိချိန်နှင့် ယခုဒုတိယအကြိမ် ပြန်လည်ရောက်ရှိချိန်သည် နှစ်(၂၀)ကျော် ကွာခြားခဲ့ပြီဖြစ်သည်။

ယခုရှားတောမြို့သို့ ကျွန်တော်ဒုတိယအကြိမ်အဖြစ် ပြန်လည်ရောက်ရှိချိန်တွင် ရှားတောမြို့သည် ယခင်ကလို မဟုတ်တော့ဘဲ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေပြီဖြစ်သည်။ ရှားတောမြို့သည် ပြည်နယ်၏ မြို့တော်လွိုင်ကော်မြို့နှင့် ခရီးမိုင် ၄၀ ခန့်သာ ကွာဝေးသော်လည်း ယခင်က သွားလာရေးခက်ခဲခဲ့သည်။ ယခင်က မော်တော်ကားတစ်တန်၊ ခြေကျင်တစ်တန်သွားရ၍ တစ်နေကုန်ခရီးအဖြစ် သွားလာခဲ့ရသည်။ တစ်ခါတစ်ရံ အခက်အခဲအမျိုးမျိုးကြောင့် လမ်းတွင် ညအိပ်ကြရသည့် အခါများလည်း ရှိသည်။ ယခုအခါ လမ်း၊ တံတားများ ကောင်းမွန်ပြီး ခရီးသည်ပို့ဆောင်ရေးယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနေ့ရော၊ ညပါပြေးဆွဲလျက်ရှိကြသဖြင့် လွိုင်ကော်နှင့် ရှားတောသည် နှစ်နာရီပိုပို ခရီးသာရှိတော့သည်။

ယခုအခါ ရှားတောမြို့နယ်သို့ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်မှစတင်၍ ၆၆/၁၁ ကေဗွီ၊ (၂) အမ်ဗွီအေ ရှားတောဓာတ်အားခွဲရုံကို ဖွင့်လှစ်လျက် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာကို မီးလင်းစေပြီဖြစ်သည်။ လျှပ်စစ်ဖြင့် ၂၄ နာရီ ထမင်းဟင်းချက်ပြုတ်နိုင်ခြင်း၊ ညအချိန် လျှပ်စစ်အလင်းရောင်ဖြင့် အိမ်မှုကိစ္စနှင့် စီးပွားရေးလုပ်နိုင်ခြင်း၊ တီဗွီ၊ ဗီဒီယိုကြည့်ရှုနိုင်ခြင်း၊ စာဖတ်နိုင်ခြင်း၊ ဖုန်းအားသွင်းနိုင်ခြင်းစသည့် ကောင်းကျိုးများ ရရှိကြပြီး လူနေမှုမြင့်မားလာခဲ့ကြသည်။ တယ်လီဖုန်း၊ အင်တာနက်လိုင်းများလည်း အသုံးပြုနိုင်ပြီဖြစ်၍ ရှားတောမြို့နယ်သည် အခြားမြို့၊ ရွာဒေသများလိုပင် ကမ္ဘာ့ရွာကြီးထဲ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်များဖြင့် နေ့၊ ညမရွေး ခရီးသွားလာနိုင်ခြင်း၊ မဟာဓာတ်အားလိုင်းရောက်ရှိပြီး ၂၄ နာရီ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ခြင်း၊ တယ်လီဖုန်း၊ အင်တာနက် အသုံးပြုနိုင်ခြင်း စသည့် ဖွံ့ဖြိုးတိုးတက်မှုကောင်းကျိုးအထွေထွေတို့ကို ရှားတောမြို့နယ်နေ ဒေသခံတို့သည် ယခင်က အိပ်မက်မျှပင် မမက်ဖူးခဲ့ကြဘဲ ယခုအခါ တအံ့တသြ ရရှိခံစားနေကြရပြီဖြစ်သည်။ "တစ်ခါတစ်ရံ ဒါဟာအိပ်မက်တွေများလားလို့တောင် ထင်မှတ်နေမိရပါတယ်" ဟု ရှားတောမြို့နေဒေသခံတစ်ဦးဖြစ်သူ အသက် ၇၀ ကျော်အရွယ် ဦးအေဗရာဟမ်က ပြောပြသည်။

ယခုလို ဖွံ့ဖြိုးတိုးတက်မှုကောင်းကျိုးအထွေထွေရရှိခံစားနေရခြင်းသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်များပင်ဖြစ်သည်။ ရှားတောမြို့နယ်သာမက ကယားပြည်နယ်တစ်ခုလုံးသည် ယခုအခါ ငြိမ်းချမ်းရေးအသီးအပွင့်များကို ဆွတ်ယူစားသုံးနေကြရပြီဖြစ်သည်။ ငြိမ်းချမ်းရေးအသီးအပွင့်တို့ကား ချိုမြိန်လှပေစွတကား။ ငြိမ်းချမ်းရေးပင်စည်ကြီးအရှည်သဖြင့် ရှင်သန်ဖွံ့ထွားရန်အတွက် ကယားပြည်နယ်နေ ဒေသခံတို့သည် ရေလောင်း၊ ပေါင်းသင်ပြုစုပျိုးထောင်ခြင်းအလုပ်ကို အားတက်သရော ဆောင်ရွက်နေကြချေပြီ။ အားရဖွယ်ကောင်းပေစွ။

ရှားတောမြို့သည် ညအချိန် မီးထိန်ထိန်လင်းလျက်ရှိသည်။ နေအိမ်များတွင် အချို့သည် တီဗွီကြည့်နေကြသည်။ အချို့သည် ညစာအတွက် လျှပ်စစ်ဖြင့် ထမင်းချက်နေကြသည်။ အချို့သည် ဖေ့စ်ဘုတ်ကြည့်နေကြသည်။ အချို့သည် လျှပ်စစ်အလင်းရောင်ဖြင့် ဈေးရောင်းနေကြသည်။ အချို့သည် စာဖတ်နေကြသည်။ ကျွန်တော်သည် ထိုမြင်ကွင်းကို မြင်ရသည့်ကာလ အိပ်မက်လေလား၊ တကယ်လားဟု တွေးနေမိတော့သည်။




# ယာဉ်ကြောရှုပ်ထွေးမှုနှင့် အလှူခံများ အန္တရာယ်ကင်းရှင်းစေချင်



ဝါလကင်းလွတ်သီတင်းကျွတ်ပွဲတော် ဆင်ယင်ကျင်းပပြီးသည်နှင့် ရဟန်းသံဃာတော်များအား ကထိန်စီဝရံကထိန်သင်္ကန်း ကပ်လှူပွဲများကို တန်ဆောင်မုန်းလပြည့်နေ့အထိ ဆင်ယင်ကျင်းပကြတော့မည်ဖြစ်သည်။

ထို့အတူ ပုဂ္ဂလိက အလှူရှင်တစ်ဦးတည်း ကျင်းပနိုင်ခြင်းထက် စုပေါင်းကျင်းပနိုင်ခြင်းက ကထိန်အာနိသင် အကျိုးများသဖြင့် မိမိတို့ မြို့ရွာနယ်မြေအလိုက် အိုးစည် ဒိုးပတ်အကအခုန်များနှင့် လှည့်လည်၍ အလှူခံကြသည်မှာလည်း ချစ်စရာကောင်းသော မြန်မာရိုးရာယဉ်ကျေးမှုဖြစ်သည်။

သို့သော် ကောင်းမှုတစ်ခုပြုလျှင် အတုအယောင်အမှောင့်ပယောဂများ ဒွန်တွဲပူးကပ်ပါလာမှုလည်း ရှိသည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးက နားလည်ခွင့်လွှတ်ပေးတတ်ကြသည်။ လွန်စွာအရုပ်ဆိုး အကျည်းတန်စေသော မြင်ကွင်းများက စုပေါင်းဘုံ အလှူခံဆိုင်းဘုတ်များဖြင့် လူသွားလူလာ များပြားသော အမြန်လမ်းမကြီးများတွင် အလှူငွေတစ်ကျပ်တစ်ပြားရရှိရေးအတွက် ဝဲ/ယာ ယာဉ်ကြောကို အလေးမမူဘဲ လိုက်လံအလှူခံကြမှုကြောင့် ယာဉ်တိုက်မှုများလည်း ကြုံတွေ့နေရသည်။

အောက်တိုဘာ ၈ ရက်က ပုသိမ်-ရန်ကုန် ကားလမ်းမကြီးပေါ်ရှိ ဗိုလ်မြတ်ထွန်းတံတားပေါ်မှ ရန်ကုန်ဘက်သို့ ဆင်ခြေလျှောဆင်းလာသည့် ခရီးသည်ယာဉ်ကားတစ်စီးကို အောက်စုတံတားထိပ်မှ ကျွဲရိုင်းခတ်လူငယ်နှစ်ဦးက ရင်ဆိုင်ပြေးတက်လာပြီး ယာဉ်မောင်းအား အဓမ္မတားဆီး၍ ဖလားခွက်ထိုးခံသည်မှာ ဘာသာတရားနှင့်လည်း မသင့်လျော်သလို ရိုးရာယဉ်ကျေးမှုနှင့် လုံးဝမအပ်စပ်ပါ။ ကုသိုလ်ရေးမဖြစ်ဘဲ ယာဉ်မောင်းသူနှင့် ခရီးသည်တို့အန္တရာယ်နှင့် တားဆီးအလှူခံသူတို့ အန္တရာယ်လွန်စွာစိုးရိမ်ဖွယ်ဖြစ်နေပါသည်။ ထို့ကြောင့် မည်သည့်မြို့ရွာ ကျေးလက်တောရွာ ဖြစ်ပါသည်။ အလှူတစ်ခုအကြောင်းပြုပြီး မလိုလားအပ်သော အနိဋ္ဌာရုံဆိုးများ ကြုံတင်တားဆီးကာကွယ်ရန် လိုအပ်ပါကြောင်း သတိပေးလိုက်ရပေသည်။

**ပုသိမ်လှကြည်**

## စလင်းမြို့၌ အရှေ့ချောင်းဖြူ ငှက်ပျောအိုင်ရွာ၌ ကျန်းမာရေးဌာနခွဲဖွင့်

**စလင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အရှေ့ချောင်းဖြူ ငှက်ပျောအိုင်ရွာတွင် အောက်တိုဘာလ ၁၀ ရက်က ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြား၍ ကျန်းမာရေးဌာနခွဲဖြစ်မြောက်ရေးကော်မတီများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ ဖိတ်ကြားထားသောဧည့်သည်များနှင့် ကျေးရွာသူရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ဆောမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်စစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၉ ရက်က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ရာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းထိုက် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့် ပတ်သက်သည့် ပြစ်မှု/ပြစ်ဒဏ်များ၊ လိုက်နာရှောင်ကြဉ်ရမည့် အချက်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကိုယ်ဝန်ဆောင်မိခင်များလိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး(၄)ကြိမ်ခံယူပါ။
  - ပထမအကြိမ် - ကိုယ်ဝန်(၄) လအတွင်း (စောနိုင်သမျှစောစော)
  - ဒုတိယအကြိမ် - ကိုယ်ဝန်(၆) လမှ (၇) လအတွင်း
  - တတိယအကြိမ် - ကိုယ်ဝန်(၈) လအတွင်း
  - စတုတ္ထအကြိမ် - ကိုယ်ဝန်(၉) လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များအာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ်အစားပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂) ကြိမ်ထိုးပါ။
- တတ်ကျွမ်းသောကျန်းမာရေးစောင့်ရှောက်မှုပေးသူမှညွှန်ကြားသော ဆေးဝါးများမှအပ အခြားဆေးများမသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု အသင့်အတင့်ပြုလုပ်ပါ။ အိပ်ရေး ဝအောင်အိပ်ပါ။ နေ့လယ်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသော အလုပ်များမလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှစောစော သောက် ပါ။ ကိုယ်ဝန်(၇) လကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံး သောက်ပါ။
- သန့်ရှင်းပေါ့ပါးချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသောအဝတ်အစားများကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်အငွေ့အစရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှရှောင်ရှားပါ။
- ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် မည်သည့်အချိန်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံးမွေးဖွားအိတ်ငယ်ကို အသုံးပြုပါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့်

- ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း၊
- အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း
- အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက် နံရိုးအောက် အောင့်ခြင်း
- ဝမ်းဗိုက်အလွန်အမင်းဆက်တိုက်နာခြင်း
- မိန်းမကိုယ်မှ ရေဆင်း၊ သွေးဆင်းခြင်း
- ဖျားပြီး အိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
- တက်ခြင်း၊ သတိလစ်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသကြပါရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြစ်ကြီးနားထွက် ကျွဲကောသီးများ ရန်ကုန်နှင့် မော်လမြိုင်မြို့အထိ တင်ပို့ရောင်းချနေ

**မြစ်ကြီးနား အောက်တိုဘာ ၁၁**
မြစ်ကြီးနားမြို့နှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ထွက်ရှိသော ကျွဲကောသီးများကို ကချင်ပြည်နယ်အတွင်း စီးပွားဖြစ်ရောင်းချနိုင်ရုံသာမက အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရန်ကုန်၊ မော်လမြိုင်မြို့ ဈေးကွက်များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အရင်ကတော့ မြစ်ကြီးနားတစ်ဝိုက်ကလူတွေက ကျွဲကောသီးကို စီးပွားဖြစ်မစိုက်ပျိုးကြဘူး။ အခုမှ စီးပွားဖြစ်စိုက်ကြတာ၊ ဒီအသီးတွေဆိုရင် အာလံ၊ အူဗျစ်ရွာတွေနဲ့ မြစ်ဆုံနားကထွက်တဲ့ အသီးတွေပါ။ ကျမတို့က ခြံထဲအထိသွားပြီး ခြံပြတ်ဝယ်တယ်။ ပြီးရင် ကိုယ့်ဟာကိုခူးပြီး ရန်ကုန်အရောက် တင်ပို့ပြီးရောင်းတယ်။ တစ်ခါတလေတော့ မော်လမြိုင်အထိပို့ပေးရတာမျိုး ရှိတယ်။ မြစ်ကြီးနားက ကျွဲကောသီးတွေကို မန္တလေး၊ရန်ကုန်၊ မော်လမြိုင်တို့အထိ တင်ပို့ရောင်းချနေပါပြီ"ဟု ကျွဲကောသီးကုန်သည် ဒေါ်သန္တာက ပြောသည်။

မြစ်ကြီးနားမြို့၌ ကျွဲကောသီးဈေးမှာ တစ်လုံးလျှင်ကျပ် ၅၀၀ မှ ၁၅၀၀အထိ အလုံးအကြီးအသေးအရွယ်အစားအပေါ်မူတည်ကာ ဈေးကွာခြားချက်ရှိပြီး ရန်ကုန်မြို့အရောက်တွင် တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ အလုံးအရွယ်အစားအပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ်ကွာခြားချက်ရှိသည်။

"ဒီမှာက မြေနေရာကျယ်ပြီး အိမ်တိုင်းလိုလို အပင်ရှိတော့ ဈေးနည်းတယ်ထင်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်တို့မှာတော့ ဈေးကြီးတယ်လို့ကြားတယ်။ ဒါကလည်း သယ်ယူစရိတ်ကြီးလို့ဖြစ်တာပါ။ အရင်က စီးပွားဖြစ်မစိုက်ကြတဲ့ မြစ်ကြီးနားတစ်ဝိုက်က တောင်သူတွေတောင် အခုတော့ စီးပွားရေးအရလည်း တွက်ခြေကိုက်လို့ စိုက်လာကြပြီ"ဟု မြစ်ကြီးနားမြို့နေပြည်သူတစ်ဦးဖြစ်သည့် ဒေါ်အေးအေးမော်က ပြောသည်။



မြစ်ကြီးနားဒေသအခေါ်အရ ရှောက်ပန်းသီးဟုခေါ်သော ကျွဲကောသီးများကို မြစ်ကြီးနားမြို့၌ စီးပွားဖြစ်စိုက်ပျိုးရာတွင် ဒေသမျိုးရင်းမျိုးစိတ်ဖြစ်သော အနီသီးနှင့် အဖြူသီးများထက် နိုင်ငံခြားမျိုးဖြစ်သော ဟောင်ကောင်သီးများကို ပို၍စိုက်ပျိုးလာကြသည်ဟု သိရသည်။ မန္တလေး၊ ရန်ကုန်မြို့များမှ ကျွဲကောသီးကို ကြိုက်နှစ်သက်၍စားသုံးသူများအနေနှင့် မြစ်ကြီးနားဒေသထွက် ကျွဲကောသီးကို ဈေးနှုန်းကြီးသော်လည်း ပုံမှန်ဝယ်ယူစားသုံးနေကြကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်အတွင်း၌ ကျွဲကောသီးကို မြစ်ကြီးနားမြို့နှင့် အနီးတစ်ဝိုက်ဖြစ်သော အာလံကျေးရွာ၊ အူဗျစ်ကျေးရွာနှင့် မြစ်ဆုံအနီးတစ်ဝိုက်တွင် အများဆုံးစိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် ကျွဲကောသီးဈေးကွက်ကောင်းလာသဖြင့် ထိုကျေးရွာများမှ တောင်သူများသည် ၄င်းတို့၏ စိုက်ပျိုးရေးခြံများတွင် ကျွဲကောသီးများကို ယခင်ကထက်ပို၍ စီးပွားဖြစ်စိုက်ပျိုးလာနေကြောင်း သိရသည်။
**မင်းမင်းဦး**



# မကွေးမြို့ပေါ်ရှိ ဘုရားများတွင် ဘုရားဖူးများနှင့် အထူးစည်ကား

**မကွေး အောက်တိုဘာ ၁၁**
မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သော မြသလွန်ဘုရား၊ နှီးဘုရားနှင့် ကံ့ကော်(၁၀၀၀)ဘုရား စေတီတို့တွင် သီတင်းကျွတ်ပိတ်ရက်များအတွင်း ကုသိုလ်ကောင်းမှု လာရောက်ပြုလုပ်ကြသူများဖြင့် အထူးစည်ကားခဲ့သည်။ ဘုရားဖူးဧည့်သည်လာရောက်မှု များပြားခြင်းကြောင့် ဘုရားအနီးလာရောက်ခင်းကျင်းရောင်းချသည့် ဈေးဆိုင်ရှင်အများစု အရောင်းအဝယ်ကောင်းပြီး အဆင်ပြေကြကြောင်း သိရသည်။

"အခုရက်ပိုင်း ကျွန်မတို့ မကွေးမြို့ပေါ်မှာ မြသလွန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပနေချိန်ဖြစ်တဲ့အပြင် ယခု သီတင်းကျွတ်ပိတ်ရက်တွေမှာလည်း ဘုရားဖူးဧည့်သည်တွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ အဲဒီလို လာရောက်ဖူးမြော်ကြတဲ့အထဲမှာ ပြည်ပဘုရားဖူးကနည်းပြီး ပြည်တွင်းဘုရားဖူး လာရောက်မှုက ပိုများပါတယ်။ ဒီနေ့ဆိုရင် မကွေးမြသလွန်ဘုရား၊ ကံ့ကော်(၁၀၀၀)ဘုရားနဲ့ နှီးဘုရားစေတီတို့မှာ အလွန်ကို စည်ကားပါတယ်"ဟု မကွေးမြသလွန်ဘုရားအနီးမှ ဈေးဆိုင်ရှင်တစ်ဦးက အောက်တိုဘာ ၉ ရက်တွင် ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို ပြုလုပ်ပေးသွားမည်

**မြစ်ကြီးနား အောက်တိုဘာ ၁၁**
မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအတွက် ဆိုင်ကယ်အမောင်းလိုင်စင်များကို အောက်တိုဘာလဆန်းပိုင်းမှစ၍ ဆောင်ရွက်ပေးသွားမည်ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရှိရသည်။ ဆိုင်ကယ်မောင်းလိုင်စင်များကို အောက်တိုဘာလဆန်းပိုင်းမှ စတင်ကာ ရပ်ကွက်နေပြည်သူများ လိုအပ်ချက်အရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူဦးရေများသည့် ရပ်ကွက်များ၏ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံများတွင် လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ (က) လိုင်စင်အပြီးအစီး ငွေကျပ် ၁၀၀၀၀ ကုန်ကျမယ်လို့ ခန့်မှန်းထားတယ်။ ကညနရုံးမှာ စာမေးပွဲဖြေသလို ဖြေရမယ်။ ဌာနဆိုင်ရာ ဝန်ထမ်းတွေကိုတော့ ရပ်ကွက်မှာ မလုပ်မသေးဘဲ OSS စုပေါင်းရုံးမှာ လုပ်ပေးသွားမယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောကြားသည်။

အဆိုပါဆိုင်ကယ်မောင်းလိုင်စင်များကို ရုံးချိန်များအတွင်း ဝန်ထမ်းများကို စုပေါင်းရုံးတွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (က)ယာဉ်မောင်းလိုင်စင် ပြုလုပ်ရန်အတွက် မှတ်ပုံတင်မိတ္တူနှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံ လိုအပ်မည်ဖြစ်ကြောင်း၊ (က) လိုင်စင်ပြုလုပ်ပြီး သုံးလအကြာတွင် (ခ)လိုင်စင် ထပ်မံလျှောက်ထားနိုင်ပြီး (ခ) လိုင်စင် ပြုလုပ်ပါက ငွေကျပ်သုံးသောင်းမှ လေးသောင်းအထိ ကုန်ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။
**စိန်ဝင်း(ပြန်/ဆက်)**

# မိုးသည်းထန်၍ပျက်စီးသည့်တံတားကို အမြန်ဆုံးပြုပြင်ရန်ဆောင်ရွက်နေ

**မလှိုင် အောက်တိုဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ကျေးရွာများရေဝင်ခြင်း၊ လမ်းတံတားများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ အဆိုပါ ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

"မလှိုင်မြို့နယ် ကံကြီးကျေးရွာအုပ်စုက ရွာသစ်ကလေးကျေးရွာတံတားက ပျက်စီးသွားတာပါ။ မျက်သီးကျင်းကျေးရွာကတော့ မိုးများပြီး ချောင်းရေလျှံတာပါ။ မျက်သီးကျင်းကျေးရွာက ဒေသခံတွေ စားသောက်ဖို့အတွက် နီးစပ်တဲ့ကျေးရွာ ဥက္ကဋ္ဌတွေ ဦးဆောင်ပြီး ထမင်းထုပ်ဝေငှတာ၊ လူမှုရေးအသင်းအဖွဲ့တွေ အုပ်ချုပ်ရေးဝန်ထမ်းတွေ ဌာနဆိုင်ရာတွေ စုပေါင်းပြီး အစားအသောက်နဲ့ ရေပေးဝေတာတွေ လုပ်ခဲ့ပါတယ်။ ရွာသစ်ကလေးတံတားအတွက်တော့ နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေမဟုတ်ဘဲ သဘာဝဘေးအန္တရာယ်အတွက် အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဆီ တင်ပြတောင်းဆိုထားပါတယ်။ မန္တလေးတိုင်းဒေသကြီးကလည်း ချက်ချင်းပဲ Third Party ကိုလွှတ်ပြီး တွက်ချက်မှုတွေယူတယ်။ စစ်ဆေးတယ်။ အမြန်ဆုံး ပြုပြင်ဆောင်ရွက်နိုင်ဖို့ လုပ်နေပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးချစ်မင်းသိန်းက ပြောကြားသည်။

ရွာသစ်ကလေးကျေးရွာတံတား ချောင်းရေထဲတွင်ပါ၍ ပျက်စီးသွားမှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး Third Party အဖွဲ့ဝင်များ၊ မလှိုင်မြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များက အောက်တိုဘာ ၄ ရက်တွင် သွားရောက်စစ်ဆေးခဲ့ပြီး အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# အခြေခံဂဟေဆက်ပညာသင်တန်းဖွင့်လှစ်သင်ကြား

**တပ်ကုန်း အောက်တိုဘာ ၁၁**
နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဂဟေဆက်ပညာသင်တန်းကို ခြုံကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၉ ရက်မှစတင်ကာ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြင့်က ဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးရွာများတွင် အခြေခံအဆောက်အအုံ၊ လမ်း၊ တံတား၊ ရေနှင့်မီး ရရှိစေရေး၊ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနေသည့်အပြင် ကျေးလက်နေ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် သင်ကြားပေးမည့် အခြေခံဂဟေဆက်ပညာဆိုင်ရာများကို တတ်သိပြီး လုပ်ငန်းခွင်ဝင်နိုင်အောင် သင်ယူစေလိုကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သာယာဝှမ်းကျေးရွာ၊ ကင်မွန်းတန်းကျေးရွာ၊ ကြံဘိုကျေးရွာ၊ ခြုံကြီးကျေးရွာတို့မှ စုစုပေါင်းသင်တန်းသား ၂၀ တက်ရောက်၍ သင်တန်းကာလမှာ တစ်လကြာမြင့်ဖြစ်သည်။

သင်တန်းတွင်နည်းပြဆရာများက ဂဟေဆက်ရာတွင် အသုံးပြုသော သင်္ကေတများ၊ ဂဟေသားများကို တိုင်းတာခြင်း၊ ဂဟေဆော်ခြင်း၊ ဂဟေဆက် စမ်းသပ်ခြင်း၊ ဂဟေဆက်အမျိုးအစားများ၊ ဂဟေဒီဇိုင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**တင်စိုးလွင်**



# ပြင်ဦးလွင်မြို့နယ်၌ မြန်မာ့တိုင်းရင်းဆေးပရဆေးဥယျာဉ်တစ်ခု အကောင်အထည်ဖော်မည်

**နေပြည်တော် အောက်တိုဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျင်ကနားကျေးရွာအနီး၌ မြန်မာ့တိုင်းရင်းဆေးပရဆေးဥယျာဉ်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

"ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအုပ်စု ကျောက်ဖျာဒိုးအရှေ့ကွင်း ဦးပိုင်အမှတ်(N-21) မြေဧရိယာ(၃၂ ဒသမ ၅၀) ဧကမှာ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးနဲ့ ပရဆေးဥယျာဉ်တည်ဆောက်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးရုံး တည်ဆောက်ဖို့ ဘတ်ဂျက်တင်ပြတောင်းခံပြီး ဒီရုံးမှာ တစ်ပတ်နှစ်ရက် တိုင်းရင်းဆေးခန်းဖွင့်လှစ်ပြီးတော့ ပြည်သူလူထုကျန်းမာရေးကို စောင့်ရှောက်မှုပေးသွားမှာဖြစ်ပါတယ်။

"တိုင်းရင်းဆေးဝါးတွေ ဖော်စပ်ရာမှာ အသုံးပြုတဲ့ ပရဆေးပင်တွေထဲက ဒေသနဲ့ လျော်ညီတဲ့ ကရမက်၊ ကံ့ကော်၊ ကတက်၊ ဆီးဖြူ၊ တရော်၊ ဒန့်သလွန်၊ နလင်ကျော်၊ ဖန်ခါး၊ မက်လင်ချဉ်၊ ဝံအူ၊ သက်ရင်းကြီး၊ သစ်ဆိမ့်စတဲ့ နှစ်ရှည်ပင်တွေ၊ ကင်ပွန်းချဉ်၊ စရို၊ ဆေးမခန်း၊ စောင်းလျား၊ ဆင်တုန်းမနွယ်၊ တပင်တိုင်မြနန်း၊ ပိတ်ချင်း၊ ပျဉ်းတော်သိမ်၊ မုရားကြီး၊ ရင်းပြား၊ ရှောက်၊ ရှဥ့်မတက်၊ သံပရိုစတဲ့ နှစ်တိုပင်တွေ စိုက်ပျိုးဖို့ လျာထားပါတယ်။

"တိုင်းရင်းဆေးဝါးတွေ ဖော်စပ်ရာမှာ အများဆုံးအသုံးပြုတဲ့ ကံ့ကော်၊ မက်လင်ချဉ်၊ သက်ရင်းကြီး၊ ဆေးမခန်း၊ ဆင်တုန်းမနွယ်၊ ပိတ်ချင်း၊ ရင်းပြားကို အရေအတွက်များများ ဦးစားပေးစိုက်ပျိုးမှာ ဖြစ်ပါတယ်။ ဆေးဝါးကုန်ကြမ်းရရှိဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြေစမ်းသပ်မှု (Soil Test) ပြုလုပ်ပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖြစ်ထွန်းနိုင်မယ့် အပင်တွေကိုလည်း စိစစ်ပြီးဖြစ်ပါတယ်၊ ပျိုးပင်တွေ စုဆောင်းနေပြီဖြစ်ပြီးတော့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးနဲ့ ခြံစည်းရိုးဆောင်ရွက်ဖို့ ဘဏ္ဍာငွေ တင်ပြတောင်းခံသွားမယ်။ ပြီးရင်ခြံစည်းရိုးဆောင်ရွက်မယ်။ ပြီးတာနဲ့ သစ်ပင်တွေ စိုက်ပျိုးတာကို စတင်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်"ဟု တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဟန်က ပြောသည်။

အဆိုပါတိုင်းရင်းဆေးပရဆေးဥယျာဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**ရှင်မင်း**

# တဖြည်းဖြည်းဝလာတာ ဘာကြောင့်လဲ

ကြည်လွင်မြင့် (မုံရွာ)

စာရေးသူ၏ သမီးငယ်တစ်ဦးသည် အသက် ၂၆ နှစ်ကျော်တွင် တဖြည်းဖြည်းဝလာသဖြင့်သူ့ကိုယ်သူ စိတ်ပျက်နေသည်။ တစ်ခါတစ်ရံတွင် ညစာမစားဘဲနေသည်။ အဆီအဆိမ့်များကို ရှောင်စားသည်။ သံပရာရည်ကိုအဆီကျသည်ဆို၍ နေ့စဉ်သောက်သည်။ သို့သော်လည်း ဝမြဲဝလာနေသည်ကိုတွေ့ရသည်။ သူ့တွင် အလုပ်တာဝန် များပြားသဖြင့် Gym (ဂျင်) ကစားချင်သော်လည်း အချိန်မရသဖြင့် မကစားနိုင်ရှာပေ။

အခြားဝလာသူတစ်ဦးမှာ စာရေးသူ၏ တူမ၊ သမီးနှင့်အတူ တစ်အိမ်တည်းနေသူပင် ဖြစ်သည်။ သူသည်လည်းအသက် ၃၀ ဝန်းကျင်ရှိ အပျိုကြီးဖြစ်သည်။ သူကိုယ်တိုင်ကဆရာဝန်မတစ်ဦးဖြစ်ပြီး ဆေးရုံကြီးတစ်ရုံတွင် တာဝန်ကျနေသည်။ တစ်ဖက်မှာလည်း ဆေးပညာမဟာဘွဲ့တက်နေသူဖြစ်သည်။ ဆေးရုံလည်းဆင်းရ၊ သင်တန်းလည်းတက်ရ၊ ကျောင်းစာလည်း ကျက်ရတစ်နေကုန် မအားရသည့်ကြားကပင် တစ်နှစ်အတွင်း ပေါင်(၂၀)ကျော် တိုးပြီးဝလာသည်။ မနှစ်ကအင်္ကျီတွေ မတော်တော့၊ ဗိုက်ပူခါးတုတ်ဖြစ်လာသဖြင့် သူ့ကိုယ်သူမကျေနပ်ဖြစ်နေသည်။ သူ့မှာလည်းဆေးရုံဂျူတီနေ့၊ ညပြောင်းလဲကျနေသဖြင့် အားကစားလုပ်ရန် အချိန်မရှိပေ။

ဝလာသည့် သမီးနှင့် တူမတို့ကိုစာရေးသူလေ့လာကြည့်သောအခါ သူတို့နှစ်ဦးလုံးသည် အလုပ်တာဝန်များကြသည်မှာမှန်သော်လည်း ညပြန်ရောက်လာသည်နှင့် စာဖတ်စရာရှိလျှင် ဖတ်ပြီးတာနှင့် ဖုန်းကိုယ်စီနှင့် ဖုန်းပွတ်နေကြသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ ည ၁၂ နာရီကျော်သည်အထိမီးမှောင်ချထားသော်လည်းသူတို့ ဖုန်းအလင်းရောင်များကို မြင်နေရသည်။

ထိုသို့ ည ၁၂ နာရီကျော်အထိ ဖုန်းပွတ်နေသောသမီးများသည် မနက်တွင်လည်း စောစောမထနိုင်ကြ။ စာရေးသူတို့ လူကြီးများက နံနက်စောစောထပြီးကျုံးနံဘေးလေကောင်းလေသန့်ရသည့် နေရာမှ လမ်းလျှောက်ပြီး ပြန်လာချိန်အထိသူတို့မှာမထနိုင်ကြသေး။ တစ်ခါတစ်ရံဆေးရုံဂျူတီရှိသဖြင့် နှိုးစက်ပေးထားပြီး စောစောထပြေးရသောရက်များရှိသော်လည်းပုံမှန်အားဖြင့် နံနက်စောစောမထကြ၊ မထနိုင်ကြသည်ကို တွေ့ရသည်။

ဤသည်မှာညက ညဥ့်နက်ခံပြီးဖုန်းပွတ်ထားကြသည့် အကျိုးပင် ဖြစ်တော့သည်။


အိပ်ရေးပျက်ခြင်း၊ အထူးသဖြင့်ညဥ့် ၁၁ နာရီကျော်သည်အထိမအိပ်ခြင်းသည် ကျန်းမာရေးကိုထိခိုက်စေနိုင်သည်။ တစ်နေ့၊ တစ်ရက်အိပ်ရေးပျက်လျှင် ကိစ္စမရှိသော်လည်း နေ့စဉ်ရက်ဆက်အိပ်ရေးပျက်လာလျှင် ကျန်းမာရေးကိုထိခိုက်စေနိုင်သည်။

ကျန်းမာရေးထိခိုက်သည်ဆိုသဖြင့် လူမမာ ဖြစ်သွားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အိပ်ရာထဲလဲမှ ကျန်းမာရေးထိခိုက်သည်ဟုယူဆလျှင် မှားယွင်းသောယူဆချက်ဖြစ်ပါသည်။

ကျန်းမာရေးသည် အိမ်နှင့်တူသည်။ အိမ်ကြီးကဆေးသုတ်ထားပြီး အပြင်ပန်းအမြင်တွင် လှပနေသော်လည်းအတွင်းမှ အိမ်တိုင်များ၊ ကြမ်းခင်းများဆွေးမြည့်နေလျှင်၊ အတွင်းလိုက်ပြီး ပိုးစားနေလျှင် တစ်နေ့တွင် ရုတ်တရက် ပြိုကျသွားနိုင်သည်ကို သတိပြုဖို့လိုသည်။

"အကောင်းကြီး... မနက်ကပဲတွေ့လိုက်သေးတယ်။ ညနေကျတော့ လဲကျပြီး ရုတ်တရက်ဆုံးသွားတယ်" ဆိုသူများသည် အပြင်ပန်းကောင်းနေသော်လည်းအတွင်းကလီစာ၊ အသည်း၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်စသည့် အရာများတွင် ရောဂါရင့်နေသူများ ဖြစ်သည်။ ရုတ်တရက် ဖြစ်သွားခြင်း မဟုတ်ပါ။ အတွင်းတွင် နှစ်ချီပြီးအစိုင်အခဲနှင့် တည်နေသော ရောဂါများကြောင့် ဖြစ်သည်။

အစားကြောင့် ဖြစ်သောရောဂါ၊ အအိပ်ကြောင့် ဖြစ်သော ရောဂါဟူ၍ ရှိသည်။ ထို့ကြောင့် ရှေးလူကြီးများက "အအိပ်၊



အစားမှန်ပါရဲ့လား..." ဟုမေးခြင်း ဖြစ်သည်။

ဝလာသူများသည် အစားကိုဆင်ခြင်ရုံဖြင့်မရ။ အဆီအဆိမ့်များလျှော့စားသည်။ ညစာမစားဘဲနေသည် ဆိုရုံဖြင့် ပိန်သွားမည်မဟုတ်ရ ခန္ဓာကိုယ်၏ အတွင်းကိုယ်ခံအားများ ဟန်ချက်ညီဖို့အတွက်၊ ကိုယ်တွင်းဇီဝနာရီစက် မှန်ကန်စွာ လည်ပတ်ဖို့အတွက် အိပ်ချိန်မှန်၊ အိပ်ရေးဝဖို့လည်းလိုအပ်သေးသည်ကို သတိပြုစေချင်သည်။

အနောက်တိုင်းဆေးပညာသုတေသီများ၏ တွေ့ရှိချက် သုတေသနပြုချက်များတွင် ညအိပ်ရာဝင်ချိန် နောက်ကျသူများအိပ်ရေးမဝသူများသည် အဆီချေဖျက်မှု အားနည်းပြီးပို၍ ဝလာနိုင်သည်ဟုဆိုသည်။

တိုင်းရင်းဆေးပညာတွင် ဝခြင်းသည် ပထဝီ+အာပေါ ဓာတ်နှင့် ဆိုင်သည်။ ပထဝီဓာတ်၊ အသားဓာတ်နှင့် အာပေါ အရည်ဓာတ်၊ အရသာအားဖြင့်အဆိမ့်နှင့် အချိုဓာတ် အစားများလျှင် ဝလာနိုင်သည်။ စားရုံမျှဖြင့် ဝလာနိုင်သည် မဟုတ်ချေ။ စားပြီးခန္ဓာကိုယ်တွင်း ရောက်လာသောအဆိမ့်၊ အချိုဓာတ်များကို လိုအပ်သမျှယူပြီး ပိုသည့်အခါ ချေဖျက်ပစ်နိုင်ဖို့ လိုသည်။

အိပ်ရေးပျက်သူများသည် အပိုဓာတ်များကိုချေဖျက်သည့် ညအချိန်တွင် မအိပ်သဖြင့် ခန္ဓာကိုယ်ကမချေဖျက်နိုင်ပေ။ ထိုအခါ ပိုလျှံသော အဆိမ့်၊ အချိုဓာတ်များ (ဝစေသောဓာတ်များ) ခန္ဓာကိုယ်တွင် စုပုံလာတော့သည်။

အအိပ်ပျက်၊ အစားပျက်ပြီးပိန်းချုံးသွားတာပဲဟူသောသူများသည် စိတ်ဓာတ်ပါ ကျသောကြောင့် ပိန်ရခြင်း ဖြစ်သည်။ စိတ်ကျလျှင် လူပိန်ခြင်း၊ အစာမစားလိုခြင်း၊ အစာမတောင့်တခြင်းရောဂါများ ဝင်လာနိုင်သည်။

အအိပ်ပျက်သော်လည်းအစားမပျက်၊ စိတ်ကလည်း မိမိလုပ်ချင်ရာလုပ်ရ၍ ပျော်နေသူများမှာမပိန်သည့်အပြင် တစ်နေ့တခြားတိုး၍ဝလာသည်ကို တွေ့ရပေသည်။

**အိပ်ရေးပျက်ခြင်း၏ အပြစ်များ**

၁။ အစာမကြေခြင်း။

၂။ အဆီတိုးခြင်း။

၃။ ဝမ်းမမှန်ခြင်း၊ ဝမ်းချုပ်ခြင်း။

၄။ လေချုပ်ခြင်း။

၅။ စိတ်မကြည်ခြင်း။

၆။ အာရုံကြောများ နိုးကြားမှု မရှိခြင်း။

၇။ ခန္ဓာကိုယ် လေးလံထိုင်းမှိုင်းခြင်း။

၈။ မျက်စိအမြင် ဝေဝါးခြင်း။

၉။ မှတ်ဉာဏ်ချို့ယွင်းခြင်း။

၁၀။ ဝမ်းဗိုက်တွင် လေပွ၍ ဝလာခြင်း။

အိပ်ရေးပျက်၍ ဝလာသူများသည် ဝမ်းဗိုက်စူလာသဖြင့် အဆီ ဝမဟုတ်ဘဲ "လေဝ"ဝသည် ဟုတိုင်းရင်းဆရာများက ဆိုကြသည်။

လေ၏သဘောကြောင့် လူဝသော်လည်းအဆစ်အဆစ်များတွင် လေခိုသဖြင့် အဆစ်အမျက်များနာသောရောဂါများ ဖြစ်နိုင်သည်။ တိုင်းရင်းဆေးဖြင့် ကုသသောရောဂါများတွင် (ဆက်၊ ဆက်၊ ချောင်၊ မြည်) လေရောဂါ ဟူ၍ ရှိသည်။ ထိုလေရောဂါရှိသူများသည် လူကတဖြည်းဖြည်းဝလာပြီးရင် ဒူးမခိုင်၊ ခြေမခိုင် ဖြစ်တတ်သည်။ လှေကားအဆင်းအတက် ပြုလုပ်လျှင် အဆစ်အဆက်များမှ အသံမြည်သည်။ လူခြေတိတ်ချိန်တွင် လှေကားအဆင်းအတက်လုပ်လျှင် အဆစ်များမှ အသံမြည်သည်ကိုပို၍ကြားရနိုင်သည်။

"စောစောအိပ်ထ... ပြုကျင့်က
တွင်းပကိုယ်ခန္ဓာ...
ရောဂါခပ်သိမ်း... ရှောင်ခွာတိမ်း
ကင်းငြိမ်းလွန်ချမ်းသာ..."

**အသင့်စားအစာခေါ် ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ အသင့်ဖျော်လက်ဖက်ရည်ထုပ်၊ မုန့်ခြောက်များ၊ အသားတုနှင့် ဝက်အူချောင်း၊ ကြက်အူချောင်းများကိုစားသုံးမှုများသည်ကို တွေ့ရသည်။ ထိုအစာများသည် သဘာဝအစာမဟုတ်သဖြင့် ခန္ဓာကိုယ်တွင်းအစာချေဖျက်မှုဇီဝဖြစ်စဉ်ကို ပျက်ယွင်းစေပြီး လူကိုဝလာစေ**

အထက်ပါ ဒွေးချိုးလင်္ကာလေးသည် ကျန်းမာသူများ လိုက်နာကျင့်သုံးသည့် နည်းလမ်းကိုရေးထားခြင်း ဖြစ်သည်။ ထိုလင်္ကာကိုပြောင်းပြန်လှန်မည် ဆိုပါက

"နောက်ကျ အိပ်ထ ပြုကျင့်က
တွင်းပကိုယ်ခန္ဓာ...
ရောဂါမှန်သမျှရ ဝင်ရောက်ကြ
ဒုက္ခတွေ့မည်သာ"

စာရေးသူတို့ နေထိုင်ရာ မန္တလေးမြို့တွင် နံနက်စောစောထပြီးကျုံးနံဘေးတွင် လမ်းလျှောက်သူများဖြင့် စည်ကားလျက်ရှိသည်။ထိုသူများတွင် ဝန်ထမ်းများလည်းပါသည်။ ကုန်သည်ပွဲစား၊ စီးပွားရေးလုပ်ငန်းရှင်များလည်းပါသည်။ သို့သော် ထိုအထဲတွင် လူငယ်၊ လူရွယ်၊ ကျောင်းသားအရွယ်များပါဝင်သည်ကို သိပ်မတွေ့ရပေ။

အချို့လူငယ်များမှာ လူကြီးများနှင့် အဖော်လိုက်လာသည်ကိုရံဖန်ရံခါ တွေ့ရသော်လည်းကျန်းမာရေးအရ လမ်းလျှောက်သည်ကိုမတွေ့ရဘဲ ကျုံးနောက်ခံဖြင့် လက်ထဲတွင်ပါလာသောဖုန်းဖြင့် ဆယ်လ်ဖီဆွဲနေသူ (ကိုယ့်ပုံကိုယ် ပြန်ရိုက်နေသူ)နှင့် အချို့မှာလမ်းမလျှောက်ဘဲ ဖုန်းထိုင်ပွတ်နေသူများကိုတွေ့ရသည်မှာ ယနေ့ခေတ်၏ မြင်ကွင်း ဖြစ်နေသည်။

လူငယ်ပီပီလှချင်သည်။ ဝလာလျှင် မကြိုက်ကြ။ သို့သော် မဝလာအောင် မည်သို့နေထိုင်ရမည်ကိုမသိကြပေ။ ဝလာလျှင် အစားအသောက်လျှော့စားလိုက်လျှင် ပိန်သွားမည်ဟုထင်နေကြသည်။

အစားအသောက်များစားသောက်ပုံကို ကြည့်လျှင်လည်း ယနေ့ခေတ်လူငယ်များသည် အချိုရည်သောက်သုံးမှုများကြသည်။ အသင့်စားအစာခေါ်ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ အသင့်ဖျော် လက်ဖက်ရည်ထုပ်၊ မုန့်ခြောက်များ၊ အသားတုနှင့် ဝက်အူချောင်း၊ ကြက်အူချောင်းများကိုစားသုံးမှုများသည်ကို တွေ့ရသည်။ ထိုအစာများသည် သဘာဝအစာမဟုတ်သဖြင့် ခန္ဓာကိုယ်တွင်းအစာချေဖျက်မှု ဇီဝဖြစ်စဉ်ကို ပျက်ယွင်းစေပြီး လူကိုဝလာစေသည်။ တစ်ခါတစ်ရံပါဝင်သော ဓာတုပစ္စည်းများ၏ ဆိုးကျိုးကြောင့် သွေးသားဖောက်ပြန်သောရောဂါများပင် ဖြစ်လာတတ်သည်။ အဆီတိုး၊ အသားတိုးရောဂါများ၏ နောက်ဆက်တွဲမှာ ကင်ဆာရောဂါအထိ ဖြစ်ပွားစေနိုင်သည်ကို သတိပြုဖို့လိုသည်။

**အာယုဗေဒဆေးပညာတွင်**

၁။ အအိပ်ပျက်

၂။ အစားပျက်

၃။ သည်းခြေပျက်

၄။ သွေးပျက်ဟူ၍ ပျက်(၄)ပျက် ရှိသည်။ နောက်ဆုံးအပျက်မှာ (သွေးပျက်) ဖြစ်ပြီး အကုရအခက်ဆုံးဖြစ်သည်။ တစ်နေ့တခြားလူဝမလာစေရန် အောက်ပါအချက်များကို ဆင်ခြင်ဖို့လိုပါသည်။

၁။ အစားကို အချိန်မှန်စားပါ။

၂။ သဘာဝအစားအစာကိုသာစားသောက်ပါ။

၃။ အိပ်ချိန်ကိုအချိန်မှန်အိပ်ပါ။ (ည ၁၀ နာရီမှ နံနက် ၅ နာရီ)အထိအိပ်လျှင် အိပ်ရေးဝပါသည်။

၄။ နံနက်စောစောလမ်းလျှောက်ပါ။ သို့မဟုတ် အိမ်အတွင်းမှာပင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို နာရီဝက်အနည်းဆုံးပြုလုပ်ပေးပါ။

၅။ အဆီများသောအစာ၊ အချိုများသောအစာ၊ အငန်များသောအစာများကို ငယ်စဉ်ကပင် ရှောင်ကြဉ်ပါ။

၆။ အထိုင်များခြင်း၊ မျက်စိအာရုံအသုံးများခြင်းကို ရှောင်ကြဉ်ပါ။

၇။ အအေးခံခြင်း၊ ပန်ကာလေ၊ အဲယားကွန်းလွန်ကျူးစွာခံ၍ နေထိုင်ခြင်းကြောင့် ပို၍ဝလာနိုင်သဖြင့် အလွန်အအေးခံနေထိုင်ခြင်းကို ရှောင်ကြဉ်ပါ။

အထက်ပါ အချက်များကိုသတိထားနေထိုင် ပြုမူခြင်းဖြင့် အသက်ငယ်ငယ်ဖြင့် တစ်နေ့တခြားဝလာခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်းစေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

---

## ချောင်းရေတိုက်စား၍ နေအိမ်ဖျက်သိမ်း ပြောင်းရွှေ့နေရသူများအား ထောက်ပံ့

**ခိုင်ကမ်း အောက်တိုဘာ ၁၁**

စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းပြည်နယ် ခိုင်ကမ်းမြို့တွင် ဆည်ကြီးချောင်းရေကြီး၍ နေအိမ်ဖျက်သိမ်းပြောင်းရွှေ့ရသည့် အိမ်ခြေ ခုနစ်လုံးမှ အိမ်ထောင်စုများနှင့် ရွှေ့ပြောင်းအိမ်ထောင်စု (၁၃)စုရှိ လူဦးရေ ၇၁ ဦးတို့အတွက် ကယ်ဆယ်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အောက်တိုဘာ ၉ ရက်က ခိုင်ကမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပွဲတွင် တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်ခိုင်က အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ကျပ် ၄၉၁၀၀ နှင့် အရေးပေါ်သုံးပစ္စည်း ကိုးမျိုးပါပုံးများကို တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခိုင်ကမ်းမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအမ်းအင်းလမ်းတို့က နေအိမ်ဖျက်သိမ်းပြောင်းရွှေ့ရသည့် မိသားစုများထံသို့ ပေးအပ်ခဲ့ကြသည်။

ဆည်ကြီးချောင်းရေကြီး၍ ချောင်းကမ်းနားရှိ အန္တရာယ်ရှိသောနေရာများကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်က စတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ပြီးနောက် ချင်းပြည်နယ် စည်ပင်သာယာရေးနှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့်အဖွဲ့ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ပြည်နယ်အစိုးရ၏ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက် )

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လွိုင်လင်မီးအဖွဲ့သားများပြင်ဆင်

မိုးလွင်ဦး(လွိုင်လင်)



၂၀၁၇ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ တောင်ကြီးမြို့အဝေးရောကုန်းသာယာ (မီးပုံးပျံကွင်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲ၊ ညလွှတ်ညမီးကြီးပြိုင်ပွဲ၊ စိန်နားပန်မီးပုံးပျံပြိုင်ပွဲ၊ မဟာဘုံကထိန် လှည့်လည်ပူဇော်လှူဒါန်းပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ၊ ခြတ်ပုံပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ မီးပုံးပျံပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်များထဲတွင် ညမီးကြီး မီးပုံးပျံလွှတ်ပြိုင်ပွဲသည် အထင်ကရပြိုင်ပွဲတစ်ခုဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်နှင့် အခြားသောမြို့များမှ နှစ်စဉ် ညမီးကြီးအလုံးပေါင်း ၈၀ ကျော်ပါဝင်ကြပြီး ကုန်ကျစရိတ်သည် ညမီးကြီး တစ်လုံးလျှင် ကျပ်သိန်း ၄၀ ခန့် ကုန်ကျသည်။ ပြိုင်ပွဲတွင်ဆုကြေးအားဖြင့် ပထမဆုကို ကျပ်သိန်း ၆၀ အထိ ဆုချီးမြှင့်ကြောင်း သိရသည်။

ညမီးကြီး မီးပုံးပျံတစ်လုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အချိန်နှင့် လူအား ငွေအား များစွာ ရင်းနှီးရသည့်အပြင် မီးပုံးပျံတစ်လုံး၏ အမြင်ပသာဒကြွယ်ဝစေရန် ပန်းချီဒီဇိုင်းပညာရှင်များ၊ ယမ်းခွေအတွက် ယမ်းပိဿာချိန် ၃၀ ကျော် အသုံးပြုရ၍ မီးဆရာများလည်း လိုအပ်သည်။ ပန်းချီဒီဇိုင်းဆရာ၏ လက်ရာကောင်းပြီး ယမ်းဆရာ၏လက်ရာယမ်းထွက်ကောင်းမှ အင်မတန်လှပသည့် မီးပုံးပျံတစ်လုံးဖြစ်မည်။ သို့မှသာလျှင် ပြိုင်ပွဲတွင်ဆုရရှိမည့် အခြေအနေကောင်းများ ရရှိမည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့မှ မီးပုံးပျံဝါသနာရှင်များသည် တောင်ကြီးမီးပုံးပျံပြိုင်ပွဲတွင် ယခင်နှစ်မှစ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ယခုနှစ်တွင်ကျင်းပမည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ ပြိုင်ပွဲအတွက် လွိုင်လင်မီးအဖွဲ့သားများ ကြိုတင်ပြင်ဆင်နေမှုများကို အောက်တိုဘာ ၅ ရက်က သွားရောက်တွေ့ဆုံ၍ မေးမြန်းဖြစ်ခဲ့သည်။

လွိုင်လင်မီးအဖွဲ့သားတစ်ဦးက ပြောကြားရာတွင် "ကျွန်တော်တို့မီးအနေနဲ့တော့ ဒီနှစ်ဆိုရင် ဒုတိယအကြိမ် ပြိုင်ပွဲဝင်တာပါ။ ၂၀၁၆ ခုနှစ်ကတော့ ပထမအကြိမ် ဝင်ပြိုင်တာပါ။ မနှစ်က ညမီးကြီးပေါင်း အလုံး ၈၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့ လွိုင်လင်မီးက အမှတ်စဉ်(၉) ရရှိခဲ့ပါတယ်။ ဒီနှစ်လည်းပဲ အများကြီး အားထုတ်ထားပါတယ်။ မနှစ်က အတွေ့အကြုံနဲ့ အားနည်းချက်တွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။ မီးပုံးပျံကိုယ်ထည်နဲ့ ခေါင်တို့ကို ဒီဇိုင်းအနေနဲ့ နည်းနည်းပြောင်းထားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီက သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့အညီ ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

မီးပုံးပျံအတွက် ပြင်ဆင်နေမှုနှင့် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ "ကုန်ကျတဲ့ ငွေကြေးကိစ္စတွေကတော့ လွိုင်လင်မြို့သူမြို့သားတွေရယ်၊ ဌာနဆိုင်ရာတွေရယ်၊ နောက်ပြီး ရပ်ဝေးမှ မိတ်ဆွေတွေ စုပေါင်းပံ့ပိုးပေးကြပါတယ်။ ပန်းချီဒီဇိုင်းနဲ့ ကနုတ်ပန်းဒီဇိုင်းများကိုတော့ လွိုင်လင်မြို့ပေါ်က ဝါသနာရှင်များက ကူညီပေးကြပါတယ်။ ပြိုင်ပွဲဝင်လွှတ်တင်မယ့်ရက်ကိုတော့ မဲမနှိုက်ရသေးလို့ အတိအကျ မသိရသေးပါဘူး။ အများသိအောင် ထပ်မံအသိပေးပါ့မယ်။ ရလဒ်ကိုတော့ မနှစ်ကထက်မလျော့တဲ့ ရလဒ်မျိုး ရရှိလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ဆက်လက်၍ လွိုင်လင်မီးပုံးပျံဒီဇိုင်း ပန်းချီဆရာကိုကျော်သက်က ပြောကြားရာတွင် "မနှစ်က ပထမဆုံးအကြိမ်ဆိုတော့ အတွေ့အကြုံမရှိတာရယ် စိတ်လှုပ်ရှားတာတွေကြောင့် အများကြီးစိုရိမ်ခဲ့သလို မပြည့်စုံတာတွေ လိုအပ်ချက်တွေ အများကြီးရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ မနှစ်က အတွေ့အကြုံကောင်းတွေကိုယူပြီး တော်တော်လေး အားထည့်ဆောင်ရွက်နေပါတယ်။ ပြည့်စုံတယ်လို့တော့ မရှိပါဘူး။ လုပ်ရင်းကိုင်ရင်း လေ့လာသင်ယူရင်းနဲ့ပေါ့။ ကိုယ့်မြို့ကိုယ်စားပြုတဲ့ မီးပုံးပျံဆိုတော့ စိတ်ရောကိုယ်ပါ အပြည့်အဝ အားထုတ်ထားပါတယ်။ မနှစ်ကထက်စာရင်တော့ ပိုပြီး ကျေနပ်မှုရှိပါတယ်။ ဒီဇိုင်းနဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် သူများတွေနဲ့မတူအောင် ကိုယ်တိုင်ဆန်းသစ်တီထွင် ရေးဆွဲထားတဲ့ဒီဇိုင်းပါ။ ကျွန်တော်ဆွဲနေတာ ရက် ၂၀ လောက်တော့ ရှိပြီ။ လက်ရှိအခြေအနေမှာတော့ ၇၀ ရာခိုင်နှုန်းလောက်ပဲပြီးသေးတယ် ။ ပြိုင်ပွဲဝင်ရတော့မယ့်ရက်က သိပ်မလိုတော့ပေမယ့် အချိန်မီ ပြီးစီးမှာပါ။ အချောသပ်လုပ်ငန်းလောက်ပဲ ကျန်ပါတယ်။ ကျွန်တော့အနေနဲ့ကတော့ ပင်ပန်းရကျိုးနပ်အောင် အောင်မြင်မှုတွေရရှိပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ဆိုသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်သည် မြန်မာနိုင်ငံတွင်မက ကမ္ဘာလှည့်ခရီးသည်များမှ တစ်ဆင့် လူသိများပြီး ကမ္ဘာကျော်သည့် ပွဲတော်တစ်ခုဖြစ်လာကာ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားသည်။ မကြာမီကျင်းပတော့မည့် ၂၀၁၇ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် ပြိုင်ပွဲအတွက် အားထုတ်ပြင်ဆင်နေသည့် လွိုင်လင်မီးအဖွဲ့တို့အား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

# ထိုင်းနိုင်ငံမှ သက်ကြီးငါးမန်း စက်ဘီးစီးအဖွဲ့ ပုဂံယဉ်ကျေးမှုဒေသသို့ လာရောက်လေ့လာ



**ပုဂံ အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံမှ စက်ဘီးစီးဝါသနာရှင်များအဖွဲ့တစ်ဖွဲ့ဖြစ်သော သက်ကြီးငါးမန်းစက်ဘီးစီးအဖွဲ့သည် မန္တလေးမြို့မှတစ်ဆင့် ပုဂံယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဘုရားပုထိုးစေတီများကို လာရောက်လေ့လာလျက်ရှိကာ ပုဂံ လူထုစက်ဘီးစီးပွဲတွင်လည်း ပါဝင်၍ စက်ဘီးစီးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူထံမှ သိရသည်။

"ကျွန်တော်ထိုင်းနိုင်ငံမှာနေထိုင်စဉ်တုန်းက ဗာထာရာမြို့မှာရှိတဲ့ သက်ကြီးငါးမန်း စက်ဘီးစီးအဖွဲ့က မြန်မာနိုင်ငံက ပုဂံယဉ်ကျေးမှုဒေသကို သွားရောက်လေ့လာပြီး ပုဂံဒေသမှာကျင်းပမယ့် လူထုစက်ဘီးစီးပွဲမှာ ပါဝင်စီးနင်းသွားချင်တယ်လို့ ပြောဆိုမှုကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ တရားဝင်ခွင့်ပြုချက်ကိုရယူပြီး ထိုင်းနိုင်ငံ လေကြောင်းခရီးနဲ့ မြန်မာနိုင်ငံ မန္တလေးလေဆိပ်ကို အခုလ ၇ ရက်နေ့မှာ ရောက်ရှိခဲ့တာပါ။ ၈ ရက်နေ့ နံနက် ၉ နာရီအချိန်ကစပြီး မန္တလေးမြို့မှတစ်ဆင့် ပုဂံယဉ်ကျေးမှုဇုန်ဒေသကို သွားရောက်လေ့လာပြီး လူထုစက်ဘီးစီးပွဲမှာ ပါဝင်စီးနင်းသွားမှာဖြစ်ပါတယ်"ဟု အဆိုပါထိုင်းနိုင်ငံစက်ဘီးစီးအဖွဲ့၏ ပုဂံခရီးစဉ် ခေါင်းဆောင်ဖြစ်သူ ကိုဗညားဦးက ပြောသည်။

"ထိုင်းဘာသာနဲ့ ဆလန်သ (မြန်မာလို သက်ကြီးငါးမန်း) စက်ဘီးစီးအဖွဲ့မှာ ကျွန်တော်အပါအဝင် လူဦးရေ ၁၆ ယောက် ပါဝင်စီးနင်းလာတာပါ။ လမ်းခရီးအခက်အခဲအနေနဲ့ မန္တလေးမြို့မှ ပုဂံသွား လမ်းပိုင်းတချို့နေရာတွေဟာ ပျက်စီးနေခြင်းနဲ့ ယာဉ်များယာဉ်စည်းကမ်းလိုက်နာမှုမရှိခြင်းကလွဲရင် အားလုံးအဆင်ပြေကြပါတယ်။ စက်ဘီးစီးနင်းခြင်းရဲ့ အကျိုးကျေးဇူးက အလွန်ကိုကောင်းပါတယ်။ မြန်မာပြည်သူများအနေနဲ့လည်း နေ့စဉ်စက်ဘီးစီးနင်းသွားမည်ဆိုရင် ကျန်းမာရေးကို တစ်ထောင့်တစ်နေရာက အထောက်အပံ့ဖြစ်မှာပါ။ ကျွန်တော်တို့ ထိုင်းနိုင်ငံက သက်ကြီးငါးမန်း စက်ဘီးစီးအဖွဲ့ဟာ အခုလ ၁၃ ရက်နေ့မှ ထိုင်းနိုင်ငံကိုပြန်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံ သက်ကြီးငါးမန်း စက်ဘီးစီးအဖွဲ့ကို မြန်မာနိုင်ငံကို လာရောက်လေ့လာနိုင်အောင် အကူအညီပေးခဲ့တဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ မြန်မာနိုင်ငံက စက်ဘီးစီး ညီအစ်ကိုမောင်နှမအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံမှလာရောက်ကြသည့် အဆိုပါ သက်ကြီးငါးမန်း စက်ဘီးစီးအဖွဲ့ဝင်များသည် အသက်(၅၀)ကျော်ခန့်အရွယ်များ ဖြစ်ကြပြီး ၎င်းတို့အနေဖြင့် ယခုခရီးစဉ်အတွင်း မန္တလေးမြို့မှ မြင်းခြံ-ပုဂံ လမ်းပိုင်းအတိုင်း စက်ဘီးစီးနင်းကာ ပုဂံယဉ်ကျေးမှုဇုန်ဒေသသို့ သွားရောက်ပြီး ပုဂံဒေသအတွင်း လည်ပတ်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်

**ကော့သောင်း အောက်တိုဘာ ၁၁**

ကော့သောင်းမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်လောင်းအနေဖြင့် ရင်သွေးငယ်များအား ကျန်းမာစွာမွေးဖွားနိုင်ရေးအတွက် သတိပြုဆင်ခြင်နေထိုင်ရမည့်အပြုအမူများ၊ စားသောက်ပုံနည်းစနစ်များ အသိပညာပေးပြောကြားခြင်းနှင့် အာဟာရဖြစ်သည့် အစားအသောက်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် ကော့သောင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဝင်းတို့ ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ် အဖွဲ့ဝင်များပါဝင်သည့်အဖွဲ့က မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် တွေ့ဆုံ၍ ပညာပေးဟောပြောခြင်းနှင့် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် အောင်သုခရပ်ကွက်နေ အသက် ၁၀၁ နှစ်ရှိ အဘိုးဦးအေးမောင်နှင့် ရွှေဇင်ယော်ရပ်ကွက်နေ အသက် ၉၉ နှစ်ရှိ အဘွား ဖွားသက်ရွှေ(ခ) ဖွားသက်ရှည်တို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ကာ အာဟာရဖြစ်ဖွယ် အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သလို ကော့သောင်းမြို့မြို့မ မူလတန်းကြိုကျောင်း အဆောက်အအုံသို့ သွားရောက်ကာ မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**



# ဘဝအလင်းရောင် အခမဲ့ဆေးခန်းတွင် အထူးကုဆရာဝန်ကြီးများ ကုသိုလ်ဖြစ်ဆေးကုသမည်

**ဟင်္သာတ အောက်တိုဘာ ၁၁**

ဆေးတက္ကသိုလ်(၂) ၁၉၆၈ Intake ဝင် ဆရာဝန်များ၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အောက်တိုဘာ ၁၅ ရက်တွင် ဟင်္သာတမြို့နယ်၌ ကုသိုလ်ဖြစ်အခမဲ့ဆေးကုသပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကုသမှုကို ဟင်္သာတမြို့ ညောင်ပင်ရပ်၊ ကြာကန်ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ဘဝအလင်းရောင် အခမဲ့ဆေးခန်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပါမောက္ခဒေါက်တာဦးဝင်းမြင့်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာဦးအောင်ကြည်ဝင်း(ကလေးအထူးကုဆရာဝန်ကြီး)၊ ဒေါက်တာဒေါ်ခင်မာဦး(ကလေးအထူးကု ဆရာဝန်ကြီး) ၊ ဒေါက်တာဦးပေါ်မြင့်(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာဦးကံဦး(အရေပြားရောဂါ အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာဒေါ်မြမဥ္ဇူ(သမားတော်ကြီး)နှင့် ဒေါက်တာဒေါ်အေးသန္တာကို(သမားတော်)တို့က အခမဲ့ လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဟင်္သာတမြို့နယ်အတွင်းရှိ ဆေးကုသလိုသူများအနေဖြင့် ဘဝအလင်းရောင် အခမဲ့ဆေးခန်းတွင် စာရင်းများ လာရောက်ပေးသွင်းနိုင်ကြောင်း သိရသည်။ ဆေးကုသမှု လာရောက်ခံယူသော လူနာများအား အထူးကုဆရာဝန်ကြီးများအဖွဲ့အနေဖြင့် အခမဲ့ကုသိုလ်ဖြစ် ဆေးဝါးကုသပေးမှုနှင့်အတူ အလှူရှင်များကလည်း ဆေးဝါးများ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# အာယုပါလ အခမဲ့ကျေးလက်ဆေးခန်း တစ်နှစ်ပြည့်အခမ်းအနား ကျင်းပ

**ငါ့သရောက် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောပြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား အနီးကပ် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသော တောပြားကျေးရွာမှ အာယုပါလ အခမဲ့ကျေးလက်ဆေးပေးခန်း၏ တစ်နှစ်ပြည့်အခမ်းအနားကို အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

တောပြားကျေးရွာရှိ အာယုပါလ အခမဲ့ကျေးလက်ဆေးပေးခန်းမှာ အလျား ၂၇ ပေ၊ အနံ ၁၈ ပေခန့်ရှိ အာရ်စီတစ်ထပ် အဆောက်အအုံ အမျိုးအစားဖြစ်ပြီး ဒေသခံကျေးလက်နေပြည်သူများအား အနီးကပ် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့နေ ဦးသိန်းမြင့်(ခ)ဦးဘို သားသမီးမြေးတစ်စုတို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အခမဲ့ ဆေးပေးခန်းတွင် ရန်ကုန်မြို့မှ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာဦးမျိုးမျိုးမင်းနှင့် ကျန်းမာရေးဆရာဆရာမများ၊ မန္တလေးမြို့ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆရာမများ၊ မန္တလေးမြို့နှလုံးလုပရဟိတ သွားဆရာဝန်များအဖွဲ့တို့က တစ်လလျှင် နှစ်ရက် လာရောက်ဖွင့်လှစ်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများ အခမဲ့ဆောင်ရွက်ပေးနေသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအားကိုးအားထားပြုရသော ဆေးခန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း တောပြားကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

ဆေးခန်း တစ်နှစ်ပြည့်အခမ်းအနားတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရွှေညောင်ပင်တောရ ပရိယတ္တိစာသင်တိုက်ကျောင်းဆရာတော် ဦးဝိသုဒ္ဓနှင့် တောပြားကျေးရွာ ဆင်ဖြူဆိပ်မြောက်ကျောင်းဆရာတော် ဦးမဏ္ဍလတို့က တရားတော်များချီးမြှင့်၍ သီလပေးကာ ဆရာတော်ဦးဝိသုဒ္ဓက ပင့်သံဃာဆရာတော်ကြီးများအား လှူဒါန်းသည့် ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**




# စပါးထွက်နှုန်းတိုးတက်ရေး တောင်သူပညာပေး ကွင်းသရုပ်ပြ

**ဘိုကလေး အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ကြီးမှူး၍ ဒေသတွင်းမှတောင်သူများ၏ တစ်ဧက စပါးအထွက်နှုန်းတိုးတက်ရေးအတွက် တောင်သူပညာပေး သရုပ်ပြပွဲကို ဒေါင့်ကြီးကျွန်းစိုက်ကွင်း ကွင်းအမှတ် (၁၀၅)၌ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်လှိုင်၊ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံများ၊ ဖျာပုံမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဖျာပုံ၊ ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ ကဿပေါင်းရွာသစ်နှင့် ရွာဟောင်း၊ ဒေါင့်ကြီး၊ စကားလွန်ကုန်း၊ သဲချောင်းနှင့် ကွင်းဘုန်းကြီး ကျေးရွာများမှ ဒေသခံတောင်သူ ၁၅၀ ခန့် တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေါင့်ကြီးကျွန်းစိုက်ကွင်းအတွင်း၌ ပေါ်ဆန်းရင်မျိုးသန့် (RS to CS)စိုက်ပျိုးထားရှိမှုနှင့် ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ ပိုးမွှားရောဂါများကို စနစ်တကျ ကာကွယ်နှိမ်နင်းရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး နည်းပညာများကို ဒေသခံတောင်သူများအား လက်တွေ့ရှင်းလင်းသရုပ်ပြသခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများက သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို မေးမြန်းဆွေးနွေးကြပြီး ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဒေါင့်ကြီးကျွန်းစိုက်ကွင်းမှူး ဦးဝင်းကိုကိုတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ဝေါ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် နှစ်စဉ်လိုလိုကြုံတွေ့နေကြသော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များတွင် မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များ၏ အရည်အချင်း၊ အရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ အောက်တိုဘာ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးရန်အောင်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် ခံယူထားရှိအပ်သည့် စိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ၂၆ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လူကုန်ကူးမှုလျှော့ချရေးအတွက် ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်ရန်လို

**မုံရွာ အောက်တိုဘာ ၁၁**

လူကုန်ကူးမှုများ လျှော့ချနိုင်ရေးအတွက် လူကုန်ကူးမှုဖြစ်ပွားခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများကို အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ငြိမ်းချမ်းရေးအတွက်လှုပ်ရှားနေသူ မုံရွာဒေသခံတစ်ဦးက ပြောကြားသည်။

"လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အထူးအရေးပါတဲ့ကဏ္ဍဖြစ်ပါတယ်။ စစ်မက်ဖြစ်ပွားမှုတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုစတာတွေကို အဟန့်အတားဖြစ်စေပါတယ်။ စားဝတ်နေရေးကျပ်တည်းတာကြောင့် အနယ်နယ်အရပ်ရပ်ကို ရွှေ့ပြောင်းလုပ်ကိုင်နေရသူတွေဟာ လူကုန်ကူးမှုရဲ့ အန္တရာယ်ကို ရင်ဆိုင်နေကြရပါတယ်။ ပညာကောင်းကောင်းမသင်ရတာဟာလည်း လူကုန်ကူးခံရတဲ့အခြေအနေမှာရှိနေတဲ့အတွက် လူကုန်ကူးမှုလျော့ကျစေရေးနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တာကို အလေးထားဆောင်ရွက်ကြဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားမှု စသည့် ဘဝရပ်တည်ရန် ခက်ခဲစေသည့် အကြောင်းများကြောင့် လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေကြောင်း လူကုန်ကူးမှုတားဆီးရေးကို စောင့်ကြည့်လေ့လာနေသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ဆက်စပ်ဖြစ်ပွားတဲ့ အဓမ္မလက်ထပ်ထိမ်းမြားတာ၊ ထိုင်းနိုင်ငံနဲ့ဆက်စပ်ဖြစ်ပွားတဲ့ လုပ်အားခေါင်းပုံဖြတ်တာနဲ့ အဓမ္မပြည့်တန်ဆာမှု၊ မလေးရှားနိုင်ငံနဲ့ ဆက်စပ်ဖြစ်ပွားတဲ့ အဓမ္မပြည့်တန်ဆာမှု၊ အဓမ္မသူတောင်းစားပြုမှု၊ အင်ဒိုနီးရှားနိုင်ငံနှင့်ဆက်စပ်ဖြစ်ပွားတဲ့ ပင်လယ်ပြင်ရေလုပ်ငန်းတွေမှာ လုပ်အားခေါင်းပုံဖြတ်မှုတွေနဲ့အတူ ပြည်တွင်းမှာဖြစ်ပွားတဲ့ လုပ်အားခေါင်းပုံဖြတ်မှုနဲ့ အဓမ္မပြည့်တန်ဆာမှုစတဲ့ လူကုန်ကူးမှုပုံစံတွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တိုက်ဖျက်လာသည်မှာ နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရာ ကြားကာလတစ်လျှောက်တွင် အာဆီယံဒေသတွင်းစံပြုလောက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သလို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း မုံရွာလူကုန်တားရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အသိပေးပြောကြားသည်။

**သံတိုင်ထွန်း**

# ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း) တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ၏(၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ အောက်တိုဘာ ၉ ရက်က ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။



ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ရေးအဖွဲ့(ငွေလုံးငွေရင်း)ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် "နိုင်ငံပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများသည် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံစည်းမျဉ်းများ(MNBC)ကို လက်ခံကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ယခင် ဘဏ္ဍာရေးနှစ်များ၏ အတွေ့အကြုံများအရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ လွှဲပြောင်းအပ်နှံဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းအချို့သည် အရည်အသွေး၊ စံချိန်စံညွှန်း မပြည့်မီမှုများ ရှိခဲ့သည့်အတွက် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းများဖြစ်လာရန် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါခေါ်ယူရွေးချယ်ကြရာတွင် အချို့ဌာနများသည် နည်းပညာအောင်မြင်သော ကုမ္ပဏီများထဲမှ လုပ်ငန်းတန်ဖိုးအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများအဖြစ် ရွေးချယ်ကြသဖြင့် ဆောင်ရွက်ကြသော တည်ဆောက်ရေးလုပ်ငန်းများသည် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီမှုမရှိဘဲ တည်ဆောက်ရေးလုပ်ငန်းအလိုက် ရှိရမည့် သက်တမ်းအပြည့် အသုံးပြုနိုင်မည်မဟုတ်ကြောင်း၊ လုပ်ငန်းတန်ဖိုးအနည်းဆုံးဆိုသည်မှာ သတ်မှတ်ကြမ်းခင်းဈေးအတွင်းရှိသော လုပ်ငန်းတန်ဖိုးများထဲမှ အနည်းဆုံးလုပ်ငန်းတန်ဖိုးသာ ဖြစ်ရမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောက်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော ရန်ပုံငွေအဆိုပြုချက်များကို စိစစ်ရာတွင်လည်း ယခင် ဘဏ္ဍာရေးနှစ်များကထက် အချိန်ပိုယူပြီး စိစစ်ဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အတွင်းရေးမှူး အဆောက်အအုံဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၏ လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနအသီးသီးနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကိုယ်စားလှယ်များက ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

# မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်

**ထားဝယ် အောက်တိုဘာ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆွီဒင်နိုင်ငံ SKL International တို့ပူးပေါင်း၍ Swedish international Development Cooperation Agency(SIDA) မှ နည်းပညာအထောက်အပံ့ဖြင့် Symbio City Capacity Development Project မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ထားဝယ်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဦးစီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ Ms. Ohisson Heiena Urban Specialist, SKL International က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Mr. Marts Jarnhamma, Urban Specialist, SKl International က Symbio City နှင့်ပတ်သက်၍ တင်ပြမည့်အစီအစဉ်များကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

သင်တန်းကို မြန်မာနိုင်ငံလက်ရှိအခြေအနေတွင် အရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်ပြီး မူဝါဒပံ့ပိုးမှုများအတွက် လိုအပ်ချက်ဖြစ်နေသည့် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးရေး၏ အရေးပါမှုကို ပိုမိုသိရှိနားလည်လာစေခြင်း၊ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း၊ နေရာအခင်းအကျင်း၊ မြေယာအသုံးချမှုစီမံကိန်းရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးလုပ်ငန်းသတ်မှတ်ခြင်းတို့ကို အလေးထားလျက် မြို့ပြစီမံကိန်းရေးဆွဲခြင်းအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊ စီမံကိန်းရေးဆွဲဖော်ထုတ်မှု အကျိုးသက်ရောက်မှုဆန်းစစ်လေ့လာခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် အကောင်အထည်ဖော်ခြင်း စသည်တို့ဖြင့် မြို့ပြဖွံ့ဖြိုးရေးအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊ အခြေခံဝန်ဆောင်မှုများဖြည့်ဆည်းပေးခြင်းနှင့် ထိန်းသိမ်းပေးခြင်း၊ အဆောက်အအုံဆောက်လုပ်မှုထိန်းချုပ်ခြင်း၊ ယာဉ်လမ်းကြောင်းစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခြင်း စသည်တို့ဖြင့် မြို့ပြစီမံခန့်ခွဲမှုအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊ မြို့ပြဆိုင်ရာအသိပညာဗဟုသုတနှင့် စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ရေရှည်ပံ့ပိုးပေးမှုကို သေချာမှုရှိစေခြင်းတို့အတွက် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသားများတက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိဖြစ်ကြောင်း သိရသည်။




**ဖိုးရွှေသွန်း(ထားဝယ်)**

KKH TAW WIN CENTRE

# တော်ဝင်စင်တာဝါကျွတ်အထူးဈေးရောင်းပွဲတော် ( ၂၈၊ ၂၉၊ ၃၀၊ ၃၁.၁၀.၂၀၁၇ )

တော်ဝင်စင်တာ အထူးဈေးရောင်းပွဲတော်၌ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး ကို
ဆိုင်ခန်းများ ဖွင့်လှစ်၍ တော်ဝင်စင်တာမျက်နှာစာရှေ့(ကားပါကင်) တွင်ရောင်းချမည်။
ဈေးရောင်းပွဲတော်ကို (၄)ရက်တိုင်တိုင် စိတ်ဝင်စားစရာအစီအစဉ်များနှင့်အတူ ကျင်းပ ပြုလုပ်မည်ဖြစ်၍
ဈေးဝယ်လာရင်း စိတ်အပန်းဖြေ ပျော်ရွှင်စွာ လည်ပတ်နိုင်ပါရန် ချစ်မိတ်ဆွေများကို သတင်းကောင်းလေး ပါးအပ်ပါသည်။

ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ(၂၅၁၀.၂၀၁၇) ထိ စာရင်းပေးသွင်းနိုင်ပါသည်။
စုံစမ်းသိရှိလိုပါက အမှတ် (၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း– ၀၉ ၄၅၅ ၅၅၈ ၄၁၅ ၊ ၀၁ ၈၆၀ ၀၁၁၁ –လိုင်းခွဲ – ၂၂၂၂ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

PUN HLAING SILOAM HOSPITALS

# ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့်
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ....

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

အောက်တိုဘာလ ( ၂၀ ) ရက်နေ့မှ ( ၂၂ ) ရက်နေ့အထိ



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉ / မန္တလေး (၀၉) ၄၃၂ ၀၇၇ ၈၁

www.punhlaingsiloamhospitals.com

Let's Build Together !




SALES HOTLINE
09 770 770 770

TECHNICAL HOTLINE
09 960 960 560

## မက်စ်ဘိလပ်မြေတိုက်ရိုက်ဝယ်ယူရရှိနိုင်သော နေရာများ

လိပ်စာ (၁)
အမှတ် ၅၂၈၊ ရာကျော်လမ်း၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်ဈေးအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

လိပ်စာ (၂)
ပျဉ်းမနား - တောင်ညိုလမ်း၊ စည်ပင်ဒေညွှ့ရိပ်သာရှေ့၊ ရွှေကြာပင်ရပ်ကွက်၊ နေပြည်တော်မြို့။

လိပ်စာ (၃)
တောင်ဖီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်မြို့။

## ဦးစိုးမြင့်

**B.E (Petroleum) (1967 Batch)**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၆၁၆နေ (ဦးကာလီ-ဒေါ်စက်ကြိမ်)တို့၏သား၊ (ဦးတွာပ-ဒေါ်ဝက်)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရီလှ၏မောင်၊ ဒေါ်ခင်ဝင်းကြည်၏အစ်ကို၊ ဒေါ်ခိုင်ခိုင်စိုး(ကထိက၊ သချာ်၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်လဲ့လဲ့စိုး(ဒု-ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ၊ ငွေစာရင်းဦးစီးဌာန)၊ ဒေါ်ဆင့်ဆင့်စိုး(လ/ထ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ၊ ငွေစာရင်းဦးစီးဌာန)၊ ဒေါ်ဖြူဖြူစိုး(ညွှန်ကြားရေးမှူး၊ ငွေတိုက်ဦးစီးဌာန)၊ ဒေါက်တာဥမ္မာစိုး(ကထိက၊ ရူပဗေဒဌာန၊ ဟသ်ာတ တက္ကသိုလ်)၊ ဦးထွန်းမင်းလွင်(ခေတ္တ-စင်ကာပူ)-ဒေါ်စုစုစိုး(လ/ထ ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)၊ ဒေါက်တာပပစိုး(ကထိက၊ ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ မပန်းချယ်ရီသင်း၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့်
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၅)ရပ်ကွက်၊ အမှတ် ၆၁၆နေ ဒေါ်စုစုစိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန)၏ဖခင်ကြီး ဦးစိုးမြင့်သည် ၁၀-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့်
**အသက်(၇၉)နှစ်**

ဒေါ်ဖြူဖြူစိုး (ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန)၏ဖခင်ဖြစ်သူ ဦးစိုးမြင့် အသက်(၇၉)နှစ်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**ငွေတိုက်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းအေး
**(သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာ)**
**အသက်(၅၆)နှစ်**

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အမှတ်(၉၆)သစ်စက်၊ မန်နေဂျာ၊ စက်ရုံမှူး ဦးထွန်းသိန်း၏ဇနီး ဒေါ်သန်းသန်းအေးသည် ၁၀-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရောင်း/စက်ဌာနမှူးနှင့် ဝန်ထမ်းများ**
**မကွေးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်နွယ် (ပ/၃၉၉၆)
**(ဖေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး)**
**အသက်(၅၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့၊ မာလကာခြံရပ်ကွက်၊ (၈၇×၄၁)လမ်းနေ ဒေါ်အေးအေးသင်း၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဖေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်(ပ/၃၉၉၆) အသက်(၅၃)နှစ်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)တွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ (သူငယ်ချင်း-ကောင်းရာဘုံဘဝသို့ရောက်ရှိပါစေ။)

**အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/တိုးချဲ့၊ မြေကွက်အမှတ် ၉၉၊ မြေကွက်တည်နေရာအမှတ် ၉၉၊ ရတနာလမ်းသွယ်(၃)လမ်း၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးပင့်ကို AA-၁၁၀၈၉၀၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးပင့်ကို(ကွယ်လွန်)သဖြင့် သမီးဖြစ်သူ ရင်ငြိမ်းလှု ၁/မကန(နိုင်)၀၈၄၂၂၀မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားမအထွေထွေမှုအမှတ်-၂၁/၂၀၁၆ ဖြင့် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၉အရ သေတမ်းစာ အတည်ပြုချက်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားခဲ့ပြီး(၃၁-၃-၁၆)ရက်တွင် သေတမ်းစာအတည်ပြုချက်လက်မှတ်ထုတ်ပေးရန် အမိန့်စာရရှိခဲ့သဖြင့် ၎င်းလက်မှတ်စာ၊ ဂရန်မူရင်း၊ (၂၁-၇-၁၄)ရက်စွဲပါ ဦးပင့်ကို၏ သေတမ်းစာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းစစ်ဆေးချက် လျှောက်လွှာတွင် သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ရင်ငြိမ်းလှု၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

## ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ညွန့် အသက်(၈၅)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နေ (ဦးချစ်တင်-ဒေါ်သုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/ဒီ)ရပ်ကွက်၊ အမှတ် ၁၀၇၂၊ ကျွန်းရွှေမြိုင် ၇လမ်းနေ (ဦးဘရှိန်)၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်ခင်ခင်ညွန့်တို့၏အစ်မ၊ (ဦးလှမြင့်-ဒေါ်ခင်မာဝင်း၊ ဦးမောင်မောင်-ဒေါ်ခင်မာအေး၊ ဦးမြသန်း-ဒေါ်ခင်မာသန်း၊ ဦးအောင်နိုင်-ဒေါ်ခင်ခင်ဦး၊ ဦးတင်ထွန်း-ဒေါ်ခင်မာသီ၊ ဦးအောင်ဆင့်-ဒေါ်ခင်မာချိုတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၁၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာကြီးဦးအောင်ရှိန်း (မြစ်ကြီးနားမြို့)
**(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)**
**အသက်(၈၁)နှစ်**

ယခင် ဝိုင်းမော်မြို့သူကြီးဟောင်း(ဦးတင်-ဒေါ်လင့်)တို့၏သား၊ ပြည်မြို့နေ ဦးချိန်စွမ်း-ဒေါ်မီမီရှိန်း(အထက-၁၊ ပြည်)၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၇၉နေ ဒေါ်ကေသီရှိန်း၊ ဒေါ်ကေသွယ်ရှိန်း(သူနာပြုဆရာမကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ (ကိုဝင်းကျော်သူ)၊ ကိုအောင်နိုင်သူ(Hto Petroleum)၊ ဦးဇော်ဆမ်-ဒေါ်ခင်နှင်းဝေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊(ဆရာမကြီး ဒေါ်လထော်ဂျာအိန်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၀-၂၀၁၇ရက် နံနက် ၄နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်းဗုဒ္ဓဘာသာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဂျဲသန်းချစ်
**(တောကြီး၊ ကညင်ပင်စု၊ ကျုံပျော်မြို့နယ်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၄၁၃နေ (ဒေါက်တာမန်းမိုးကျော်)၏ဇနီး၊ စမိုးမြင့်နိုင်-ဒေါ်မင်းမင်းထွန်း၊ စမိုးညွန့်နိုင်-နော်မူးလာသော၊ စမိုးမော်၊ စဇော်လွှမ်းမိုး၊ နန့်ခင်သန်းစိန်တို့၏မိခင်၊ နန့်အေးမြင့်မြတ်မိုး၊ နန့်ခင်မြင့်မြတ်ငွေ၊ နန့်ချောရတီစံ၊ မောင်ဘုန်းမင်းသန့်၊ Glory Moses တို့၏အဘွားသည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ည ၁၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအုံ့ခိုင် (အလပြ၊ ငြိမ်း)
**အသက်(၇၉)နှစ်**

ဂန့်ဂေါမြို့၊ မြို့မရပ်တောင်ပိုင်း၊ မြစ်ရှောင်လမ်းနေ ဒေါ်မြရန်၏ချစ်လှစွာသောခင်ပွန်း၊ ပခုက္ကူမြို့၊ (၁၁)ရပ်ကွက်၊ ၁၇လမ်းနေ ဦးလှအေးကျော်(စိန်စန်းကုန်မာစတိုး)-ဒေါ်တင်မာကြည်(အထက-၁၊ ပခုက္ကူမြို့)၊ ဂန့်ဂေါမြို့၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဝင်းနေ ဦးကိုကိုနိုင်(ဦးစီးအရာရှိ)-ဒေါ်မြတ်ကေခိုင်ဝင်း၊ ဂန့်ဂေါမြို့၊ မြို့မရပ်၊ မြစ်ရှောင်လမ်းနေ ဦးညီညီနိုင်-ဒေါ်ချမ်းမြစိုး(ငွေနန်းတော်စတိုး)တို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်မှ စည်ပင်သာယာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဟာဖွဇ်အဗ္ဗဒုရ်ရှရှစ်(ခ)ဦးလှရွှေ (ကိုင်ရှိ)

**Embassy of Indonesia-Malaysia-Brunei**
**(IISY Indonesia International School Yangon Religion & Arabic Language Teacher)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ ကိုင်ရှိအပ်ချုပ်ဆိုင်ပိုင်ရှင် (ဦးမဂျစ်-ဒေါ်စဖီယာဘီ)တို့၏သား၊ ရန်ကုန်မြို့နေ မီယန်းအပ်ချုပ်ဆိုင်ပိုင်ရှင်(MH ရရှစ်-ဒေါ်မာဝါဘီ)တို့၏သားသမက်၊ (ဦးသန်းရွှေ)၊ (ဦးကျော်မြင့်)၊ ဒေါ်ချိုချို၊ ဦးရွှေကြည်၊ (ဒေါ်နု)၊ ဒေါ်သန်းသန်းနု၊ ဒေါ်တင်တင်အေး၊ (ဦးအောင်နိုင်ဦး)၊ ဦးညီညီ၊ ဦးအောင်ထွေးတို့၏အစ်ကို၊ မောင်မျိုးမင်းဦး-မဝင်းဝင်းမြင့်၊ မောင်ဇော်မင်းဦး-မမိုးစန္ဒီမောင်၊ မစံပယ်ဦး-မောင်မိုးအောင်၊ မသန်းသန်းဌေး-မောင်ဌေးအောင်၊ မောင်တင်မိုးဟိန်း-မဇင်သီသီထွန်း၊ မသီတာအေး-မောင်ခင်မောင်ဝင်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ချို၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ် ၉ (ငါးလွှာ)နေ ဟာဂျီဟာဖွဇ်အဗ္ဗဒုရ်ရှရှစ်(ခ)ဦးလှရွှေသည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ဇိုဟိုရ်နမာဇ်အပြီး သန်လျင် ဒါရ်ဝါကဘာစတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄ ကံဘဲ့)၊ မြေကွက်အမှတ် ၁၅၊ မြေကွက်တည်နေရာအမှတ် ၁၀၁၊ ရွာမလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်ခင်ညွန့်)အမည်ပေါက် မြေပိုင်မြေ လ/န-၃(ခ) ရပြီးမြေအား အမည်ပေါက် ဒေါ်ခင်ညွန့်မှာ ၇-၁၂-၂၀၁၃ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမြင့်တင်မှာ ၁၆-၁၀-၂၀၀၈ရက်တွင်လည်းကောင်း၊ သားသမီးသုံးဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်အုန်းမြင့်မှာ မြေအမည်ပေါက်မိခင်ထက်စော၍ ၁၀-၇-၂၀၁၀ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးအရင်း နှစ်ဦးဖြစ်သော ဒေါ်ခင်အုန်းတင့် ၁၂/မရက(နိုင်)၁၀၂၉၃၅၊ ဦးတင်ထွဋ်(ခ)ဦးနေလင်းအောင် ၁၂/မရက(နိုင်)၀၇၆၁၃၇၊ အမွေမမီမြေးဖြစ်သူ ဒေါ်ဆုအိန္ဒြာမိုးမြင့် ၁၂/မရက(နိုင်)၁၅၈၈၀၈တို့မှ သားသမီးနှင့်မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အပြီးပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ် ၃၀၀၇/၁၉၉၉ ၂၇-၁၂-၁၉၉၉တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အေးတင် (မအူပင်)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာလမ်း၊ အမှတ် ၆၄၀နေ (ဦးဘိုးအော)၏ဇနီး၊ (ဦးအေးလွင်)-ဒေါ်ခင်ဝင်း (လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၊ (ဦးနန်းချို)-ဒေါ်အေးအေးမြင့်(စက်မှုသီးနှံ၊ ငြိမ်း)၊(ဦးထင်ကျော်)-ဒေါ်ညွန့်ညွန့်သန်း(စက်မှုသီးနှံ၊ ငြိမ်း)၊ ဦးစိုးမင်း - ဒေါ်တင်တင်မြတို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ် ခြောက်ယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၇ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခန့်သက်ရှည်(ခ)
## ဒေါ်ညွန့်ရွှေ(ခ)ဒေါ်ရင်ရွှေ
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၀၅/၈နေ (ဦးရင်ကြီး-ဒေါ်အေး)တို့၏သမီး၊ ဦးဘိုညာ-ဒေါ်မိုးခင်တို့၏သမီးချွေးမ၊ (ဦးစိုးသွင်)၏ချစ်လှစွာသောဇနီး၊ ဦးဖေအောင်-ဒေါ်မြင့်မြင့်ရီ (သူနာပြုဆရာမကြီး၊ ပါရဂူဆေးရုံ)၊ (ဦးဌေးဝင်း)-ဒေါ်မူမူ၊ ဦးဇော်ထွန်း-ဒေါ်ဝင်းမာ၊ ဦးစိုးညွန့်-ဒေါ်သိန်းသိန်းမြင့်၊ ရဲတပ်ကြပ်ကြီးအေးအေးသွင် (ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)၊ ဒုတိယရဲမှူးခင်မာသွင်(မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးဌေးအောင် - ဒေါ်တင်တင်ဆွေတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၇ရက် နံနက် ၁း၅၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁၀-၂၀၁၇ရက် နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းရီ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ အမှတ် ၁၀၆နေ ဦးအေးမြင့်(စား/ဖျော်၊ ငြိမ်း)၏ဇနီး၊ ဦးမြအောင်-ဒေါ်လှလှရွှေတို့၏အစ်မ၊ ဦးကျော်ရဲထွဋ်-ဒေါ်အမာတင်၊ ဦးသန်းထွန်းအောင် - ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးကျော်အောင်ထွဋ်)၊ ဦးကျော်ကျော်ထွဋ် - ဒေါ်အိရွှေရည်ထူးတို့၏ မိခင်၊ မောင်အောင်ခန့်မော်၊ မလင်းထက်ထက်ဦး၊ မောင်ဇေယျာထက်၊ မဖွေးဖြူဖြူကျော်၊ မမေထွဋ်ရီသော်၊ မောင်ကောင်းသုတတို့၏အဘွားသည်၁၀-၁၀-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှစိုး
**ပြည်တွင်းရေကြောင်း**
**ပို့ဆောင်ရေး(ငြိမ်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၇လမ်း၊ အမှတ် ၁၉၆နေ (ဦးသိန်းနု-ဒေါ်သန်း)တို့၏သား၊ (ဦးမြမောင်-ဒေါ်ကျင်)တို့၏ သားသမက်၊ ဦးလှဝေ - ဒေါ်ခင်ခင်သိန်းတို့၏ ညီ၊ ဒေါ်တင်တင်ဝေ၏ခင်ပွန်း၊ ကိုလှဌေး-မစပွာယ်၊ ကိုလှထွဋ်၊ ကိုထွန်းအောင်ကျော်တို့၏ဖခင်၊ မောင်မင်းဝေယံအောင်၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှ
**အသက်(၈၀)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေး၏ဖခင်ကြီး ဦးတင်လှသည် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဝန်ကြီးရုံး(ယဉ်ကျေးမှု)ဝန်ထမ်းမိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမွန် အသက်(၇၉)နှစ်
**(တက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်အောင်ခန့်၊ အမျိုးသားစာပေ တစ်သက်တာစာပေဆုရှင်၊ ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုရှင်၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ် ၃၅(B)၊ မြေညီထပ်နေ(ဦးအောင်သန်းခင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးဘဖေ-ဒေါ်မိမိ)တို့၏သားသမက်၊ (ဒေါ်စန်းလွင်၊ အထပြ၊ ငြိမ်း၊ အထက-၁၊ စမ်းချောင်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်မွန်)၊ ဦးသက်မွန်(ခေတ္တ-စင်ကာပူ)-ဒေါ်လဲ့ကေသီ(ကထိက၊ မနုဿဗေဒဌာန၊ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းနိုင်ဦး-ဒေါက်တာလွင်လွင်မွန်(ပါမောက္ခ၊ မနုဿဗေဒဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေး)၊ ဦးရဲမွန်-ဒေါ်သူဇာမြင့်၊ ဦးထွန်းလွင်မွန်(ခေတ္တ-USA)တို့၏ချစ်လှစွာသောဖခင်၊ မယဉ်မြတ်မွန်(SMBC)၊ မချောမဒီနိုင်၊ မောင်မြတ်ကျော်ကောင်း၊ မောင်ဝင်းမြတ်၊ မသစ်သစ်စံ၊မောင်ကောင်းကြည်စင်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမြင့် အသက်(၇၈)နှစ်
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ O.T.S (36)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စ.စ.စ**

ရန်ကုန်မြို့နေ(ဦးချစ်-ဒေါ်နှင်းရီ)တို့၏သား၊ ဗိုလ်မှူးချုပ်အေးစန်(ငြိမ်း)-ဒေါ်ခင်ခင်တို့၏သားသမက်၊(ဦးထွန်းရီ)-ဒေါ်စိန်မြင့်တို့၏မောင်၊ ဦးထွန်းအောင်ကျော်-(ဒေါ်မြဝင်း)၊ ဦးကြည်ညွန့်-(ဒေါ်ငွေစိန်)၊ ဦးသိန်းအောင်-(ဒေါ်တင်တင်လှ)၊ ဦးကျော်ဆန်း-ဒေါ်တင်ရွှေ(ဦးတင်မောင်ဘုန်း)-ဒေါ်ကြူကြူတို့၏အစ်ကို၊ (ဒေါ်တင်တင်သန်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ လုံးချင်း၊ အမှတ် (B1)နေ ဦးကြည်လင်းထက်-ဒေါ်မြင့်သီတာအေး၊ ဦးဝင်းကျော်အေး-ဒေါ်ဇင်ချိုသဲတို့၏ဖခင်၊ မောင်ပိုင်မှူးခန့်-မလဝန်းတို့၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဦးသိန်း
**(AE, ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း)**
**အသက်(၇၈)နှစ်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၄) မြတ်ရတနာလမ်း၊ အမှတ် ၄၁နေ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ဒေါ်စန်းရီ၏မောင်၊ ဦးတင်ရွှေ၊ ဒေါ်နီနီသိန်း၊ ဒေါ်ဖြူဖြူသိန်း၊ ဦးတင်မောင်ဝင်း၊ ဦးမြင့်စိုး၊ ဒေါ်သီသီအေးတို့၏အစ်ကို၊ ဦးခင်အောင်-ဒေါ်အေးဝင်းသိန်း၊ ဦးဟန်ထွန်းဦး၊ ဦးအောင်သန်းဦး၊ (ဦးလှမင်းဦး)၊ (ဦးသန်းဌေးဦး)တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကိုကိုလေး
**စာရင်းစစ်မှူး(ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ၁၆၆လမ်း၊ အမှတ် ၉နေ (ဦးစိန်တင်-ဒေါ်တင်ရီ)တို့၏သား၊ ၁၆၄လမ်း၊ အမှတ် ၄၂နေ (ဦးစိန်ဝင်း)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၂၅နေ ဒေါ်မော်လီဝင်း(ခ)ဒေါ်သန်းရင်၏ခင်ပွန်း၊ (ဦးမောင်မောင်ကြီး-ဒေါ်ညိုညိုထွန်း)တို့၏ညီ၊ ဦးတင်ထွန်း၊ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ချို၊ ဒေါ်တင်တင်လတ်၊ ဦးသိန်းဆွေ-ဒေါ်သင်းသင်းလတ်တို့၏အစ်ကို၊ ကိုကျော်မိုးဝင်း-မကေသီတာနွယ်တို့၏ဖခင်၊ ဦးမိုးလှိုင်ဝင်း-ဒေါ်မေသန်းနွယ်၊ ဦးတင်ကိုကိုမြင့်-ဒေါ်မေသက်လွင်၊ မလတ်ဖြိုးဖြိုးအိ၊ မောင်ဖြိုးဝေလတ်၊ မောင်အောင်ကိုကို၊ မောင်နန္ဒကျော်၊ မောင်ဟိန်းဇော်ဆွေတို့၏ဘကြီး၊ မဂျူးသက်ထားစံ၏ အဘိုးသည် ၁၀-၁၀-၂၀၁၇ရက် ည ၇း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (၁၆၆လမ်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်နော်မီမီချွန်၏ခင်ပွန်း၊ နော်အယ်ကညောဖေနှင့် နော်အယ်ရူးဖေတို့၏ဖခင် ဦးစောဝယ်လင်တန် အသက်(၅၂)နှစ်သည် ၁၀-၁၀-၂၀၁၇ရက် မွန်းလွဲ ၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်း၊ ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

# ထိုင်းနိုင်ငံ အုန်းသီးစက်ရုံမှ အလုပ်ဖြုတ်ခံရသည့် မြန်မာလုပ်သား ၅၀ ကျော် အခက်အခဲများဖြစ်ပေါ်



**ကျော်စိုး(ကော့သောင်း)**

**ဗန်ကောက် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံ စမွတ်ပါကန်မြို့နယ် အုန်းသီးအလုပ်ရုံမှ အလုပ်ဖြုတ်လိုက်သည်ဟုဆိုကာ MoU မြန်မာအလုပ်သမား ၅၀ ကျော် အခက်အခဲများဖြစ်ပေါ်၍ ယမန်နေ့က ဗန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့တွင် အထုပ်အပိုးများဖြင့် လာရောက်အကူအညီတောင်းခံခဲ့ကြကြောင်း ထိုင်းနိုင်ငံမှ လာသည့်သတင်းများအရ သိရသည်။ (ဝဲပုံ)

အဆိုပါအလုပ်သမားများအား မြန်မာနိုင်ငံမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၌ ထိုင်းလူမျိုး တစ်ဆင့်ခံပွဲစားများနှင့် မြန်မာလူမျိုး တစ်ဆင့်ခံပွဲစားများလက်အတွင်းသို့ လွှဲအပ်လိုက်သည့်အတွက် အလုပ်မရှိ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း အလုပ်သမားများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါ အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မြန်မာအလုပ်သမားများအား

*စာမျက်နှာ ၅ ကော်လံ ၅* ✻


**ဘာသာပေါင်းစုံဆုတောင်းပွဲတွေလုပ်ခြင်းဖြင့် အတူယှဉ်တွဲ နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်နဲ့ အေးချမ်းမှုရမယ်** စာ - ၈

**ဘိုကလေးကျေးရွာတွင် ပြောင်ချိုများ ဖမ်းဆီးရမိ** စာ - ၁၂

**ယီမင်စစ်ပွဲနောက်ကွယ်မှ အဓိကထိခိုက်ခံစားနေရသူများ** စာ - ၁၅


## ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် အောက်တိုဘာ ၁၁**

ထိုင်းဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ (M-150 Cup 2017) တွင် မြန်မာ ယူ-၂၃ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းအား မကြာမီဖွဲ့စည်းကာ ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင်ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (ခ) တွင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အာရှဇုန်နှင့် အာဆီယံဇုန်ဟူ၍ ခွဲခြားထားပြီး ထိပ်ဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် ဒုတိယနေရာရအသင်းများမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်အသင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ✪



(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း တွေ့ဆုံခဲ့စဉ်